၁၉၉၅ ခု အောက်တိုဘာလမှစတင်၍
အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

*Published by Voice of Burma Information Group* *Issue No. 693 JANUARY 18, 2009*

**1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN**
**Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , voburma@ac.auone-net.jp**

## အရှေ့တီမောက နအဖစစ်အုပ်စုအပေါ် နိုင်ငံတကာပြစ်ဒဏ်ခတ်မှုကိုဆန့်ကျင်

**VOB ၊ ဂျန်နဝါရီ ၁၁ ။** ။ အမေရိကန်နဲ့ အီးယူ အနေနဲ့ မြန်မာနိုင်ငံအပေါ် စီးပွားရေးပြစ်ဒဏ်ခတ် အရေးယူထားတဲ့သူတို့ရဲ့ပေါ်လစီကို ပြန်ပြီးသုံးသပ်သင့်တယ်လို့ အရှေ့တီမောသမတ ဟိုဆေးရားမို့စ်ဟော်တာက ပြောဆိုလိုက်ပါတယ်။

ထိုင်းနိုင်ငံဘန်ကောက်မှာပြုလုပ်တဲ့ နိုင်ငံတကာငြိမ်းချမ်းရေးဖောင်ဒေးရှင်းရဲ့ ဆွေးနွေးပွဲတခုမှာ အခုလိုပြောဆိုလိုက်တာပါ။ ခေါင်းဆောင်တွေ အသုံးမကျလို့ ပြည်သူတွေစုပေါင်းခံရတဲ့ အပြစ်ပေးတာမျိုးကို မလုပ်သင့်ပါဘူး လို့ သူကဆိုပါတယ်။

၁၉၈၈ ခုနှစ်မှာ ဒီမိုကရေစီရေးဆန္ဒပြသူတွေကို နှိပ်ကွပ်ခဲ့လို့ ကမ္ဘာ့ဘဏ်၊ အိုင်အမ်အက်ဖ်၊ အေဒီဘီ၊ အမေရိကန်၊ အီးယူတို့က ငွေမချေးတော့ပဲ မြန်မာစစ်အာဏာပိုင်တွေကို ပြစ်ဒဏ်ခတ်ထားပါတယ်။

မစ္စတာဟော်တာဟာ ၂၀၀၅ ခုနှစ်မှာ မြန်မာပြည်ကိုသွားရောက်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံအားပေးခဲ့ပါတယ်။ မနေ့ကတော့ မြန်မာပြည်ရဲ့နှောင့်နှေးကြန့်ကြာနေတဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးမှာ စစ်တပ်ကိုပါဝင်မှုပေးရန်လိုတယ်လို့ ဆိုပါတယ်။ ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားတို့မှာ စစ်တပ်ရဲ့ပါဝင်တာကိုထောက်ပြပြီး လူ့အဖွဲ့အစည်းရဲ့တစိတ်တပိုင်းဖြစ်တယ်လို့ ပြောဆိုခဲ့ပါတယ်။

လမ်းပြမြေပုံရဲ့အဆုံးမှာ စစ်တပ်ဟာ သူ ထိန်းသိမ်းစောင့်ရှောက်ရမယ့်လုပ်ငန်းကိစ္စကို သူတို့ရှာဖွေတွေ့ရှိသွားပါလိမ့်မယ်၊ သူတို့ကိုမက်လုံးပေးရမယ်လို့ ဆိုပါတယ်။

နအဖရဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေထဲမှာ စစ်တပ်ကို နိုင်ငံရေးမှာဦးဆောင်အခန်းကပေးထားတဲ့ မက်လုံးပေးထားပါတယ်။ ဒါပေမဲ့လည်း စစ်တပ်ဟာ နိုင်ငံရေးလောကထဲကနေ ထွက်ခွာမယ့်အစီအစဉ်လည်းမရှိပါဘူး။ မစ္စတာဟော်တာ ဥပမာပေးခဲ့တဲ့ ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားတို့မှာ စစ်တပ်ဟာ နိုင်ငံရေးလောကမှာ ဦးဆောင်ခန်းမယူသလို နိုင်ငံရေးလောကကနေထွက်ခွာသွားပြီဖြစ်ပါတယ်။

သူက စစ်တပ်ရဲ့ထောက်ခံပံ့ပိုးမှုမရှိပဲနဲ့ အရပ်သားနိုင်ငံရေးခေါင်းဆောင်တွေ မရပ်တည်နိုင်ဘူးလို့ ဆိုပါတယ်။

## ဦးဝင်းတင်ပြောစကားကို မှားယွင်းစွာသတင်းရေးမိကြောင်း ရန်ကုန်ရှိ ဒီပီအေသတင်းထောက်ဝန်ခံ

**NEJ ၊ ဂျန်နဝါရီ ၁၁ ။** ။ အဲန်အဲလ်ဒီပါတီ ဗဟိုအလုပ်အမှုဆောင် ဦးဝင်းတင်အား အင်တာဗျူးပြီး ရေးသားခဲ့သည်ဆိုသော ဒီပီအေ သတင်းပါ ရေးသားချက်များ မှန်ကန်မှုမရှိကြောင်း ဦးဝင်းတင်က မြန်မာနိုင်ငံနိုင်ငံခြားသတင်းထောက်များအသင်းသို့ တိုင်ကြားခဲ့သည်။ အဆိုပါအမှုကို ဇန်နဝါရီလ ၈ ရက်နေ့တွင် ယင်းအသင်းရုံး၌ ရန်ကုန်ဒီပီအေ သတင်းထောက်ကို စုံစမ်းမေးမြန်းခဲ့ရာ မှားယွင်းသတင်းရေးမိကြောင်း သတင်းထောက် ကိုကို (စက်မှုတက္ကသိုလ်)က ဝန်ခံသွားသည်။

ယင်းအသင်း၏စုံစမ်းမေးမြန်းမှုများကို ဦးဝင်းတင်ထံ ပေးပို့ခဲ့ပြီး အသင်းအနေဖြင့် အသင်း၏ အခြေခံစည်းမျဉ်းအတိုင်း ဆောင်ရွက်ရသည်ဖြစ်ရာ ဤမျှအထိသာ ဆောင်ရွက်ခွင့်ရှိပါကြောင်း၊ ဤမျှဖြင့်ကျေနပ်မှုမရှိပါက အခြားကြိုက်ရာနည်းလမ်းဖြင့် ဆောင်ရွက်နိုင်ကြောင်းလည်း ထည့်သွင်းဖော်ပြခဲ့သည်။

စုံစမ်းမေးမြန်းမှုများကို အသင်းနာယက ဦးလှထွေးကပြုလုပ်ခဲ့ရာ ဒီပီအေသတင်းထောက် ကိုကို(စက်မှုတက္ကသိုလ်) က ယင်းသတင်းရေးသူ မှာ ၎င်းကိုယ်တိုင်ဖြစ်ပြီး ဦးဝင်းတင်ထံ တယ်လီဖုန်း ဖြင့် ဆက်သွယ်မေးမြန်းသူမှာ မိမိ၏လက်ထောက် ဒေါ်ဆင့်ဆင့်အောင်ဖြစ်သည်ဟု ဝန်ခံပြောဆိုခဲ့ကြောင်း အကြောင်းပြန်ကြားစာတွင်ဖော်ပြထားသည်။

ယင်းသို့ဝန်ခံခဲ့ရာ အသင်းနာယက က ဦးဝင်းတင်အနေဖြင့် လာမည့်ရွေးကောက်ပွဲတွင် အဲန်အဲလ်ဒီပါတီတွင်းမှ ပါဝင်ယှဉ်ပြိုင်လိုသူအချို့ရှိပြီး၊ အချို့မှာ ပါဝင်ယှဉ်ပြိုင်လိုခြင်းမရှိဟု ပြောကြားခဲ့ခြင်း မရှိ မရှိနှင့် ထိုသို့ပြောသည်ရှိသော် မည်သည့်အထောက်အထားရှိ မရှိ တိတိကျကျပြောရန် ဒေါ်ဆင့်ဆင့်အောင်အားစစ်ဆေးမေးမြန်းခဲ့သည်။

**စာမျက်နှာ ၁၃ သို့**

ဦးဇော်ဇော်နှင့် ဒဂုံဦးဝင်းအောင် ကို အမေရိကန်က စီးပွားရေးဒဏ်ခတ် **စာမျက်နှာ ၂**

ထိုင်းဝန်ကြီးချုပ်က မြန်မာနိုင်ငံ အပြောင်းအလဲကို လိုလားဟု ပြောဆို **စာမျက်နှာ ၃**

ဘဲွ့ တံဆိပ်လျှောက်သည့် သံဃာနည်းပါး ဓမ္မကထိကများအား လိမ်လျှောက်ခိုင်း **စာမျက်နှာ ၁၁**

စားသောက်ကုန်စျေးနှုန်း ကျဆင်းပေးမယ့် ပြည်သူများ မဝယ်နိုင် **စာမျက်နှာ ၁၄**

ဗိုလ်ချုပ်ခင်ညွန့် ဆောက်သည့် မင်္ဂလာဒုံအဝင် မုခ်ဦး ဗိုလ်ချုပ်မှူးကြီး သန်းရွှေဖြိုချ **စာမျက်နှာ ၁၇**

VOB အာဘော်

# ပြစ်ဒဏ်ခတ်မလား ဆက်ဆံမလား

မြန်မာစစ်အာဏာပိုင်များက ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ရန် နှောင့်နှေးနေခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများနေခြင်းစသည့်အကြောင်းများကြောင့် အမေရိကန်ပြည်ထောင်စုနှင့် အီးယူအပါအဝင် အနောက်နိုင်ငံများက စီးပွားရေးပြစ်ဒဏ်ခတ်အရေးယူမှုများ၊ အာဏာရှင်များ၊ ၎င်းတို့၏အပေါင်းအပါများ၊ ၎င်းတို့ကို အထောက်အပံ့ပြုနေသူများအား ပစ်မှတ်ထားသောပြစ်ဒဏ်ခတ်အရေးယူမှုများကိုပြုလုပ်ကြသည်။ ဤသို့လုပ်ခြင်းကြောင့် ဆင်းရဲမွဲတေလှသောမြန်မာနိုင်ငံတွင် စီးပွားရေးတိုးတက်မှုရစေရန်လုပ်ဆောင်နိုင်သည့်အနေအထားမရှိသည့် အတွက် ပြည်သူများထိခိုက်နစ်နာသည်။ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက်အထောက်အကူပြုမည်မဟုတ်။ ထို့ကြောင့် ပြစ်ဒဏ်ခတ်အရေးယူမှုများကို ရုပ်သိမ်းရန် ပြစ်ဒဏ်ခတ်အရေးယူမှုကိုဆန့်ကျင်ကြသည့် နိုင်ငံခေါင်းဆောင်တချို့နှင့်ပညာရှင်တချို့က ဆိုလေ့ရှိသည်။

မြန်မာစစ်အာဏာပိုင်များနှင့် ထိတွေ့ဆက်ဆံမှုများပြု နိုင်ငံတကာအသိုင်းအဝိုင်းအတွင်းခေါ်သွင်းပြီး ဖြစ်ပျက်ပြောင်းလဲနေမှုများကို ကိုယ်တိုင်မြင်တွေ့ကြုံပြီး ပြောင်းလဲမှုများကို ပြုလုပ်လာစေရေးအတွက် နားချခြင်းအားဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဖြစ်ထွန်းလာမည်ဟု အချို့ကယုံကြည်ကာ ဆက်ဆံနေကြသည်။ ထိုသူများသည်လည်း အထင်နှင့်အမြင်လွဲနေသည်ကို ဒိဋ္ဌမျက်မြင်တွေ့လာရသည့်အခါ မည်သို့လုပ်ရမည်ဆိုသည်ကို ပြတ်ပြတ်သားသားဆုံးဖြတ်ဖော်ဆောင်နိုင်ခြင်းမရှိကြပေ။

နအဖစစ်အာဏာရှင်များသည် ထိုကွဲလွဲနေသောချဉ်းကပ်မှုအပေါ် အမြတ်ထုတ်ကာ နှစ်ပေါင်း ၂၀ တိုင် အာဏာချုပ်ကိုင်နေခဲ့သည်။ သို့သော်လည်း နောက်ပိုင်းတွင် အနောက်နိုင်ငံများက စီးပွားရေးကူညီထောက်ပံ့မှုများမပေးပဲ အာဏာရှင်များကို တိုက်ရိုက်အကျိုးသက်ရောက်မှုရှိစေမည့် ပြစ်ဒဏ်ခတ်အရေးယူမှုများကိုပြုလုပ်လာသည်။ ဤလုပ်ဆောင်ချက်က ဆင်းရဲသားများကိုမထိခိုက်၊ အာဏာရှင်နှင့် ၎င်းတို့၏အပေါင်းအပါများကိုသာ ထိခိုက်လာသည့်အတွက် နအဖသည် ကုလသမဂ္ဂ၌ ပြစ်ဒဏ်ခတ်အရေးယူမှုများကိုဖယ်ရှားပေးရန် အတိအလင်းတောင်းဆိုသည်အထိ ဖြစ်လာသည်။

အဓိကကျသည်မှာ ပြစ်ဒဏ်ခတ်အရေးယူမှုများနှင့် ဆက်ဆံမှုများတို့အကြား မည်သို့သောဆက်နွယ်မှုများဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုကို ဒီမိုကရေစီအင်အားစုများနှင့် စစ်အာဏာရှင်များအကြား နားလည်မှုအပြည့်ဖြင့် ပူးပေါင်းလုပ်ဆောင်လာစေနိုင်မည်လဲဆိုသည့် ချဉ်းကပ်မှုအသစ်ကို ဖော်ဆောင်ရေးပင်ဖြစ်သည်။ ပြစ်ဒဏ်ခတ်အရေးယူမှုကိုဆန့်ကျင်သောသူများက ဤနည်းလမ်းသည် မြန်မာပြည်သူတွေဒုက္ခတွေ့သည် ဒီမိုကရေစီဖြစ်ထွန်းရေးကို အထောက်အကူမဖြစ်ဟုပြောနေရုံဖြင့် မြန်မာပြည်တွင်း၌ အကောင်းဘက်သို့ဦးတည်သည့်ပြောင်းလဲချက်ပေါ်ထွန်းလာမည်မဟုတ်ပေ။ အလားတူပင် ဆက်ဆံရေးချဉ်းကပ်မှုနည်းလမ်းသုံးစွဲနေသည့်သူများ၏လုပ်ဆောင်ချက်များကလည်း မြန်မာ့ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးမှတ်တမ်းတိုးတက်လာရေးကို အထောက်အကူဖြစ်လာစေခြင်းမရှိသေးကိုတွေ့နေရသည်။

ထို့ကြောင့် ယခုအချိန်တွင် မည်သူမှန်သည် မည်သူမှားသည်ဟု မည်သူကဖြင့် သုံးသပ်သင့်သည်၊ ပြုပြင်သင့်သည်ဟုဆိုမည့်အစား မတူညီသည့်ချဉ်းကပ်မှုသုံးနေသည့်ဘက်နှစ်ဘက်အကြား ဟန်ချက်ညီညီနှင့် ထိထိရောက်ရောက်ဆောင်ရွက်နိုင်မည့်ချဉ်းကပ်မှုအသစ်ဆောင်ရွက်နိုင်ရေးကို စဉ်းစားလုပ်ဆောင်ရန်သာရှိသည်ဟု ရေးသားလိုက်ရပေသည်။

---

# ဦးဇော်ဇော်နှင့် ဒဂုံဦးဝင်းအောင်ကို အမေရိကန်က စီးပွားရေးဒဏ်ခတ်

**NEJ ၊ ဇန်နဝါရီ ၁၆ ။** ။ မြန်မာစစ်အုပ်စုအား ငွေကြေးပံ့ပိုးပေးနေသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်နှစ်ဦးဖြစ်သည့် Max Myanmar ကုမ္ပဏီပိုင်ရှင် ဦးဇော်ဇော်နှင့် ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီပိုင်ရှင် ဦးဝင်းအောင်တို့အား စီးပွားရေးဒဏ်ခတ်ထားသူများစာရင်း SpeciallyDesignated Nationals တွင်ထည့်သွင်းကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာန နိုင်ငံခြားပိုင်ဆိုင်မှု ထိန်းချုပ်ရေးရုံးအဖွဲ့၌ ကြေညာလိုက်ပါတယ်။

မက်စ်မြန်မာ ဦးဇော်ဇော်သည် မြန်မာစစ်အုပ်စုအား ဆောက်လုပ်ရေးလုပ်ငန်းများဖြင့် အဓိက ပံ့ပိုးပေးခဲ့သူဖြစ်ပြီး ဒဂုံဦးဝင်းအောင်သည် စစ်အုပ်စုအား ငွေကြေးအမြောက်အမြားလှူဒါန်းခဲ့သည့်ပြင် ဆောက်လုပ်ရေးလုပ်ငန်းများဖြင့် စစ်အုပ်စုအား ကူညီခဲ့သူဖြစ်သည်ဟုလည်း ကြေညာချက်၌ ဖော်ပြထားပါတယ်။

Max Myanmar ဦးဇော်ဇော်နှင့် ဒဂုံဦးဝင်းအောင်တို့အား စီးပွားရေးဒဏ်ခတ်ရာ၌ Max Myanmar ဦးဇော်ဇော်ပိုင် Max Singapore Internation အပါအဝင် ကုမ္ပဏီ ၈ ခုနှင့် ဒဂုံဦးဝင်းအောင်ပိုင် Dagon Tnternational Limited နှင့် Dagon Timber Limited ကုမ္ပဏီ ၂ ခုတို့ပါဝင်ပါတယ်။

"မြန်မာစစ်အုပ်စုအနေနဲ့ ဒီမိုကရေစီရေးအတိုက်အခံများအပေါ် ဆက်လက်ဖိနှိပ်နေသမျှ ဒီစစ်အုပ်စုအပေါ်ပြင်းထန်တဲ့ ဒဏ်ခတ်မှုတွေချမှတ်ဖို့လိုတယ်ဆိုတာ အမေရိကန်အစိုးရနဲ့ ကွန်ကရက်က ရှင်းရှင်းလင်းလင်းသိထားပြီးဖြစ်ပါတယ်။ ထင်ရှားတဲ့ ဒီမိုကရေစီရေးထောက်ခံသူတွေကို စစ်အုပ်စုက ထောင်ချတာဟာ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့အလေးထားပြောဆိုချက်တွေ မလိုက်နာချင်ဘူးဆိုတာ အတည်ပြုလိုက်သလိုကမ္ဘာပေါ်ရှိ အဆိုးဆုံး လူ့အခွင့်အရေးချိုးဖောက်တဲ့နိုင်ငံတွေထဲက တနိုင်ငံဖြစ်တဲ့ မြန်မာစစ်အုပ်စုအပေါ်ဆက်ပြီး ဖိအားပေးထားဖို့လိုတယ်ဆိုတာ ပြသရာလည်းရောက်ပါတယ်။" ဟု နိုင်ငံခြားပိုင်ဆိုင်မှု ထိန်းချုပ်ရေးရုံး ညွှန်ကြားရေးမှူး Adam J.Szubin ကပြောပါ တယ်။

Max Myanmar ဦးဇော်ဇော်နှင့် ဒဂုံဦးဝင်းအောင်တို့အား စီးပွားရေးဒဏ်ခတ်ထားသူများစာရင်းသွင်းရခြင်းသည် ၂၀၀၈ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် ကွယ်လွန်သူ အမေရိကန်အထက်လွှတ်တော်အမတ် တွမ်လမ်းတော့စ်၏ မြန်မာကျောက်မျက်ဥပဒေအရ အရေးယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု အမေရိကန်ဘဏ္ဍာရေးဝန်ကြီး ဌာနကြေညာချက်၌ ဖော်ပြထားပါတယ်။

စီးပွားရေးဒဏ်ခတ်ထားသူများစာရင်းတွင် စစ်အုပ်စုနှင့် နီးစပ်သည့် လုပ်ငန်းရှင် ဦးတေဇပိုင် ESDSPACE AVENIR EXECUTIVE SERVICED APARTMENT ကုမ္ပဏီ နှင့်ဘိန်းဘုရင် လော်စစ်ဟန်၏ ချွေးမ စင်ကာပူနိုင်ငံသူ ဆနနနစ်ဆလီ အန်း ပိုင် စင်ကာပူနိုင်ငံမှ ကုမ္ပဏီ ၁၀ ခုကိုလည်း စီးပွားရေးဒဏ်ခတ်ထားသူများ စာရင်းသွင်းထားပါတယ်။

စီးပွားရေးဒဏ်ခတ်ထားသူများ Specially Designated Nationals ဆိုသည်မှာ အမေရိကန်နိုင်ငံသားများနှင့် အမေရိကန်နိုင်ငံတွင် အမြဲတမ်းနေခွင့်ရသူများနှင့် စီးပွားရေးမလုပ်ရန် နာမည်ပျက်စာရင်းသွင်း တားမြစ်ခြင်းခံရသည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများကို ဆိုလိုခြင်းဖြစ်သည်ဟု အမေရိကန်အစိုးရက အဓိပ္ပါယ်ဖွင့်ထားပါတယ်။

# ဗကသ ကျောင်းသားတဦးကို ထောင်ဒဏ် နှစ်တရာကျော် ချမှတ်

**DVB ၊ ဇန်နဝါရီ ၁၅ ။** ။ ဗကသအဖွဲ့ဝင် ကျောင်းသားတဦးကို တရားဥပဒေအရ ခုခံချေပခွင့်မပေးဘဲ အခုလ ၃ ရက်မှာ ထောင်ဒဏ် ၁၀၄ နှစ် စီရင်ချက်ချလိုက်တယ်လို့ ထိုင်းအခြေစိုက် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) အေအေပီပီဘီက သတင်းထုတ်ပြန်ပါတယ်။

ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်ဝင် မန္တလေးတက္ကသိုလ် ပထမနှစ်ကျောင်းသား ဘိုမင်းယုကို မန္တလေး အိုးဘိုအကျဉ်းထောင်တွင်း တရားရုံးက စီရင်ချက်ချလိုက်တာပါ။ အသက် ၂၂ နှစ်အရွယ်ရှိ ဘိုမင်းယုကို (ဖိုးကြီး)ကို အာဏာပိုင်တွေက မနှစ်က စက်တင်ဘာ ၁၆ ရက်မှာ ဖမ်းဆီးခဲ့ပြီး တရားမဝင်နယ်စပ်ဖြတ်ကျော်မှု ပုဒ်မ ၁၃/က တခုတည်းနဲ့ ၆ ကြိမ် တရားစွဲတဲ့အပြင် တခြားပုဒ်မတွေနဲ့လည်း တရားစွဲပါတယ်။

“ပြစ်မှုတခုကို တရားရုံးတခုကပဲ စွဲခွင့်ရှိပါတယ်။ တရားရုံးအသီးသီးကနေပြီး ပြစ်မှုတခုတည်းကိုပဲ ၆ ကြိမ်တိတိ စွဲတယ်ဆိုတာဟာ တော်တော်ကိုတရားလက်လွှတ်လုပ်တဲ့ကိစ္စလို့ ကျနော်တို့မြင်ပါတယ်။ တရားဥပဒေအရ ခုခံချေပခွင့်မရခဲ့ပါဘူး” လို့ အေအေပီပီဘီ အတွင်းရေးမှူး ဦးတိတ်နိုင်က ပြောပြပါတယ်။ ဘိုမင်းယုဟာ ရှေ့နေငှားခွင့်မရသလို မိသားစုနဲ့လည်း ဆုံတွေ့ခွင့်မရဘူးလို့ အေအေပီပီဘီ ကြေညာချက်မှာ ဖော်ပြပါတယ်။ လွန်ခဲ့တဲ့နှစ်ကုန်ပိုင်းကလည်း နအဖစစ်အုပ်စုဟာ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ၂၈၀ ခန့်ကို နှစ်ရှည်ထောင်ဒဏ်တွေ ချမှတ်ပြီး မိသားစုနဲ့ဝေးတဲ့ထောင်တွေဆီကို ပို့လိုက်ပါတယ်။

နအဖစစ်အုပ်စုရဲ့ တရားလက်လွှတ် လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ဒေသတွင်းနဲ့ နိုင်ငံတကာ က အရေးယူဆောင်ရွက်စေချင်တယ်လို့ ဦးတိတ်နိုင်ကတောင်းဆိုပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ အရေးယူဆောင်ရွက်ဖို့ ကုလသမဂ္ဂအပါအဝင် လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းတွေကိုလည်း စာရေးတောင်းဆိုထားတယ်လို့ ဦးတိတ်နိုင်က ပြောပါတယ်၊ နအဖစစ်အုပ်စုရဲ့လုပ်ရပ်ကို ဗကသ နိုင်ငံခြားရေးရာကော်မတီတာဝန်ခံ ကိုမင်းနိုင်က ပြစ်တင်ရှုတ်ချလိုက်ပြီး ချက်ချင်းလွှတ်ဖို့ တောင်းဆိုပါတယ်။

“ကိုဘိုမင်းယုကို အရွယ်နဲ့မမျှတဲ့ နှစ်ပေါင်းတရာကျော်၊ ၁၀၄ နှစ် ချလိုက်တယ်လို့ ကျနော်တို့သိရတယ်။” ကျောင်းသားသမဂ္ဂခေါင်းဆောင် ကိုထွန်းထွန်းရဲ့ဇနီး မကေသီအောင်ကိုလည်း ထောင်ဒဏ် ၂၆ နှစ် ချမှတ်ခဲ့တယ်လို့ ဗကသ နိုင်ငံခြားရေးရာကော်မတီက သတင်းထုတ်ပြန်ထားပါတယ်။

“ကိုယ်ဝန်ဆောင်ထားရတဲ့ အမျိုးသမီးတယောက်ဖြစ်တယ်။ သူ့ကိုဆိုရင် ဓားဆာခံတယောက်အနေနဲ့ ဖမ်းဆီးထောင်ချလိုက်တယ်လို့ ကျနော်တို့ တွေ့ရတယ်။ ဒါဟာ တကယ့်လူမဆန်တဲ့ လုပ်ရပ်ဖြစ်တယ်။ နအဖကို ခုလို ပြောချင်တယ် – ကျောင်းသားတွေကိုဖမ်းထားတာဟာ တကယ့် မတရားတဲ့ ဖမ်းဆီးမှုဖြစ်တယ်။ ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးဖို့လိုတယ်လို့ ကျနော်တို့ ပြောလိုတယ်။”

မတရား ဖမ်းဆီးထောင်ချနေရုံနဲ့ ကျောင်းသား လူငယ်တွေရဲ့ လှုပ်ရှားမှု ရပ်သွားမှာ မဟုတ်ဘဲ စစ်အာဏာရှင်စနစ်တည်ရှိနေသရွေ့ လက်ဆင့်ကမ်း လုပ်ဆောင်သွားမှာပဲလို့ ကိုမင်းနိုင်က ပြောပါတယ်။

# ထိုင်းဝန်ကြီးချုပ်က မြန်မာနိုင်ငံအပြောင်းအလဲကိုလိုလားဟု ပြောဆို

**DVB ၊ ဂျန်နဝါရီ ၁၃ ။** ။ စစ်အုပ်စုအုပ်ချုပ်နေတဲ့ အိမ်နီးချင်းမြန်မာနိုင်ငံမှာ အပြောင်းအလဲဖြစ်ပေါ်တာကိုမြင်လိုတယ်လို့ ထိုင်းနိုင်ငံဝန်ကြီးချုပ်သစ် အဘိစစ်က ယမန်နေ့က လူသိရှင်ကြားပြောဆိုလိုက်ပါတယ်။

ယမန်နေ့က နအဖဒုနိုင်ငံခြားရေးဝန်ကြီးဦးကျော်သူနဲ့ ထိုင်းနိုင်ငံခြားရေးဝန်ကြီးတို့ နှစ်နိုင်ငံဆက်ဆံရေးကိစ္စဆွေးနွေးအပြီးမှာ ဝန်ကြီးချုပ်က သတင်းထောက်တွေကိုပြောဆိုခဲ့တာဖြစ်ပါတယ်။ ဒေသတွင်းနိုင်ငံတွေနဲ့ အနောက်နိုင်ငံတွေအကြား ယဉ်ကျေးမှုနဲ့ ပထဝီဝင်အနေအထားအရ လုပ်ကိုင်ဆောင်ရွက်ပုံတွေ ခြားနားကောင်း ခြားနားနိုင်ပေမယ့် မြန်မာနိုင်ငံမှာအပြောင်းအလဲဖြစ်ပေါ်လာစေလိုတဲ့ဆန္ဒက အတူတူဖြစ်တယ်လို့လည်း သူကပြောပါတယ်။ ထိုင်းနိုင်ငံဝန်ကြီးချုပ်သစ် အဘိစစ်ရဲ့ပြောဆိုချက်အပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကကြိုဆိုကြောင်း ဦးဉာဏ်ဝင်းကပြောပါတယ်။

“ကျနော်တို့ကတော့ အဲဒီပြောကြားချက်ကို ကြိုဆိုတယ်၊ ဒီဟာ ဒီမိုကရက်တယောက်၊ ဒီမိုကရေစီလိုလားသူတယောက်ရဲ့ အမှန်ဆန္ဒပါပဲ၊ ဒါက ထိုင်းဝန်ကြီးချုပ်တင်မကဘူး ဒီမိုကရေစီလိုလားတဲ့သူအားလုံးက မြန်မာနိုင်ငံ မှာ ပြုပြင်ပြောင်းလဲရေးလုပ်ဘို့လိုပြီဆိုတာ အားလုံးမြင်နေတဲ့အမြင်၊ ဒါ အမြင် မှန်ပဲလို့ ကျနော်တို့ကြိုဆိုပါတယ်”

ဒီမိုကရက်တစ်ပါတီခေါင်းဆောင်၊ လူငယ်ပညာတတ် အဘိစစ်ဟာ ဝန်ကြီးချုပ်အဖြစ်ရွေးချယ်မခံရခင်ကလည်း ပြည်ပရောက် မြန်မာ့ဒီမိုကရေစီအင်အားစုဝင်တချို့ကို တွေ့ဆုံအားပေးခဲ့သူဖြစ်ပါတယ်။ ထိုင်းဝန်ကြီးချုပ်ရဲ့ လူသိရှင်ကြားပြောဆိုချက်ဟာ ဒီမိုကရေစီအင်အားစုတွေအတွက် အကျိုးရှိစေလိမ့်မယ်လို့ ထိုင်းနိုင်ငံ ချင်းမိုင်အခြေစိုက် မြန်မာ့အရေးသုံးသပ်သူ ဦးဝင်းမင်းက လည်း ထင်ကြေးပေးပါတယ်။

“ဒီမိုကရေစီအင်အားစုတွေအပေါ်မှာ ထောက်ခံမှုတွေပေးတာနဲ့စာလို့ရှိရင် ဖိနှိပ်မှုတွေ တစုံတရာနည်းလာနိုင်တယ်လို့ ပြောရမှာဖြစ်ပါတယ်၊ အရင်စီးပွားရေးတခုထဲကိုပဲ ဇောင်းပေးတယ်ဆိုတာမျိုးဆိုလို့ရှိရင်ပေ့ါ၊ သူတို့တုန်းကတော့ ဖိနှိပ်မှုတွေ၊ ဖမ်းဆီးမှုတွေများခဲ့တယ်လို့ ပြောရမှာပေ့ါ၊ နောက်တခုကစီးပွားရေးတခုထဲဇောင်းပေးတဲ့အစိုးရတွေလက်ထက်တုန်းကဆို မြန်မာနိုင်ငံစစ်အုပ်စုပေါ်မှာ ကာကွယ်ပေးခဲ့တာတွေရှိတယ်၊ ချီးကျူးပြောခဲ့တာတွေရှိတယ်၊ ဒါပေမဲ့ ဒီအစိုးရလက်ထက်မှာတော့ အဲဒီလိုကာကွယ်ပေးတာတွေတော့ သူတို့လုပ်မှာမဟုတ်ဘူး၊ ဒါပေမဲ့ ပြောင်ပြောင်တင်းတင်း၊ ပေါ်ပေါ်ထင်ထင်ဆန့်ကျင်ရှုတ်ချတာမျိုးလည်း မလုပ်ဘူးလို့ ပြောတာဖြစ်ပါတယ်”

အဘိစစ်မတိုင်မီက မစ္စတာထတ်စင်အပါအဝင် ဝန်ကြီးချုပ်တွေလက်ထက်က မြန်မာနိုင်ငံကိုသွားရောက်လည်ပတ်လေ့ရှိပြီး နအဖစစ်ခေါင်းဆောင်တွေကိုကာကွယ်ပြောဆိုတာတွေရှိခဲ့ပေမယ့် ဒီမိုကရက်တစ်ပါတီကတော့ ဝန်ကြီးချုပ်မစ္စတာချွမ်လီပိုင်လက်ထက်ကတည်းက မြန်မာနိုင်ငံကို သွားရောက်လည်ပတ်ခြင်းမရှိပါဘူး။

## အသွင်ကူးပြောင်းရေးဆိုင်ရာ ကြေညာချက် ရန်ကုန်၌ ပျံ့နှံ့

**DVB ၊ ဇန်နဝါရီ ၁၄ ။** ။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆိုင်ရာ သဘောထား ကြေညာချက်တခု ရန်ကုန်မြို့မှာ ပြန့်နှံ့နေပါတယ်။

၈၈ ကျောင်းသားများရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆိုင်ရာ သဘောထားကြေညာချက်လို့ ခေါင်းစည်းတပ်ထားပြီး မင်းကိုနိုင်အပါအဝင် အကျဉ်းကျ ၈၈ ကျောင်းသားတွေရဲ့သဘောထားဖြစ်တယ်လို့ အဲဒီကြေညာချက်ကို ရရှိထားသူတွေက ပြောပါတယ်။ လက်ရေးမူနဲ့ အကြမ်းရေးထားတဲ့ ဒီကြေညာချက်မှာ အချက် ၅ ချက်ပါဝင်တာတွေ့ရပြီး လာမယ့် ၂၀၁၀ ရွေးကောက်ပွဲကို ဘယ်လိုရင်ဆိုင်မလဲဆိုတဲ့အချက်ကို အဓိက အလေးပေးဖော်ပြထားတာတွေ့ရတယ်လို့ ရရှိထားသူတဦးက ပြောပါတယ်။ ရွေးကောက်ပွဲမတိုင်မီ ၁။ အထွေထွေလွှတ်ငြိမ်းချမ်းသာခွင့် General Amnesty ပေးပါ၊ ၂။ အားလုံးပါဝင်ခွင့်

**စာမျက်နှာ ၆ သို့**

# အိုဘားမားနဲ့တရုတ်ကွန်မြူနစ်

ဦးအောင်ခင်
မျက်မှောက်ရေးရာသုံးသပ်ချက်

ကမ္ဘာ့စီးပွါးရေးဆုတ်ယုတ်ကျဆင်းတဲ့ဒဏ်ကို ဒီနှစ်တနှစ်လုံးခံရလိမ့်မယ်လို့ ကျွမ်းကျင်သူတွေကခန့်မှန်းကြတယ်။ ဒီလိုစီးပွါးရေးကျဆင်းတဲ့ဖြစ်စဉ် ကိုရပ်တန့်သွားအောင်လုပ်နိုင်သူဟာ အမေရိကန်ပါပဲ။ အမေရိကန်စီးပွါးရေးနာလန်ထလာတာနဲ့ ကမ္ဘာ့စီးပွါးရေးကျဆင်းမှုလည်း ရပ်တန့်သွားလိမ့်မယ်လို့ယူဆနေကြတယ်။ စီးပွါးရေးနာလန်ထလာအောင် ဘယ်ပုံဘယ်နည်းနဲ့လုပ်မယ်ဆိုတာကို အမေရိကန်ပညာရှင်အဖွဲ့က သုံးသပ်တင်ပြမှာဖြစ်ပေမယ့် သမတ Obama က ဆုံးဖြတ်ရမှာပါ။

ဒါကြောင့် အမေရိကန်စီးပွါးရေး ထူထူထောင်ထောင်ဖြစ်လာဖို့ကိစ္စ ဟာသမတ Obama ရဲ့စွမ်းရည်ပေါ်မှာ အများကြီးမူတည်နေတယ်။ Obama ရွေးကောက်တင်မြှောက်ခံရတာကို ထောက်ခံကြိုဆိုသူတွေ ကမ္ဘာပေါ်မှာအများကြီးရှိတယ်။ ဒီအထဲမှာ တရုတ်ပြည်သူတွေလည်းပါဝင်ပါတယ်။ ဒါပေမဲ့ သမတ Bush ရာထူးသက်တမ်းကုန်ဆုံးသွားတာကို စိတ်မကောင်းဖြစ်မဲ့တခုတည်းသောပုဂ္ဂိုလ်ကတော့ တရုတ်ကွန်မြူနစ်ပဲဖြစ်လိမ့်မယ်လို့ မြင်ကြသူတွေလည်းရှိတယ်။

အကြောင်းကတော့ သမတ Bush လက်ထက်မှာ တရုတ်–အမေရိကန်ဆက်ဆံရေး အသားကျလာလို့ပါဘဲ။ တရုတ်–အမေရိကန် စီးပွါးရေးမဟာဗျူဟာဆွေးနွေးပွဲ၊ နိုင်ငံခြားရေးနဲ့ကာကွယ်ရေး ပုံမှန်ဆွေးနွေးပွဲ စတာတွေကို ကျင်းပနိုင်တဲ့အခြေအနေကိုရောက်လာတယ်။ တရုတ်နဲ့အမေရိကန်မှာ ကွဲပြားခြားနားတာတွေ အများကြီးရှိပေမယ့် ဒီအချက်တွေဟာ ၂ နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကို အဟန့်အတားမဖြစ်စေရဘူးဆိုတဲ့ခံယူချက်နဲ့ Bush အစိုးရက တရုတ်နဲ့ဆက်ဆံခဲ့တာပါ။ လူ့အခွင့်အရေးအချိုးဖျက်ဆုံး ၁၀ နိုင်ငံစာရင်းက တရုတ်ကိုဖယ်ထုတ်လိုက်တယ်လေ။

အမေရိကန်အစိုးရသစ်ဖွဲ့ခါစမှာ တရုတ်နဲ့ဆက်ဆံရေး အခက်အခဲရှိပြီး နောက်ပိုင်းမှာအဆင်ပြေသွားတဲ့အစဉ်အလာကို တချို့ကထောက်ပြတယ်။ ဥပမာ သမတ Clinton လက်ထက်က တရုတ်နဲ့ဆက်ဆံရာမှာ ကုန်သွယ်ရေးနဲ့လူ့အခွင့်အရေးကို ချိတ်ဆက်ထားတယ်။ လူ့အခွင့်အရေးဘက်မှာ တိုးတက်မှုရှိမှသာ ကုန်သွယ်ရေးမှာ အခွင့်ထူးခံစားရမယ်ပေါ့။ ဒါပေမဲ့ လက်တွေ့မှာ ဒီလိုမလုပ်နိုင်လို့ လူ့အခွင့်အရေးနဲ့ကုန်သွယ်ရေးချိတ်ဆက်ထားတာကို ပယ်ဖျက်လိုက်ရတယ်။

သမတ Bush အာဏာရတုန်းကလည်း ပထမပိုင်းမှာ တရုတ်နဲ့ဆက်ဆံရေး အဆင်မပြေဘူး။ တရုတ်ကွန်မြူနစ်ဟာ လူ့အခွင့်အရေးမှန်သမျှချိုးဖောက်ပြီး အမေရိကန်နဲ့ပြိုင်ဆိုင်ဘို့ကြိုးစားနေလို့ မျက်နှာသာပေးလို့မဖြစ်ဘူးလို့ သမတ Bush ကယုံကြည်တယ်။ ဒါပေမဲ့ ၂၀၀၁ စက်တင်ဘာ ၁၁ ရက်နေ့မှာ New York နဲ့ Washington ကို မူဆလင်အကြမ်းဖက်သမားတစုကတိုက်ခိုက်ပြီးတဲ့နောက်ပိုင်းမှာ Bush အစိုးရရဲ့ဦးစားပေးချက်တွေပြောင်းသွားတဲ့ အတွက် တရုတ်နဲ့ဆက်ဆံရေး ပြန်ကောင်းသွားတယ်။ အကြမ်းဖက်သမားတိုက်ဖျက်ရေးဟာ အဓိကဦးစားပေးဖြစ်လာတဲ့အတွက် တရုတ်ရဲ့အပြုအမူကိုပြဿနာလို့ သမတ Bush ကမမြင်တော့ဘူး။

အပြုသဘောနဲ့တရုတ်ကိုဆက်ဆံတာဟာ ထိပ်တိုက်တွေ့တာထက် ပိုပြီးအကျိုးရှိတယ်လို့မြင်တဲ့အတွက် Bush အစိုးရ ၈ နှစ်သက်တမ်းမှာ ဒီလမ်းစဉ်ကို တောက်လျှောက်ကျင့်သုံးသွားတယ်။ အပြည်ပြည်ဆိုင်ရာဆက်ဆံရေး မှာ တရုတ်ရဲ့အခန်းကဏ္ဍဟာ အရေးကြီးလာတဲ့အလျောက် တာဝန်သိတဲ့လုပ်ဖော်ကိုင်ဘက်အဖြစ်ဆောင်ရွက်သွားဖို့ အဲဒီတုန်းက ဒုနိုင်ငံခြားရေးဝန်ကြီးဖြစ်တဲ့ Robert Zoellick ကပြောလိုက်တာ သမိုင်းတွင်သွားတယ်။

တရုတ်–အမေရိကန်ဆက်ဆံရေးဟာ ရင့်ကျက်လာပြီဖြစ်လို့ နေရာအတော်များများမှာ တည်ငြိမ်တဲ့ပုံမှန်ဆက်ဆံရေးလိုဖြစ်နေတဲ့အတွက် ကြိုတင်ခန့်မှန်းလို့ရတာမျိုးတွေရှိလာတယ်။ ဒါကြောင့် တရုတ်–အမေရိကန်ဆက်ဆံရေးကိစ္စကို သမတရွေးကောက်ပွဲမှာ ပြဿနာအဖြစ်တင်ပြတာမျိုး မရှိခဲ့ပါဘူး။ ရှိနေတဲ့လမ်းစဉ်ကိုပဲ Obama အစိုးရကအခြေခံပြီး ကျင့်သုံးလိမ့်မယ်လို့ မျှော်လင့်ကြပါတယ်။

တရုတ်နဲ့အမေရိကန်စီးပွါးရေးဟာ အပြန်အလှန်မှီခိုနေရတာမို့ အမေရိကန်မှာစီးပွါးရေးကျဆင်းရင် တရုတ်ပြည်မှာလည်းကျဆင်းပါတယ်။ အမေရိကန်ကို ကုန်ပစ္စည်းတင်ပို့နိုင်လို့ တရုတ်စီးပွါးရေး တိုးတက်နေတာပါ။ တရုတ်ပစ္စည်းကို အမေရိကန်ကဝယ်နေလို့ အမေရိကန်ဒေါ်လာငွေ အများအပြားတရုတ်လက်ထဲရောက်ကုန်တယ်။ ဒါပေမဲ့ ဒီဒေါ်လာတွေကို တရုတ်က အမေရိကန်မှာရင်းနှီးမြှုပ်နှံထားတဲ့အတွက် အမေရိကန်အတွက်လည်း အများကြီးအကျိုးရှိပါတယ်။

ဒီလိုစီးပွါးရေးပူးပေါင်းဆောင်ရွက်မှုကို ဦးစားပေးဆောင်ရွက်နေတဲ့အတွက် မြန်မာနဲ့ဆူဒန်ကိစ္စတွေမှာ တာဝန်ယူဆောင်ရွက်ဖို့ တရုတ်ကိုအရင်လိုတိုက်တွန်းနိုင်တော့မှာမဟုတ်ဘူးလို့ စိုးရိမ်တာမျိုးလည်းရှိပါတယ်။ Bush လက်ထက်ကအတိုင်း ပူးတွဲဆောင်ရွက်ရေးကို ဦးစားပေးသွားမယ်ဆိုရင် တရုတ်မကြိုက်တာကို တိုက်တွန်းလို့မဖြစ်နိုင်တော့ပါဘူး။ တရုတ်ကို ကုန်သွယ်ဘက်နိုင်ငံအဖြစ် အားကိုးလွန်တာကြောင့် အမေရိကန်မှာ ပြောနိုင်ဆိုနိုင်တဲ့ သြဇာနည်းပါးသွားတယ်လို့ ဂျပန်အတော်များများကယူဆတယ်။

အမေရိကန်စီးပွါးရေးကျဆင်းတဲ့ဒဏ်အခံရဆုံးနိုင်ငံဟာ တရုတ်ပို့ကုန်လုပ်ငန်းဖြစ်လိမ့်မယ်လို့ သုံးသပ်ကြပါတယ်။ တရုတ်စီးပွါးရေး သုံးပုံတပုံဟာပို့ကုန်လုပ်ငန်းကဏ္ဍဖြစ်တယ်။ ဒါကြောင့် ကုန်တင်ပို့မှုကျဆင်းလာတဲ့အတွက် စက်ရုံအလုပ်ရုံအများအပြားပိတ်လိုက်ရလို့ နေ့ချင်းညချင်း အလုပ်လက်မဲ့ဦး ရေများပြားလာတယ်။ စားဝတ်နေရေးမှာ ဒုက္ခရောက်သူဦးရေများလာရင် တရုတ်ကွန်မြူနစ်အစိုးရကို အယုံအကြည်မရှိသူဦးရေလည်း တိုးပွါးလာပါလိမ့်မယ်။ ဆူပူအုံကြွမယ်ဆိုရင် တရုတ်အစိုးရ ဗျာများသွားနိုင်တယ်။

ဒါကြောင့် အမေရိကန်စီးပွါးရေး ပြန်လည်တိုးတက်ရေးနဲ့ အမေရိကန်နဲ့ဆက်ဆံရေးပြေလည်ရေးဟာ တရုတ်အတွက် အလွန်အရေးကြီးတယ်။ တရုတ်စီးပွါးရေးဟာ ပြည်တွင်းဈေးကွက်ကိုမှီခိုနေရတာမို့ ပြည်တွင်းဈေးကွက်ကိုချဲ့ထွင်ဖို့ Obama အကြံပေးတာကို တုံ့ပြန်တဲ့အနေနဲ့ တရုတ်အစိုးရက ပြည်တွင်းဖွံ့ဖြိုးရေးမှာ ဒေါ်လာ သန်းပေါင်း ၆ သိန်းသုံးဖို့ ဆုံးဖြတ်လိုက်တာလို့မြင်သူတွေလည်းရှိပါတယ်။ Barack Obama သမတဖြစ်ချိန်ဟာ တရုတ်–အမေရိကန် ပုံမှန်ဆက်ဆံရေးပြန်လုပ်တဲ့ အနှစ် ၃၀ မြောက်အခါသမယနဲ့တိုက်ဆိုင်နေတာကြောင့် တရုတ်ပြည်သူတွေထောက်ခံကြိုဆိုတဲ့သမတသစ် Obama ဟာ အများထင်သလိုစွမ်းဆောင်နိုင်လိမ့်မယ်လို့ မျှော်လင့်ရတယ်။

တချို့ကလည်း ထောက်ခံကြိုဆိုတဲ့တရုတ်ပြည်သူတွေဘက်က Obama ရပ်သင့်တယ်လို့ မြင်ကြတယ်။ တရုတ်ဟာ ဆင်းရဲတဲ့ စိုက်ပျိုးလယ်ယာနိုင်ငံသာဖြစ်တယ်။ တရုတ်စီးပွါးရေးဟာ စတုတ္ထအကြီးဆုံးလို့ဆိုပေမယ့် လူဦးရေ သန်း ၁၃၀၀ ရှိတာကြောင့် လူတဦးချင်းဝင်ငွေ အလွန်နည်းတယ်လို့ဆိုတယ်။ ဒါကြောင့် တရုတ်ကိုမှုစရာမလိုဘူးဆိုတဲ့ အယူအဆပါဘဲ။ ဒါကြောင့် တရုတ်အစိုးရနဲ့လက်တွဲလုပ်ကိုင်ရင်း တဘက်ကလည်း တရုတ်ဒီမိုကရေစီသမားနဲ့နိုင်ငံရေးအကျဉ်းသားတွေဘက်က အခိုင်အမာရပ်တည်ကြောင်း Obama အစိုးရက အတိအလင်းကြေညာမယ်ဆိုရင် သူ့ကိုထောက်ခံကြိုဆိုတဲ့တရုတ်ပြည်သူပြည်သားတွေကို လေးစားရာရောက်တယ်လို့မြင်ကြတယ်။

# ကျောင်းသားနှစ်ဦးသေဆုံးမှုကို ဒေသဆိုင်ရာအာဏာပိုင်များ လျစ်လျူရှု

**DVB ၊ ဂျန်နဝါရီ ၁၄ ။** ။ မြင်းခြံ ဂျီတီစီကျောင်းသား ၂ ဦး ဆိုင်ကယ်ချင်း တိုက် မိပြီးသေဆုံးသွားမှုမှာ တဘက်ကဝင်တိုက်သူ မန္တလေးတိုင်းရဲမှူးရဲ့တူကို အာဏာပိုင်တွေကအရေးမယူဘူးလို့ ဒေသခံကျောင်းသားတွေကပြောပါတယ်။

ဒီလဆန်း ၃ ရက်တုန်းက မန္တလေးတိုင်း မြင်းခြံမြို့ တပ်ကုန်းကျောင်း တိုက်အနီးမှာ ဂျီတီစီနည်းပညာကောလိပ် ပထမနှစ်ကျောင်းသား အောင်ခန့်မော်နဲ့ ပိုပိုတို့စီးလာတဲ့ဆိုင်ကယ်နဲ့ အရက်မူးနေသူတဦးစီးလာတဲ့ဆိုင်ကယ် တို့တိုက်မိပြီး ပိုပိုက တိုက်မိတဲ့နေရာမှာ သေဆုံးပါတယ်။ အောင်ခန့်မော်က တော့ မန္တလေးဆေးရုံကြီးအရောက်မှာ သေဆုံးသွားပါတယ်။ တဘက်ဆိုင် ကယ်ကိုမောင်းလာသူ အရက်မူးနေတဲ့ တက်လမ်းကားဂိတ်မှူးဟာ မန္တလေး တိုင်းရဲတပ်ဖွဲ့မှူးနဲ့ တူအရီးတော်စပ်တယ်လို့ ဒေသခံတွေကပြောပါတယ်။

"အတိုက်ခံရတဲ့အောင်ခန့်မော်နဲ့ ပိုပိုတို့ရဲ့ဆိုင်ကယ်ကို သိမ်းထား တယ်၊ တိုက်တဲ့ဆိုင်ကယ်ကို ဘာမှအရေးမယူတဲ့အပြင် ဒီဆိုင်ကယ်ကို ဒီ အတိုင်းလွှတ်ပေးထားတယ်" လို့ အောင်ခန့်မော်နဲ့ ပိုပိုတို့ရဲ့သူငယ်ချင်းတဦး က ပြောပါတယ်။

"လူကိုလည်းအရေးမယူဘူး၊ သက်သက်အနိုင်ကျင့်တယ်၊ တိုက်တဲ့လူ ဘက်က အာဏာပိုင်၊ မန္တလေးတိုင်းရဲမှူးရဲ့တူ" အရက်မူးပြီးမောင်းလာသူကို အာဏာပိုင်တွေကအရေးမယူတဲ့အပြင် သေဆုံးသူတွေကိုတောင် တဘက်က တရားစွဲဘို့ပြင်နေတယ်လို့လည်း အဲဒီကျောင်းသားကပြောပါတယ်။

"ကျနော်တို့ဘက်က လူလည်းအသေခံရသေးတယ်၊ ဆိုင်ကယ်လည်း အသိမ်းခံရသေးတယ်၊ ဘာမှလဲ တခုခုလုပ်မပေးတဲ့အပြင် ကျနော်တို့ပါ အတိုက် ခံရတဲ့ဘက်ကို တရားစွဲမယ်ပြောနေပါတယ်၊ သောက်လာတာ သူတို့ဘက်က မူးလာတယ်၊ မူးလာပြီး ဆိုင်ကယ်စီးတာကိုး၊ သူတို့ကိုရှောင်နေရင်းက သူတို့ ကတိုက်တာ၊ ကျနော်တို့ကျောင်းသားဘက်ကမှားတယ်ဆိုပြီး တရားစွဲမယ်လို့ ပြောနေတာ၊ ကျနော်တို့ကျောင်းသားတွေကို အရေးမပေးတဲ့ပုံစံမျိုးပေါ့"

သေဆုံးသူကျောင်းသား ၂ ဦးဟာ မြင်းခြံခရိုင် တောင်သာမြို့နယ်က ဝဲလောင်းကျေးရွာသားတွေဖြစ်ပြီး ကျောင်းစတက်တာ ၃ ရက်ပဲရှိပါသေးတယ်။ ဒီအမှုနဲ့ပတ်သက်လို့ အမှုမှန်အတိုင်း တရားသဖြင့်မဆောင်ရွက်ရင် ဂျီတီစီ ကျောင်းသားတွေလူစုပြီး အာဏာပိုင်တွေကိုတောင်းဆိုဘို့ရှိတယ်လို့ ကျောင်း သားတဦးကပြောပါတယ်။

"ကျနော်တို့ကျောင်းသားတွေကလည်း လူကလည်းစုမရသေးဘူး၊ ကျောင်းဖွင့်တာလည်း နှစ်ပတ်လောက်ပဲရှိသေးတယ်၊ ဒါတွေ တခုခုလုပ်ပေးဘို့ ရဲစခန်းမှာလည်း ဖြေရှင်းဘို့ပြောဦးမှာပါ"။

---

# ဘုရားစာ တသောင်းကျော် ဖြန့်ဝေပြီး

**DVB ၊ ဂျန်နဝါရီ ၁၃ ။** ။ စစ်အုပ်စုလက်အောက်က မြန်မာပြည်သူတွေလွတ် မြောက်ရေးအတွက်ရည်စူးလုပ်ဆောင်တဲ့ ဘုရားစာဖြန့်ဝေတဲ့ကမ်ပိန်းကို ပြည် ပရောက်မြန်မာ့ဒီမိုကရေစီအင်အားစု ၂ ခုက ဆက်လက်လှုပ်ရှားနေပြီး ဘုရား စာအုပ်ရေ ၁ သောင်းကျော်ဖြန့်ဝေနိုင်လိုက်တယ်လို့ ရှမ်းပြည်လူ့အခွင့်အရေး အဖွဲ့အထွေထွေအတွင်းရေးမှူး စိုင်းမျိုးဝင်းကပြောပါတယ်။

အခုလ ၇ ရက်နေ့ကစတင်လိုက်တဲ့ကမ်ပိန်းအခြေအနေကို ဆက်သွယ် မေးမြန်းစဉ် အခုလိုပြောဆိုလိုက်တာဖြစ်ပြီး၊ တနိုင်ငံလုံးရှိ ဘုရားပေါ်ကလုံခြုံရေး တွေရဲ့အခြေအနေကိုကြည့်ပြီး ဘုရားစာကိုဖြန့်ဝေရတယ်လို့ စိုင်းမျိုးဝင်းက ပြောပါတယ်။

"နေ့တိုင်းလိုပဲ ကြိုကြားကြိုကြားပေးနေတာ၊ များများစားစားတော့ မဟုတ်ဘူး၊ တရက်ကို အုပ်ရေ သုံးလေးငါးရာလောက်ပဲဝေဖြစ်တယ်၊ အဖမ်း အဆီးတွေနည်းနည်းများလို့လေ၊ ဘုရားစာဖြန့်တာတော့ လက်ခံပါတယ်၊ ဘာ လို့လဲဆိုတော့ ပရိတ်ကြီး ၁၁ သုတ်က အိမ်တိုင်းမှာရှိသင့်တဲ့ဟာပေါ့၊ အဲဒါ တော့ တော်တော်များများလက်ခံကြပါတယ်၊ အုပ်ရေ ၁ သောင်း ၂ ထောင် လောက်ကုန်သွားပြီ၊ အဓိကကတော့ ဘုရားတွေပေါ့၊ ဘုရားတွေဆိုပေမယ့် မြို့ နယ်တွေမှာ ဘုရားတွေ၊ စေတီတွေက အများကြီးရှိတယ်လေ၊ ဘုရားတွေမှာ ရှိခိုးဖို့အတွက် စိတ်ပုတီးတွေထားတဲ့နေရာမှာလည်း အဲဒီစာအုပ်လေးတွေကို ဓမ္မဒါနဆိုပြီး ချထားပေးတယ်လေ"

ဒီကမ်ပိန်းကို ပြည်ပရှိ မြန်မာပြည်လွတ်မြောက်ရေးအဖွဲ့ချုပ်နဲ့ ရှမ်းပြည် လူ့အခွင့်အရေးအဖွဲ့တို့က ဦးဆောင်စီစဉ်ခဲ့တာဖြစ်ပြီး၊ လာမယ့်ဖေဖော်ဝါရီလ ၇ ရက်အထိ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ဒီဘုရားစာကို တချို့ကယူဆောင်သွား ပေမယ့် တချို့လည်း အာဏာပိုင်တွေရဲ့ဖမ်းဆီးမှုခံရမှာစိုးရိမ်တာကြောင့် မယူ ရဲကြဘူးလို့ စိုင်းမျိုးဝင်းကပြောပါတယ်။ တောင်ကြီးမှာရှိတဲ့ မဟာမြတ်မုနိ ဘုရားမှာဆိုရင် မနက်ပိုင်းမှာ ဘုရားစာတွေဖြန့်ထားပြီး၊ ညနေပိုင်းလောက်မှာ စရဖ (စစ်ဘက်ရေးရာလုံခြုံရေး) တွေက ဘုရားပေါ်တက်လာပြီး ဘုရားစာ ကျန်ခဲ့တဲ့နေရာတွေမှာ လိုက်လံသိမ်းယူသွားတယ်လို့ ဆိုပါတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် ဒီကမ်ပိန်းကို ဆက်လုပ်သွားမှာဖြစ်ပြီး လာမယ့်သောကြာနေ့မှာလည်း ပရိတ်ကြီး ၁၁ သုတ်စာတမ်းထိုးထားတဲ့ စီဒီချပ်ကို ထပ်မံဖြန့်ချိမယ်လို့ စိုင်း မျိုးဝင်းကပြောပါတယ်။

---

# ရဲဘက်စခန်းအပို့ခံ အကျဉ်းသားကျန်းမာရေးစိုးရိမ်

**DVB ၊ ဇန်နဝါရီ ၁၅ ။** ။ တောင်ငူ လေးမိုင်ရဲဘက် ကျောက်ထုစခန်းမှာ ရောက်နေတဲ့ နိုင်ငံရေးအကျဉ်းသား ကိုဇော်နိုင်ထွေးရဲ့ ကျန်းမာရေးအခြေအနေ စိုးရိမ်ရတယ်လို့ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) အေအေပီပီဘီက ပြောပါတယ်။

ကိုဇော်နိုင်ထွေးဟာ ခြေကျင်းခတ်ခံထားရပြီး ထမင်းနဲ့ရေ လုံလုံလောက် လောက်မရတဲ့အပြင် အလုပ်ကြမ်းဒဏ်ခံနေတယ်လို့ အေအေပီပီဘီ တွဲဘက် အတွင်းရေးမှူး ဦးတိတ်နိုင်က ပြောပါတယ်။

"ရဲဘက်စခန်း တော်တော်များများက ဒီအတိုင်းပါပဲ။ ကျောက်ထုစခန်း ဆိုရင် ပိုပြီးတော့ဆိုးပါတယ်။ ထမင်းစားတဲ့အခါမှာလည်း ပုံမှန်စားနေကျထက် လေးပုံတပုံလောက်ပဲ စားရပြီးတော့ ကိုယ်သောက်ချင်တဲ့အချိန် သောက်လို့မ ရဘူး။ သူတို့ကျောက်ထုဖို့ သတ်မှတ်ထားတဲ့ကျင်း မပြီးဘူးဆိုရင် အရိုက်ခံရ တာတွေရှိတယ်။ အရိုက်လည်း ခံရတယ်၊ ထမင်းလည်းမဝ၊ ရေလည်းမဝဘူးဆို တော့ သူတို့ရဲ့ကျန်းမာရေးက ပိုဆိုးလာတဲ့အနေအထား ဖြစ်လာတယ်ဆိုတာ တွေ့ရတယ်။"

ကိုဇော်နိုင်ထွေးဟာ မနှစ်နှစ်ဆန်းပိုင်းတုန်းကအကျဉ်းကျ ၈၈ မျိုးဆက် ကျောင်းသားကိုကျော်ကျော်ထွေး (ကိုမာကီး) ရဲ့စာကို ထောင်ပြင်ထုတ်ပေးလို့ အကျဉ်းထောင်လက်စွဲပုဒ်မနဲ့ တရားစွဲခံရပြီး အရင်လကုန်ပိုင်းမှာ ထောင်ဒဏ် ၆ နှစ် ချမှတ်ခံရတာပါ။ ကိုဇော်နိုင်ထွေးကို အာဏာပိုင်တွေက ဒီလဆန်းပိုင်းမှာ ရန်ကုန်မြို့မြောက်ဘက် ၁၇၅ မိုင် အကွာရှိ တောင်ငူမြို့အနီး ကျောက်ထု ရဲဘက် စခန်းကို ပို့လိုက်တာပါ။ နိုင်ငံရေးနဲ့ ဆက်နွယ်ပတ်သက်နေသူတွေကို ရဲဘက် စခန်းပို့တာဟာ တမင်ရည်ရွယ်ချက်ရှိရှိနဲ့ အာဏာပိုင်တွေက လုပ်နေတာလို့ ဦးတိတ်နိုင်က ပြောပါတယ်။

"ပုံမှန်အားဖြင့်ဆိုရင် သူတို့တွေက အပြင်မှာ ကြမ်းတမ်းတဲ့အလုပ်မျိုး တွေလုပ်ခဲ့ဖူးတဲ့ သူမျိုးတွေမဟုတ်ဘူး။ အခုလို မတရားကြမ်းတမ်းတဲ့အလုပ်တွေ

**စာမျက်နှာ ၁၆ သို့**

# ဒေါ်စုလွတ်ရေး ဆန္ဒပြလို့ အဖမ်းခံရသူလူငယ် ၉ ဦးထဲက ၆ ဦးပြန်လွတ်

**DVB ၊ ဇန်နဝါရီ ၁၄ ။** ။ ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးချီတက်ဆန္ဒပြမှုနဲ့ ဖမ်းထားသူ ၉ ဦးထဲက ၆ ဦးကို ဒီနေ့ ပြန်လွတ်ပေးလိုက်ပါတယ်။

ခံဝန်လက်မှတ်နဲ့ ပြန်လွတ်ပေးလိုက်တာဖြစ်ပြီး စမ်းချောင်းမြို့နယ် အဖွဲ့ချုပ်လူငယ်တာဝန်ခံ ကိုထွန်းထွန်းဝင်း၊ ခရမ်းအဖွဲ့ချုပ်လူငယ် ကိုပိုပြုတ် (ခေါ်) ကိုဝင်းမြင့်မောင်နဲ့ ရွှေပြည်သာအဖွဲ့ချုပ်ဝင် မထက်ထက်ဦးဝေတို့ ၃ ဦးကိုတော့ အင်းစိန်မှာ ဆက်လက်ဖမ်းဆီးထားတယ်လို့ ပြောပါတယ်။ ဒီကနေ့ လူငယ် ၆ ဦး ပြန်လွတ်လာတာနဲ့ပတ်သက်ပြီး ကိုမင်းသိန်းကို ဆက်သွယ် မေးမြန်းတဲ့အခါ အခုလို စတင်ပြောပြပါတယ်။

"အဲဒီနေ့တုန်းကလေ တို့ရုံးကြီးဗျ မရမ်းကုန်းဆိုလား၊ အဲဒီရုံးလည်း ခေါ်သေးတယ်။ အဲဒီက ဗိုလ်မှူးကြီးဆိုတာ မာဖီဝတ်ပြီး ကျွန်တော်တို့ကို လက်မှတ်ထိုးခိုင်းတယ်၊ စကားလည်း ပြောတယ်ပေ့ါ။ ပြောပြီး ကျနော်တို့ သာကေတမြို့နယ်ရပ်ကွက် ဦးစီးမှူးရုံးကိုခေါ်၊ ဓါတ်ပုံရိုက်ပြီး သားတို့က ကျောင်းသားလေးတွေ မဖြစ်သင့်တာ မဖြစ်အောင် စေတနာနဲ့ပေ့ါ လွှတ်ပေးတာပါပေ့ါ။"

ကိုမင်းသိန်း နေခဲ့ရတဲ့ရက်ပိုင်းမှာ ဘာတွေစစ်ဆေးမေးမြန်းတာရှိလဲ၊ ဘယ်မှာနေခဲ့ရလဲ နည်းနည်းပြောပြပါလား...

"၃၀ ရက်နေ့က ပြည်သူ့လွှတ်တော်ရှေ့ ဒေါ်အောင်ဆန်းစုကြည် ချက်ချင်းလွှတ်၊ ချက်ချင်းလွှတ်လို့ အော်ပြီး ၃ ခါလောက်ပဲ အော်ရသေးတယ်၊ သူတို့ ဝိုင်းပြီးဖမ်းကြတာပေ့ါ။ ဖမ်းပြီး တောင်းအေ့စ် ကားအဖြူလေးပေါ် ကျနော်တို့ ၉ ယောက်လုံးကို တင်ခေါ်သွားတယ်။ တင်ခေါ်သွားပြီး ပြည်သူ့လွှတ်တော်ရဲ့ မျက်စောင်းထိုးလောက်မှာ ကျနော်ခန့်မှန်းတာ စိုက်ပျိုးရေးဝင်းဖြစ်မယ်။ အဲဒီမှာလုံထိန်းတပ် တပ်ရင်းရှိတယ်။ စစ်ကြောရေးစောင့်နေတာပေ့ါ။ အဲ့ဒီထဲ ကျနော်တို့ကို ထည့်လိုက်တယ်။ ထည့်ပြီး ၂ ည စစ်တယ်ပေ့ါ။ အေးအေးချမ်းချမ်းပဲ စစ်တာပါ။ ဒါပေမယ့် မအိပ်ရဘူး။ ကျနော်တို့ ၉ ယောက်လုံး စစ်တယ်။"

ဟုတ်ကဲ့၊ ဘာတွေစစ်ဘာလဲ...

"နိုင်ငံရေး ဘယ်တုန်းကလုပ်သလဲ၊ ဘာအတွက်ကြောင့် လုပ်သလဲပေ့ါ။ ကျနော်က စစ်သားဆိုတော့ မိမိခံယူချက်နဲ့စစ်သားဆိုတော့လေ ဗိုလ်ချုပ်အောင်ဆန်းကိုချစ်လို့၊ တပ်မတော်ရဲ့ဖခင်က ဗိုလ်ချုပ်အောင်ဆန်း၊ အဲ့တော့ ဗိုလ်ချုပ်အောင်ဆန်းကိုချစ်တယ်။ ဗိုလ်ချုပ်အောင်ဆန်းကိုချစ်ရင် ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီး ဒေါ်အောင်ဆန်းစုကြည်ကိုချစ်တဲ့အတွက် ကျနော်တို့ခံယူချက်နဲ့ ကျနော်လုပ်တယ်။ ဒေါ်အောင်ဆန်းစုကြည် လွှတ်ဖို့တောင်းဆိုတယ်လို့ ပြောပါတယ်။ ဘာဖြစ်လို့ လွှတ်စေချင်လည်းပေ့ါ၊ ဒေါ်အောင်ဆန်းစုကြည်လွှတ်ရင် ကျနော်တို့တိုင်းပြည်ကောင်းသွားမယ်၊ တိုးတက်သွားမယ် အဲ့လိုမြင်လို့ တောင်းဆိုတယ်ပေ့ါ။ ကျနော် အဲ့ဒီတိုင်းပြောတယ်။ ဟုတ်လားတဲ့၊ ဟုတ်တာပေ့ါ လို့၊ အခုမကောင်းလို့လားတဲ့ ဒါခင်ဗျားတို့အမြင်ပဲလို့"။

အဲ့လိုမျိုးစစ်ပြီးတော့ နောက်ပိုင်းမှာ ဘယ်ကိုပို့လိုက်တာလဲ...

"ကျနော်တို့ ၃၀ ရက်နေ့ ၃၁ စစ်ပြီး ၂ ရက်နေ့ အင်းစိန်ထောင်တိုက်ထဲ ကျနော်တို့ကို တိုက်ရိုက်တန်းထည့်တာ။ တယောက်ချင်း၊ တိုက်တလုံးမှာ တယောက်ပေ့ါ။"

အခုပြန်လွှတ်လိုက်တဲ့အပေါ်မှာ ကိုမင်းသိန်းဘယ်လိုသဘောရလဲ...

"အဲ့လိုတော့ ကျနော့်စိတ်ထဲမှာတမျိုးပေ့ါ၊ ကျနော်တို့ကို ဖမ်းထားတာ ၉ ယောက်။ ၉ ယောက်လုံး လွှတ်ရင်တော့ ကျနော့်စိတ်ထဲမှာ အမှန်အကန်ဖြစ်တာပေ့ါ။ ၉ ယောက်လုံးမဟုတ်ဘဲ ၆ ယောက်ထဲကို ရွေးပြီးလွှတ်လိုက်တော့ စိတ်ထဲမကောင်းဘူး။ ဟိုထဲမှာလည်း အများကြီးရှိနေတယ်လေ။ ကျနော်မြင်တွေ့ခဲ့ရတော့ စိတ်မကောင်းဘူး။ ဒါတော့အမှန်ပဲ။"

---

# မြန်မာ့အရေး စက်ာပူနိုင်ငံသားနှစ်ဦး ဆန္ဒပြ

**DVB ၊ ဂျန်နဝါရီ ၁၃ ။** ။ မြန်မာ့အရေးထောက်ခံအားပေးတဲ့ စက်ာပူနိုင်ငံသား ၂ ဦး စက်ာပူအလုပ်သမားဝန်ကြီးဌာန MOM ရုံးရှေ့မှာဆန္ဒပြနေစဉ် ယမန်နေ့မွန်းလွဲပိုင်းမှာ ရဲတွေကဖမ်းဆီးပါတယ်။

အနီရောင်တီရှပ်ဝတ်ဆင်ထားတဲ့ စီလန်ပလေနဲ့ ချောင်ခိုက်ဆောင်တို့ဟာ 'မြန်မာ့အရေးလှုပ်ရှားသူတွေအပေါ် စက်ာပူအစိုးရက ဆိုးဆိုးဝါးဝါးအရေးယူဆောင်ရွက်နေမှုတွေကိုရပ်ပါ' လို့ အမိပ္ပါယ်ရတဲ့ အင်္ဂလိပ်စာတန်းပါကတ်ပြားကိုကိုင်ဆောင်ပြီး MOM ရုံးရှေ့မှာ ဆန္ဒပြခဲ့ကြတာပါ။ နာရီဝက်ခန့်အကြာမှာ သူတို့ကို ရဲတွေကဖမ်းဆီးပါတယ်။ ၂၀၀၇ နိုဝင်ဘာတုန်းက စက်ာပူမှာပြုလုပ်တဲ့ အရှေ့တောင်အာရှ ထိပ်သီးညီလာခံအစည်းအဝေးကိုတက်ရောက်လာတဲ့ မြန်မာစစ်အုပ်စုခေါင်းဆောင်တွေကိုဆန္ဒပြတဲ့ ကိုမိုးကျော်သူနဲ့ ကိုဝင်းကျော်တို့ကို စက်ာပူလူသားအရင်းအမြစ်ဆိုင်ရာဝန်ကြီးဌာနက အလုပ်လုပ်ခွင့်ဗီဇာထုတ်မပေးဘဲ ငြင်းဆိုတာကြောင့် ဆန္ဒပြရတာလို့ စီလန်ပလေကရှင်းပြပါတယ်။

"ဒီလဂျန်နဝါရီဆိုရင် ဗီဇာကကုန်ပြီလေ၊ ဒီမိုကရေစီအရေးဆောင်ရွက်နေသူတယောက်ကို မြန်မာပြည်ပြန်ပို့တာ မတရားပါဘူး၊ ဒီမှာရောက်နေတာ ၁၀ နှစ်ကျော်တောင်ကြာနေပြီ၊ အခုလိုပြန်ပို့တာ မတရားလို့ဆန္ဒပြရတာပါ"

လူ့အခွင့်အရေးကိုလျစ်လျူရှုပြီး နအဖစစ်အုပ်စုနဲ့သဘောတူညီထားချက်အရ နှင်ထုတ်တဲ့ စက်ာပူအာဏာပိုင်တွေကို ရဲရဲဝံ့ဝံ့ဆန္ဒပြတဲ့ စက်ာပူသားနှစ်ဦးရဲ့သတ္တိကို ချီးကျူးကျေးဇူးတင်တယ်လို့ ဗီဇာသက်တမ်းတိုးခွင့်မရတဲ့ ကိုဝင်းကျော်ကပြောပါတယ်။ စက်ာပူကပါဝင်လက်မှတ်ရေးထိုးထားတဲ့ အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံပဋိညာဉ်မှာ လူ့အခွင့်အရေးနဲ့ဒီမိုကရေစီကိုမြှင့်တင်မယ်လို့ အခြေခံစည်းမျဉ်းပြဌာန်းထားပါလျက် စက်ာပူအာဏာပိုင်တွေကမလိုက်နာဘူးလို့ ဗီဇာသက်တမ်းတိုးခွင့်မရသူ နောက်တဦးဖြစ် တဲ့ ကိုမိုးကျော်သူကပြောပါတယ်။

"မြန်မာပြည်ရဲ့ဒီမိုကရေစီပြန့်ပွားရေးနဲ့ လူ့အခွင့်အရေးတိုးတက်လာဖို့ သူတို့လုပ်ရမှာ၊ အခုတော့ အဲဒီလိုမဟုတ်ဘဲ ဒီလိုလုပ်တဲ့အတွက် ကျနော်တို့အနေနဲ့ သူတို့ပြောစကားဆိုစကားတွေနဲ့ သူတို့ပဋိညာဉ်နဲ့ အာဆီယံ အစိုးရတွေလုပ်တာတွေ တလွဲဖြစ်နေတယ်၊ သူတို့နှစ်ယောက်ဆန္ဒပြခြင်းအား ဖြင့် ပိုပြီးတော့ သိသာထင်ရှားစေတာပေ့ါ၊ အစိုးရဘက်က ဘယ်လိုမျိုးဆုံးဖြတ်ချက်ချချ ဒီလိုမျိုး ဗမာတွေရဲ့ကိုယ်စား သူ့နိုင်ငံအစိုးရကို ရဲရဲဝံ့ဝံ့ဆန္ဒပြသွားတဲ့ စီလန်ပလေနဲ့ ချောင်ခိုက်ဆောင်ကို ကျေးဇူးတင်တယ်"

ဆန္ဒပြတဲ့စက်ာပူသား ၂ ဦး ယမန်နေ့ညနေပိုင်းမှာ အာမခံနဲ့ပြန်လွှတ်လာပြီး နောက်တပတ်မှာ အမှုရင်ဆိုင်ရဖွယ်ရှိပါတယ်။ စက်ာပူအစိုးရကခွင့် မပြုလို့ ကိုမိုးကျော်သူနဲ့ ကိုဝင်းကျော်တို့လို ဗီဇာသက်တမ်းတိုးခွင့်မရဘဲ ပြည်ပကိုထွက်ခွါသွားရတဲ့ မြန်မာ့အရေးလှုပ်ရှားသူတချို့ မနှစ်တုန်းကရှိခဲ့ဘူးပါတယ်။

---

**စာမျက်နှာ ၃ မှ**

ရှိရေး All Inclusive and Multilaterals ပေးပါ ဆိုတဲ့ ၂ ချက်ကို ဖော်ပြတောင်းဆိုထားပြီး ဒီလိုဖြစ်မြောက်လာအောင် ကုလသမဂ္ဂအပါဝင် နိုင်ငံတကာအသိုက်အဝန်းတခုလုံးက နအဖစစ်အုပ်စုကို နားချဖျောင်းဖြ ဖိအားပေးပါလို့ တောင်းဆိုထားပါတယ်လို့ဆိုပါတယ်။

ဒီတောင်းဆိုချက်နဲ့ပတ်သက်ပြီး ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြဖို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် ဒီမိုကရေစီအင်အားစုတွေ တိုင်းရင်းသားအင်အားစုတွေကိုလည်း ကြေညာချက်က နှိုးဆော်ထားပါတယ်။

# မြောက်ကိုရီးယား လက်နက်ပညာရှင်တဦး မိတ္ထီလာတွင် သေဆုံး

**DVB ၊ ဇန်နဝါရီ ၁၅ ။** ။ နအဖစစ်အုပ်စုနဲ့ မြောက်ကိုရီးယားတို့ လျှို့ဝှက်ပြုလုပ်နေတဲ့ မြန်မာပြည်အလယ်ပိုင်း ညျူးကလီးယားစီမံကိန်းတခုက လက်နက်ကျွမ်းကျင်ပညာရှင် မြောက်ကိုရီးယားနိုင်ငံသားတဦး မိတ္ထီလာမြို့မှာ ကွယ်လွန်တယ်လို့ စစ်တပ်နဲ့နီးစပ်သူတဦးက ပြောပါတယ်။

ဒီလ ၉ ရက်နေ့က သေဆုံးတဲ့ အဲဒီကိုရီးယားလူမျိုးဟာ ခေါင်းကိုက်ဝေဒနာဆိုးဆိုးဝါးဝါးခံစားရလို့ အာဏာပိုင်တွေက မိတ္ထီလာ စစ်ဆေးရုံကို ပို့ဆောင်စဉ်လမ်းမှာသေဆုံးသွားတာလို့ အမည်မဖော်လိုသူ ဆေးရုံဝန်ထမ်းတဦးက ပြောပါတယ်။ ရုပ်အလောင်းကို ဇန်နဝါရီ ၁၁ ရက် မနက် ၇ နာရီမှာ မိတ္ထီလာမြို့ရှိ မြင်တော်ကန်သုသာန်မှာ ရန်အောင်မြင် နာရေးကူညီမှုအသင်းက သင်္ဂြိုဟ်ပေးတယ်လို့ မြို့ခံတဦးက ပြောပါတယ်၊ သင်္ဂြိုဟ်ပေးဖို့အတွက် မိတ္ထီလာစစ်ဆေးရုံက အကြောင်းကြားတာလို့ ရန်အောင်မြင် နာရေးကူညီမှုအသင်းတာဝန်ကျတဦးက ပြောပါတယ်။

“သင်္ဂြိုဟ်လိုက်တဲ့နေ့ကလည်း အစောကြီးပေါ့။ သင်္ဂြိုဟ်လိုက်တာလည်းသိတယ်။ နိုင်ငံခြားသားဆိုတော့ အဲ့ဒီဘက်ကပေါ့နော် ပတ်ဝန်းကျင်သိလို့လည်းမဖြစ်ဘူးတဲ့။” အသုဘမှာ သေဆုံးသူရဲ့မိသားစုလို့ယူဆရတဲ့ ကိုရီးယားတချို့နဲ့ အရပ်ဝတ်စစ်ဗိုလ်ချုပ်တချို့ကိုတွေ့ရပြီး အရိုးပြာတွေကို ပြန်လည်ယူဆောင်သွားတယ်လို့ဆိုပါတယ်။ သေဆုံးသူဟာ နအဖစစ်အုပ်စုရဲ့ လျှို့ဝှက်လက်နက်စီမံကိန်းတခုခုနဲ့ပတ်သက်သူဖြစ်လို့ သတင်းမထွက်ဖို့ အာဏာပိုင်တွေက ဖုံးဖုံးဖိဖိလုပ်တာပဲလို့ မိတ္ထီလာစစ်ဘက်အသိုက်အဝန်းနဲ့ နီးစပ်သူတွေက ပြောပါတယ်။ ဒီကိုးရီးယားလူမျိုးဟာ စစ်အုပ်စုကခေါ်ယူထားတဲ့ မြောက်ကိုးရီးယားနိုင်ငံသားပညာရှင်တဦးဖြစ်နိုင်တယ်လို့ ထိုင်း–မြန်မာနယ်စပ်အခြေစိုက် ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးဌာန စစ်ရေးအကဲခတ် ဦးဌေးအောင်ကပြောပါတယ်။

“မိတ္ထီလာတပိုက်မှာရှိတဲ့ လျှို့ဝှက်ထားတဲ့ သုတေသနလုပ်ငန်းတခုဖြစ်စေ၊ ဒါမှမဟုတ် စက်ရုံမှာလာရောက်လုပ်ကိုင်နေတဲ့ နိုင်ငံခြားသားကျွမ်းကျင်သူတယောက် ဖြစ်နိုင်တယ်လို့ ကျနော်ကယူဆပါတယ်။”

မိတ္ထီလာတပိုက်မှာ စစ်အုပ်စုက လျှို့ဝှက်စက်ရုံတွေတည်ဆောက် နေတဲ့သတင်းတွေရထားပြီး အထူးသဖြင့် မြင်းခြံခရိုင် တောင်သာမြို့နယ်ထဲမှာအထူးလျှို့ဝှက်စက်ရုံတခုတည်ဆောက်နေတယ်လို့ ဦးဌေးအောင်က ပြောပါတယ်။

“အဲဒီစက်ရုံက ဘာတွေလုပ်နေမှန်း ပြင်ပလောကလည်း မသိဘူး၊ ပြည်တွင်းကလည်း မသိဘူးပေါ့။ အဲဒီစက်ရုံတွေကို နိုင်ငံခြားသားတွေ အဝင်အထွက်ရှိတယ်ဆိုတဲ့ သတင်းတွေရတာရှိတယ်၊ အထူးသဖြင့် တောင်တွင်းကြီးတို့ မြို့သစ်အဲဒီဘက်တွေမှာလည်းပဲ မကြာခဏ မြောက်ကိုးရီးယား တွေ့ရတဲ့ဟာတွေရှိတယ်ကြားရတာတွေရှိတယ်”။

# ဗိုလ်ချုပ်သန်းရွှေရဲ့ တူကို ဖမ်းဆီး

**DVB ၊ ဇန်နဝါရီ ၁၃ ။** ။ မကွေးတိုင်း မြိုင်မြို့ ရေနံမှော်တွင်းပြဿနာဖြစ်ပွားမှုနဲ့ ပတ်သက်ပြီး ဖမ်းဆီးခံထားရသူတွေထဲမှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ တူတော်စပ် သူတဦး ပါဝင်တယ်လို့ မြို့ခံတွေက ပြောပါတယ်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ ညီမ တဝမ်းကွဲရဲ့သားဖြစ်သူနဲ့ သူ့ရဲ့ ယောက်ဖ ၂ ဦးဟာ ၉ ရက်နေ့ မနက်မှာ ရေနံကုမ္ပဏီမီးလောင်မှုနဲ့ဖမ်းဆီးခံရတာပါ။ ဖမ်းထားတာကို ချက်ချင်းပြန်လွှတ်ပေးဖို့ မနေ့က ဗိုလ်ချုပ်မှူးကြီးရဲ့ ညီမတဝမ်းကွဲတော်စပ်သူက လာရောက်ပြောဆိုခဲ့တယ်လို့ မြို့ခံတဦးကပြောပါတယ်။

“ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ နှမတဝမ်းကွဲရဲ့သားတဲ့။ သူ့အမေလာတယ်လို့ပြောတယ် ဒေါ်နှင်းဆီဆိုတာ။ မြို့နယ်မှူးကိုလည်း ချက်ချင်းလွှတ်ပေးပါဆို တော့ ဟိုကလည်း လွှတ်မပေးနိုင်ဘူး ဘာညာအနူးအညွတ် တောင်းပန်တာ။ “အဲ့ဒါ ၇ ရက်အတွင်းသိမယ်ဆိုပြီး မြို့နယ်မှူးဆီကလည်း မှတ်ပုံတင်အမှတ်တွေ ဘာတွေ ယူသွားတယ်ပြောတယ်။”

အဲဒီ ပြဿနာဖြစ်ပွားတဲ့ ရေနံမြေမှာ အခုဆိုရင် ည ၆ နာရီကနေ မနက် ၆ နာရီ အထိ ညမထွက်ရ အမိန့်ထုတ်ထားတယ်လို့ မြို့ခံတွေက ပြောပါတယ်။ ၈ ရက်နေ့ညက ကုမ္ပဏီကိုအစောင့်ချထားတဲ့ လုံခြုံရေးတပ်တွေရဲ့ပစ်ခတ်မှုကြောင့် သေနတ်ထိမှန်ခဲ့တဲ့ အမျိုးသမီးတဦးကိုလည်း ကုမ္ပဏီက လာခေါ်သွားပြီး ဘယ်မှာဆေးကုသပေးနေမှန်းမသိရကြောင်း အဲဒီမြို့ခံက ပြောပါတယ်။

“ဒဏ်ရာရတဲ့မဝင်းမာဆိုတာကို သူတို့က ဆေးကုရအောင်ဆိုပြီး ခေါ်သွားတာ။ သူ့မိဘတွေက မပေးဘူး။ သူတို့ခေါ်သွားတာ ခုထိပြန်မ ရောက်သေးဘူးပေါ့။ ဆေးရုံတို့ဘာမှာ ကုနေမယ်ထင်တယ်။ သူနေကောင်းသွား ရင်လည်း လက်မှတ်တွေ ဘာတွေထိုးခိုင်း၊ လျော်ကြေးပေးပြီးမှ ပြန်လွှတ်မယ်ထင်တယ်။”

ခုလ ၈ ရက်နေ့ညက နှောပင်ရေနံမြေမှာရှိတဲ့ ကောင်းဇော်ဟိန်း ကုမ္ပဏီကို ဒေသခံရေနံမြေလုပ်သားတွေက သူတို့ရပိုင်ခွင့်တွေ တောင်းဆိုပါတယ်။ ကုမ္ပဏီက ရေနံတွေကို ဈေးနှိမ်ဝယ်သလို၊ ကျသင့်ငွေကိုလဲ ချက်ချင်းရှင်းပေးတာမရှိကြောင်း၊ ဒ့ါအပြင် လွှတ်လပ်စွာရောင်းဝယ်ခွင့်တွေကိုလည်း ပိတ်ပင်ထားတယ်လို့ ဒေသခံတွေကပြောပါတယ်။ တောင်းဆိုမှုနဲ့ပတ်သက်ပြီး လုံခြုံရေးချထားတဲ့ စစ်တပ်ကပစ်ခဲ့ခတ်သလို မီးသတ်တပ်ဖွဲ့ဝင်တွေကပါ တုတ်တွေနဲ့ ရိုက်နှက်ခဲ့တာပါ။ အဲဒီအချိန်မှာ ရေနံကုမ္ပဏီ မီးလောင်ကျွမ်းခဲ့ပြီး ဆီပေပါ အလုံး ၁၀၀၊ ဆီသယ်ကားနဲ့ပိုက်ဆံ သိန်း ၇၀၀ လောက် မီးထဲပါသွားတယ်လို့ ဆိုပါတယ်။ မီးလောင်မှုနဲ့ပတ်သက်ပြီး ဖမ်းဆီးခံထားရသူ ၁၀ ဦးကျော် ရှိနေပြီး မြိုင်မြို့နယ်ရဲစခန်းမှာ ချုပ်နှောင်ထားတယ်လို့ မြို့ခံတွေက ပြောပါတယ်။

# ပညာရှင်များ စီးပွားပျက်ကပ်ကိစ္စ ဆွေးနွေး

**DVB ၊ ဇန်နဝါရီ ၁၅ ။** ။ ကမ္ဘာ့စီးပွားပျက်ကပ်နဲ့ပတ်သက်ပြီး မြန်မာစီးပွားပညာ ရှင်တွေ၊ လုပ်ငန်းရှင်တွေက လုပ်သင့်တာ၊ ပြင်ဆင်သင့်တာတွေကို ဆွေးနွေးအဖြေရှာနေကြပါတယ်။

စီးပွားရေးပညာရှင်တွေ ရန်ကုန်မှာ တွေ့ဆုံဆွေးနွေးတာ ၂ ကြိမ်ရှိသွားပြီဖြစ်ပြီး ဇန်နဝါရီ ၁၀ ရက် ငါးလုပ်ငန်းဦးစီးဌာနက ဦးစီးကျင်းပတဲ့ ဒုတိယအကြိမ်ဆွေးနွေးပွဲမှာ စီးပွားရေးတက္ကသိုလ် ပါမောက္ခဟောင်း ဦးမြင့်၊ ကမ္ဘာ့စီးပွားရေးဂျာနယ်အယ်ဒီတာချုပ် ခင်မောင်ညို (ဘောဂဗေဒ) နဲ့ ပထမပုဂ္ဂလိကဘဏ်အကြီးအကဲ ဒေါက်တာစိန်မောင်တို့ ပါဝင်ဆွေးနွေးပါတယ်။ ပို့ကုန်တွေကို အခွန်လျှော့ကောက်တာ၊ ထောက်ပံ့ကြေးပေးတာ၊ စီးပွားရေးနာလန်ထူအောင် အစိုးရကိုယ်တိုင် တွန်းအားပေးတာ၊ စီးပွားပျက်ကပ်ကာလမှာ ဆင်းရဲသားတွေကို လူမှုဖူလုံကြေးထောက်ပံ့တာ၊ စတဲ့အချက်တွေအပြင် စရိတ်လျှော့ချဖြတ်တောက် တာစတဲ့ လုပ်သင့်တဲ့လုပ်ငန်းစဉ် စတဲ့ကိစ္စတွေကို ဆွေးနွေးကြတယ်လို့ ဆွေးနွေးပွဲတက်ရောက်တဲ့ ခင်မောင်ညို(ဘောဂဗေဒ)က ပြောပါတယ်။

“ပကာသနအတွက် ကုန်ကျတဲ့ စရိတ်တွေဘာတွေကို ဘယ်လို ချွေတာကြမလဲဆိုတာတွေကို ပြောတယ်။ မိသားစုတခုချင်း ဘယ်လိုပြင်ဆင်ကြမလဲ၊ ဘယ်လိုရင်ဆိုင်ကြမလဲဆိုတာတွေပြောပါတယ်။” အရောင်းအဝယ်မကောင်းတဲ့ အခြေအနေကို သာမန်ပြည်သူတွေက လက်တွေ့ အရင်ဆုံးတွေ့ကြုံသိရှိပါတယ်လို့ရန်ကုန်က အရောင်းအဝယ်သမားတယောက်က ပြောပါတယ်။ အေးနေတဲ့ရာသီဥတုနဲ့အပြိုင် အရောင်းအဝယ်အေးနေပြီး လက်ထဲရှိတာလေးနဲ့ ချွေတာစားနေကြတာမို့ သား ငါးစတဲ့ အခြေခံစားကုန်ဈေးသည်တွေတောင် ရောင်းမကောင်းဘူးလို့ ပြောပါတယ်။

# ၂၀၀၈ ဒီဇင်ဘာ ၂၁ ရက်နေ့ထုတ် အမှတ်စဉ် ၆၈၉ Voice of Burma ၏ စာမျက်နှာ ၄ မှာဖော်ပြထားတဲ့ “ထိုင်းနိုင်ငံကဖွတ်ကျားကရေစီ” ကို ပြန်လည်ရှင်းလင်းချက်

ထိုင်းနိုင်ငံတွင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသားတဦးမှ ကျနော်တို့ထံ ပေးပို့လာသည့်စာကို တင်ပြလိုက်ခြင်းဖြစ်ပါသည်။

“ထိုင်းနိုင်ငံကဖွတ်ကျားကရေစီ” ဆောင်းပါးပါအချက်အလက်များဟာ ဖြစ်ရပ်မှန်နဲ့တခြားစီဖြစ်နေတဲ့အတွက် အမှန်အတိုင်းသိရှိကြရန်ရှင်းပြသင့်တာကြောင့် ရှင်းပြရခြင်းဖြစ်ပါတယ်။

ဝါကျတိုင်းကိုရှင်းပြရမလိုဖြစ်နေပေမယ့် အဓိကအချက်တွေလောက်ကို ဘဲထုတ်ပြီး အတိုချုပ်ရှင်းပြပါရစေ။

“လက်ရှိပြဿနာဟာ ဝန်ကြီးချုပ်ဟောင်းထတ်စင် ၂၀၀၁ နဲ့ ၂၀၀၅ ရွေးကောက်ပွဲတွေမှာ အပြတ်အသတ်အနိုင်ရလိုက်တဲ့ မကြုံဘူးတဲ့ဖြစ်ရပ်တွေမှာအခြေခံတယ်” လို့ ဆောင်းပါးရှင်က ခိုင်ခိုင်မာမာယုံကြည်နေပါတယ်။

ရွေးကောက်ပွဲမှာအနိုင်ရဘို့အလုပ်ဟာ နိုင်ငံရေးပါတီတွေရဲ့အလုပ်သာဖြစ်ပါတယ်။ ကိုယ့်ထမင်းကိုယ်စားနေတဲ့ပြည်သူတွေနဲ့မဆိုင်ပါဘူး။

ဝန်ကြီးချုပ်ရဲ့တာဝန်ကိုခုတုံးလုပ်ပြီး ကိုယ်ကျိုးရှာမှုများဟာ ပြဿနာရဲ့အစဖြစ်ပြီး ထတ်စင်ပိုင် “ချင်ကုမ္ပဏီ” ကို အမြတ်တော်ကြေးတပြားမှမပေးဘဲ ဘတ်ငွေသန်းပေါင်း ၇၃,၀၀၀ ကျော်ကျော်နဲ့ စင်ကာပူနိုင်ငံကို ၂၃–၁–၂၀၀၆ နေ့မှာရောင်းလိုက်တဲ့အခါ ပြဿနာပိုကြီးလာရတော့တာပါဘဲ။

“ရွေးကောက်ပွဲနိုင်တဲ့အစိုးရကိုဆန့်ကျင်ဘို့တည်ထောင်တဲ့အဖွဲ့ကို ပြည်သူ့ဒီမိုကရေစီမဟာမိတ် (ပီအေဒီ) လို့ခေါ်တယ်” ဆိုပြီး အဓိပ္ပါယ်မဲ့စွပ်စွဲထားပြန်ပါတယ်။ ရွေးကောက်ပွဲနိုင်တဲ့အစိုးရကိုဆန့်ကျင်ဘို့တည်ထောင်တဲ့အဖွဲ့မျိုး ထိုင်းရာဇဝင်မှာမရှိပါဘူး။ ဒါပေမဲ့ အာဏာရှင် ကိုယ်ကျိုးရှာ တိုင်းပြည်ရောင်းစားတဲ့အစိုးရမျိုးဖြစ်လာရင်တော့ ထိုင်းလူမျိုးတွေဟာ ခေါင်းငုံ့မခံဘဲ အသက်နဲ့လဲပြီးဆန့်ကျင်ကြတာချည်းပါပဲ။ ဗမာပြည်ကကြံ့ဖွတ်ကလည်း အစိုးရကိုဆန့်ကျင်ဘို့တည်ထောင်တဲ့အဖွဲ့မဟုတ်ပါဘူး။

(ပီအေဒီ) ပေါ်ပေါက်လာရပုံ ။ ။ ထတ်စင်ဝန်ကြီးချုပ်ဖြစ်ပြီး သုံးနှစ်လောက်မှာ ထတ်စင်ရဲ့လုပ်ရပ်တွေကိုဝိုင်းဝန်းထောက်ခံပေးတဲ့ ‘တပတ်အတွင်းထိုင်းနိုင်ငံ’ ဆိုတဲ့အစီအစဉ်ကို အစိုးရပိုင် TV လိုင်း ၅ ကနေ သောကြာနေ့ညနေတိုင်းမှာ ထုတ်လွှင့်ခဲ့ပါတယ်။ ၂ နှစ်လောက်ဆက်တိုက်ထောက်ခံလာခဲ့ရာကနေ ထတ်စင်ကို ဆိုင်းမဆင့်ပုံမဆင့်ဘဲ ပြုန်းစားကြီးပြန်ဝေဖန်လာပါတယ်။ နှစ်ပတ်သုံးပတ်လောက် ဆက်တိုက်ဝေဖန်လာတဲ့အခါ အဆိုပါအစီအစဉ်ကိုTV မှဖြုတ်လိုက်ပါတယ်။

TV ကနေအဖြုတ်ခံလိုက်ရပေမယ့် ‘တပတ်အတွင်းထိုင်းနိုင်ငံ’ ဆိုတဲ့အမည်နဲ့ပဲ လူစည်ကားရာပန်းခြံတွေမှာ သောကြာနေ့ညနေတိုင်း ဆက်ပြီးဝန်ကြီးချုပ်ထတ်စင်ရဲ့လုပ်ရပ်တွေကို ဝေဖန်ခဲ့ပါတယ်။ အဲဒီလို သောကြာနေ့ညနေတိုင်း မှန်မှန်ကျင်းပလာရာက စိတ်ဝင်စားသူများ တပတ်ထက်တပတ် များများလာတဲ့အခါ လမ်းပေါ်ထွက်ပြီးဆန္ဒပြလာကြတဲ့အထိ ဖြစ်လာပါတော့တယ်။ ဆန္ဒပြပွဲကြီးဖြစ်လာတဲ့အခါ ‘တပတ်အတွင်းထိုင်းနိုင်ငံ’ ဆိုတဲ့ ကိုယ်ပိုင်အမည်ကိုဖျက်ပြီး “ဒီမိုကရေစီအတွက်မဟာမိတ်ပြည်သူများ (ပီအေဒီ)” ဆိုတဲ့အမည်နဲ့လှုပ်ရှားလို့ (ပီအေဒီ) ပေါ်လာရခြင်းဖြစ်ပါတယ်။

(ပီအေဒီ) ဟာ အမည်သက်သက်သာဖြစ်ပါတယ်။ (ပီအေဒီ) မှာ ရုံးမရှိဘူး။ ဥက္ကဌ၊ အတွင်းရေးမှူးလည်းမရှိသလို၊ အဖွဲ့ဝင်ဆိုတာလည်းမရှိဘူး။ ဒါပေမဲ့ အစိုးရဆိုးတွေကိုမောင်းထုတ်ကြတော့မယ်ဆိုရင် လမ်းမပေါ်အလိုလိုထွက်လာကြပြီး စုစည်းလာကြတဲ့ထိုင်းလူထုကြီးဟာ (ပီအေဒီ) တွေပါဘဲ။

မဲပေးဘို့သက်သက်မဟုတ်ဘဲ မဲနိုင်လို့တက်လာတဲ့အစိုးရကိုလည်း ဆက်လက်စစ်ဆေးနေရမယ်လို့အသိစိတ်ရှိတဲ့ပြည်သူတွေဟာ (ပီအေဒီ) တွေပါဘဲ။ ၂၀၀၆ စက်တင်ဘာလ ၁၉ ရက်နေ့မှာ စစ်တပ်ကအာဏာသိမ်းတာနဲ့ ပတ်သက်လို့ ဘုရင့်အတိုင်ပင်ခံအဖွဲ့ဥက္ကဌ ဗိုလ်ချုပ်ကြီးဟောင်းရဲ့လက်ချက်လို့ ထတ်စင်ကသွယ်ဝိုက်ပြီး ယနေ့အထိစွပ်စွဲနေပါတယ်။

ကြည်းတပ်ဗိုလ်ချုပ်ကြီးရာထူးကအဖြုတ်ခံရမှာကြောက်လို့၊ တနည်းပြောရရင် ကြည်းတပ်ဗိုလ်ချုပ်ကြီးဟာ သူ့ကိုယ်ကျိုးအတွက် အာဏာသိမ်းတယ်လို့ (ပီအေဒီ) လူထုခေါင်းဆောင်တယောက်ကတော့ အကြိမ်ကြိမ် ပြောင်စွပ်စွဲခဲ့ပါတယ်။

အာဏာသိမ်းဗိုလ်ချုပ်တွေကတော့ အာဏာသိမ်းရခြင်းရဲ့ အဓိကအချက် ၄ ချက်ကိုထုတ်ပြန်ခဲ့ပေမဲ့ အချက်တချက်ကလေးကိုတောင်မှအကောင်အထည်မဖော်နိုင်ခဲ့လို့ ပြဿနာတွေ ဒီနေ့ထိ ထိုင်းနိုင်ငံမှာရှုပ်ထွေးနေရခြင်းဖြစ်ပါတယ်။

ထိုင်းနိုင်ငံရေးပါတီတွေအဖျက်ခံရတာရယ်၊ အဖျက်ခံရတဲ့ပါတီတွေရဲ့ ဗဟိုအလုပ်မှုဆောင်လူကြီးများ ၅ နှစ်နိုင်ငံရေးမလုပ်ရဘူးဆိုတဲ့ဆုံးဖြတ်ချက်ဟာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၇၀ အရ ရွေးကောက်ပွဲကော်မတီကဆုံးဖြတ်တာပါ။ တရားရုံးနဲ့ လုံးဝမပတ်သက်ပါဘူး။ မဲဝယ်တယ်လို့အတိုင်ခံရတဲ့ အမတ်လောင်းကို ရွေးကောက်ပွဲကော်မတီက စုံစမ်းစစ်ဆေးရပါတယ်။ ကော်မတီလူကြီး ၅ ဦးရှိတဲ့အထဲက ၃ ဦးအတည်ပြုရင် အတည်ဖြစ်ပါတယ်။ အပြစ်ကလွတ်တဲ့သူများလည်းရှိသလို၊ အဝါကတ်၊ အနီကတ်အပေးခံရတဲ့သူများလည်းရှိပါတယ်။ အနီကတ်အဝါကတ်ရတဲ့သူတွေရဲ့နယ်မြေတွေမှာ အသစ်ထပ်ရွေးရပါတယ်။ အဝါကတ်ရတဲ့သူများကတော့ အမတ်အဖြစ် ထပ်မံအရွေးခံခွင့်ရှိပြီး အနီကတ်ရတဲ့သူများမှာတော့ ထပ်အရွေးခံခွင့်မရှိဘူး။ ဒ့ါအပြင် အနီကတ်ရတဲ့အမတ်လောင်းဟာ ပါတီဗဟိုအလုပ်အမှုဆောင်လူကြီးဖြစ်နေတယ်ဆိုရင် ပါတီပါအဖျက်ခံရရုံမက ဗဟိုအလုပ်အမှုဆောင်လူကြီးများလည်း နိုင်ငံရေးက ငါးနှစ်အနားယူရပါတယ်။

ရွေးကောက်ပွဲကော်မတီမှာ နိုင်ငံရေးပါတီတွေကိုဖျက်သိမ်းနိုင်တဲ့အာဏာမရှိဘူး။ ရွေးကောက်ပွဲကော်မတီဟာ မိမိတို့ရဲ့စစ်ဆေးဆုံးဖြတ်ချက်အရ ပါတီဖျက်သိမ်းပေးဘို့ ဖွဲ့စည်းပုံအုပ်ချုပ်ပုံအခြေခံဥပဒေတရားရုံးမှာ တရားစွဲရပါတယ်။

မဲဝယ်တယ်လို့အတိုင်ခံထားရပေမယ့် စုံစမ်းစစ်ဆေးဘို့ အချိန်မပေးနိုင်သေးလို့ဘဲဖြစ်ဖြစ်၊ လွှတ်တော်ခေါ်ဘို့ အမတ်ဦးရေမပြည့်မှာစိုးလို့ဘဲဖြစ်ဖြစ်၊ ရွေးကောက်ပွဲကော်မတီက အဆိုပါအမတ်လောင်းတွေကို အမတ်အဖြစ် ယာယီအသိအမှတ်ပြုနိုင်ပါတယ်။ ယာယီအသိအမှတ်ပြုခံထားရတဲ့အချိန်မှာ နိုင်ငံရေးတာဝန်များကို လွတ်လွတ်လပ်လပ်ထမ်းဆောင်ခွင့်ရှိပါတယ်။ အမတ်အဖြစ်ယာယီအသိအမှတ်ပြုခံထားရတဲ့ပုဂ္ဂိုလ်တွေကို ရွေးကောက်ပွဲကော်မတီက အနီကတ်တိုက်ရိုက်ပေးပိုင်ခွင့်မရှိတော့ပါဘူး။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရားရုံးဆီမှာ အနီကတ်ပေးဘို့ ရွေးကောက်ပွဲကော်မတီကတရားစွဲရပါတယ်။ အနီကတ်အပေးခံရတဲ့ပုဂ္ဂိုလ်ဟာ ပါတီဗဟိုအလုပ်အမှုဆောင်လူကြီးဖြစ်နေပြန် ရင် ပါတီဖျက်သိမ်းပေးဘို့ အဆိုပါတရားရုံးဆီမှာ ရွေးကောက်ပွဲကော်မတီက တရားတခါထပ်စွဲရပြန်ပါတယ်။ ဒီဥပဒေ ဒီလိုစည်းကမ်းတွေကြောင့် ရွေးကောက်ပွဲပြီးလို့ တနှစ်လောက်ကြာမှ ပါတီဖျက်သိမ်းခံရတာမျိုး ကြုံရခြင်းဖြစ်ပါတယ်။

“၂၀၀၇ အခြေခံဥပဒေကိုပြင်ဆင်ပြီး ၁၉၉၇ အခြေခံဥပဒေကိုပြန်လည်အသက်မသွင်းနိုင်ရင် ဖွတ်ကျားဒီမိုကရေစီကျင့်သုံးတယ်လို့ပြောရမယ်” လို့ ဟိတ်နဲ့ဟန်နဲ့ဩဝါဒပေးခဲ့ပေမယ့် ဘယ်ပုဒ်မတွေကြောင့် ဖွတ်ကျားဒီမိုကရေစီဖြစ်နေရတယ်ဆိုတာကို ဆောင်းပါးရှင်က တိတိကျကျမထောက်ပြတဲ့အတွက် မျက်စိမှိတ်ပြီး ဝါးလုံးရှည်နဲ့ရမ်းထားသလိုဖြစ်နေပါတယ်။

**စာမျက်နှာ ၁၉ သို့**

**ဂျန်နဝါရီ ၁၁ ၊ Guardian(Nigeria) ။ ။** နိုင်ဂျီးရီးယားအစိုးရမှ နအဖသို့ နှောင်ကြိုးမဲ့ ကြပ်မတ်မှုမလို မုန်တိုင်းကူငွေအတွက် ကုလမှ ပူပင်နေကြောင်း။

**ဂျန်နဝါရီ ၁၂၊ BKK ။ ။** အနောက်နိုင်ငံများကဲ့သို့ ပိတ်ဆို့မှုမသုံးဘဲ မြန်မာဒီမိုကရေစီရရေးမူကျင့်သုံးမည်ဟု ထိုင်းဝန်ကြီးချုပ်သစ် Abhisit Vejjajiva မှ ထိုင်းရောက်နအဖ နိုင်ငံခြားရေးဝန်ကြီးဦးကျော်သူနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးတို့ ဆွေးနွေးအပြီးတွင် ဆို၏။

**ဂျန်နဝါရီ ၁၂၊ Manila Times ။ ။** မြန်မာဒီမိုကရေစီရရေးအတွက် မားမားမတ်မတ်ရပ်လေ့ရှိသည့် ဖိလစ်ပိုင်သည် ကုလသမဂ္ဂတွင် နိုင်ငံရေးအကျဉ်းသားအားလုံးအား လွှတ်ရန် ဆုံးဖြတ်ချက်ချရာတွင် ထိုင်း၊ အင်ဒိုနီးရှား၊ စင်္ကာပူတို့နှင့် အတူ မဲမပေးဘဲနေခဲ့ခြင်းဖြင့် လုပ်သင့်သည့်လုပ်ရပ်ကောင်းတခု လွှတ်ခဲ့ရခြင်းသည် ဖိလစ်ပိုင် ထိပ်သီးတဦး နအဖထိပ်သီးများနှင့် ရင်းနှီးမှုကြောင့်ဟု ယူဆရကြောင်း သတင်းဝေဖန်သူမှဆို၏။

**ဂျန်နဝါရီ ၁၂၊ NEJ ။ ။** ဘင်္ဂလားဒေ့ရှ်နယ်စပ်ပြဿနာအပြီး ရခိုင်ပြည်နယ်သို့ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ၉ ရက်တွင်လာရာ ၅ ရက်နေ့မှစ၍ ကားများချောဆွဲခဲ့၏။

**ဂျန်နဝါရီ ၁၂၊ တိုကျို ။ ။** တရုတ်တွင် ကုန်ကျစရိတ်တက်လာ၍ ဂျပန်သည် ထုံးစံအတိုင်းတရုတ်လုပ်ပစ္စည်းထက် မြန်မာနှင့် ကျန်အာရှနိုင်ငံများမှ ပစ္စည်းမှာ ယူနေ၏။

**ဂျန်နဝါရီ ၁၃၊ RGN-AP ။ ။** ပိုလီယိုရောဂါပပျောက်ပြီဟု ၂၀၀၃ တွင် ကြေညာသော မြန်မာသည် ပိုလီယိုတိုက်ဖျက်ရေးပြန်ကြိုးပမ်းနေ၏။

**ဂျန်နဝါရီ ၁၃၊ DVB ။ ။** မြန်မာဘလော့ဂါလူငယ်ငါးဦး စီစဉ်ပြီး ပြည်တွင်းပြည်ပဘလော့ဂါများနှင့် ဖွဲ့စည်းထားသည့် အမ်အမ်ဘလော့ဂ် ပရက်စ်အဖွဲ့မှ မြန်မာ့ဘလော့ဂ် ၁၁ ခုအား အကောင်းဆုံးအဖြစ် ယနေ့ကြေညာ၏။ ကိုမိုးသီး၊ မသက်ဇင်၊ နိုင်းနိုင်းစနေ၊ မင်းဒင်၊ ကောင်းကင်ကို၊ ခေတ်ပြိုင်၊ နစ်နေမန်းနှင့် ညီလင်းဆက်တို့ပါဝင်၏။

**ဂျန်နဝါရီ ၁၃၊ DVB ။ ။** မြင်းခြံ ခမရ ၁၅ မှ အရာရှိ ၂ ဦးသည် ကာရာအိုကေ ဆိုင်တဆိုင်တွင် သေနတ်ထုတ် သောင်းကျန်းကြောင်း မြို့ခံများမှဆို၏။

**ဂျန်နဝါရီ ၁၃၊ NEJ ။ ။** အန်အယ်လ်ဒီနှင့် ဦးဝင်းတင်အား သိက္ခာကျစေမည့် သတင်းရေးသားခဲ့သည့် ရန်ကုန်ဒီပီအေသတင်းထောက် ကိုကို (စက်မှုတက္ကသိုလ်) အား အရေး ယူရန် နိုင်ငံတကာအတိုက်အခံများမှ ဒီပီအေသတင်းဌာနအား ဖိအားပေးပြီးမကြာခင် ထိုအမှုစတင်စစ်ဆေးနေပြီဖြစ်ကြောင်း။

**ဂျန်နဝါရီ ၁၃၊ Straits Times ။ ။** စင်္ကာပူပါလီမန်ရှေ့တွင် တရားမဝင်စုဝေးကာ နအဖဆန့်ကျင်ရေးဆန္ဒပြပွဲတွင်ပါဝင်ခဲ့သူ ကိုမိုးကျော်သူနှင့် ကိုဝင်းကျော်တို့အား အလုပ်ပါမစ်ဗီဇာသက်တမ်းတိုးမပေး၍ MOM ရှေ့တွင် ဆန္ဒပြသူ စင်္ကာပူမှ Seelan Palay(24)နှင့် Chong Kai Xiong(27) တို့အား အဖမ်းခံခဲ့ရကြောင်း။

**ဂျန်နဝါရီ ၁၃၊ NEJ ။ ။** ၂၀၀၈–၀၉ အတွက် မြန်မာစစ်အုပ်စု ဘတ်ဂျက်မှာ သုံးစွဲငွေများနေသည့်အတွက် ကျပ်ငွေ ဘီလီယံ ၇၀၀ ကျော်လိုငွေပြနေကြောင်း။

**ဂျန်နဝါရီ ၁၃၊ DVB ။ ။** နေရပ်ဝေးလံ၍ ကျောင်းဖွင့်ရက်အချိန်မီမသိသဖြင့် ကျောင်းအပ်နောက်ကျသူ ရန်ကုန် ကွန်ပျူတာတက္ကသိုလ် ကျောင်းသားအချို့ကျောင်းနေခွင့် တနှစ် နစ်နာရကြောင်း။

**ဂျန်နဝါရီ ၁၃၊ DVB ။ ။** မြန်မာပြည်သူများ စစ်ဖိနပ်အောက်မှလွတ်မြောက်ရေး ဘုရားစာဖြန့်ဝေသည့်လှုပ်ရှားမှု ပြည်ပမြန်မာ့ဒီမိုကရေစီအင်အားစု ၂ ခုမှ ဆက်လက် လှုပ်ရှားနေရာ ဘုရားစာအုပ်ရေ တသောင်းကျော် ဖြန့်ဝေပြီးကြောင်း ရှမ်းပြည်လူ့အခွင့်အရေးအဖွဲ့အတွင်းရေးမှူး စိုင်းမျိုးဝင်းမှဆို၏။

**ဂျန်နဝါရီ ၁၄၊ DVB ။ ။** ဂျန်နဝါရီ ၃ နေ့က မြင်းခြံ ဂျီတီစီ ကျောင်းသား ၂ ဦး ဆိုင်ကယ်ချင်းတိုက်သေဆုံးမှုတွင် ဝင်တိုက်သူမန္တလေးတိုင်းရဲမှူး၏တူကို အရေးမယူကြောင်း။

**ဂျန်နဝါရီ ၁၄၊ DVB ။ ။** မြန်မာတနိုင်ငံလုံးတွင် အခြေခံစားသောက်ကုန်ဈေးနှုန်းကျဆင်းနေသော်လည်း ပြည်သူအများစုသည် ဝယ်ယူစားသောက်နိုင်ခြင်းမရှိကြောင်း။

**ဂျန်နဝါရီ ၁၄၊ DVB ။ ။** ရောဝတီတိုင်း ဇလွန်မြို့ကို ဗိုလ်ချုပ်သန်းရွှေ သွားရောက်ပြီးနောက် မယက အဖြုတ်ခံရပြီး ခယကလည်း နယ်ပြောင်းခံရကြောင်း မြို့ခံများမှဆို၏။

**ဂျန်နဝါရီ ၁၄၊ DVB ။ ။** နာဂစ်ဘေးဒဏ်ဒေသတွင် လယ်ကေသောင်းချီပျက်စီးခဲ့လင့်ကစား တနိုင်ငံလုံး၏စပါးထွက်နှုန်းနှင့်ယှဉ်လျှင် မပြောပလောက်ဟု နအမှဆို၏။

**ဂျန်နဝါရီ ၁၄၊ DVB ။ ။** မြန်မာသည် မြောက်ကိုရီးယား၊ ဇင်ဘာဘွေ၊ ကျူးဘားတို့နှင့်အတူ ကမ္ဘာ့စီးပွားရေးလွတ်လပ်ခွင့် အကင်းမဲ့ဆုံး လေးနိုင်ငံဖြစ်ကြောင်း ဟာရီတေ့ချ် ဖေါင်ဒေးရှင်းနှင့် ဝေါစထရိဂျာနယ်တို့၏ နှစ်စဉ်ထုတ် စီးပွားရေးလွတ်လပ်ခွင့် စစ်တမ်းမှဆို၏။

**ဂျန်နဝါရီ ၁၄၊ AAPP ။ ။** ဂျန်နဝါရီ ၃ နေ့တွင် မန္တလေးတက္ကသိုလ် ပထမနှစ်မှ ဗကသကျောင်းသား ဘိုမင်းယုကို(၂၂နှစ်) အား ထောင် ၁၀၄ နှစ်ချ လိုက်ကြောင်း။

**ဂျန်နဝါရီ ၁၄၊ DVB ။ ။** မြန်မာရှိ ဗြိတိန် အာမခံကုမ္ပဏီများ စစ်အုပ်စုသို့ လာဘ်ပေးမှုရှိမရှိ စုံစမ်းဖေါ်ထုတ်ရန် လန်ဒန်အခြေစိုက် ဘားမားကန်ပိန်းယူကေမှ တောင်းဆို၏။

**ဂျန်နဝါရီ ၁၅၊ HANOI ။ ။** ဗီယက်နမ်မှ ဖုံးကုမ္ပဏီ Viettel သည် ရန်ကုန်တွင် ရုံးဖွင့်၍ စီးပွားလုပ်ရန်စီစဉ်နေ၏။

**ဂျန်နဝါရီ ၁၅၊ DVB ။ ။** ယခုလ ၉ ရက်နေ့တွင် မြောက်ကိုရီးယား လက်နက်ပညာရှင်တဦး မိတ္ထီလာတွင် ခေါင်းကိုက်သေဆုံးခဲ့ကြောင်း။

**ဂျန်နဝါရီ ၁၅၊ DVB ။ ။** ညောင်လေးပင်မြို့နယ်တွင် လယ်သိမ်းပြီး ဘုရားတည်မှုကို သံဃာ့မဟာနယကမှ ဘက်လိုက်ဖြေရှင်းခဲ့ကြောင်း။

**ဂျန်နဝါရီ ၁၅၊ Mizzima ။ ။** ဂျန်နဝါရီနောက်ဆုံးပတ်တွင် အအေးလွန်ကာ ဟားခါးဒေသတွင် သုံညဒီဂရီထိ ကျဆင်းမည်ဟု မိုးလေဝသအရာရှိတဦးမှဆို၏။

**ဂျန်နဝါရီ ၁၅၊ WTN ။ ။** နာဂစ်မုန်တိုင်းနောက် မြန်မာ၏လူ့အခွင့်အရေးဖေါက်ဖျက်မှုသည် ပိုဆိုးဝါးကြောင်း ဝါရှင်တန်အခြေစိုက် Human Rights Watch မှဆို၏။

**ဂျန်နဝါရီ ၁၅၊ NEJ ။ ။** ယခုနှစ် ဘွဲ့တံဆိပ်လျှောက်သည့်သံဃာနည်း၍ စာချဆရာတော်များ ဓမ္မကထိကဆရာတော်များအား ဘွဲ့တံဆိပ်လျှောက်ရန် နအဖမှမလိမ့် တပတ်လုပ်ခဲ့သည်။

**ဂျန်နဝါရီ ၁၅၊ NEJ ။ ။** ပူတာအိုထောင်တွင် ထောင် ၆၅ နှစ်ကျ ၈၈ မျိုးဆက်ခေါင်းဆောင် ကိုအောင်သူ၏ ခြေထောက်လိုလာပြီး အစာမျိုခက်ခဲလာကြောင်း။

**ဂျန်နဝါရီ ၁၆၊ WTN ။ ။** အမေရိကန် ဘာရေးဌာန၏ ပြည်ပမှပိုင်ဆိုင်မှုထိန်းသိမ်းရေးရုံး(OFAC)သည် ဇော်ဇော်နှင့် ဝင်းအောင်တို့အား စစ်အုပ်စုကို အမိက ထောက်ခံသူ အမည်ပျက်စာရင်းသွင်းကာ ယနေ့ ကန့်သတ်ပိတ်ပင်လိုက်၏။

**ဂျန်နဝါရီ ၁၆၊ PARK CITY, Utah, USA ။ ။** Sundance လွတ်လပ်စွာရုပ်ရှင်ပွဲတော်တွင် HBO သည် ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးကို မြေအောက်ဗွီဒီယိုသတင်းများ အမေရိကန်တွင် ပြခွင့်ရရန် လျှောက်ထား၏။

# တရုတ်မြို့ပေါ်ရောက် "ထွေးညို" နှင့် "စာဥ" တို့ ရွာပြန်ပြီ

## ( တပြည်လုံး လူဦးရေက သန်းပေါင်း ၁၃၀၀၊ နယ်ရှိဦးရေက သန်းပေါင်း ၇၄၀၊ စိုက်စရာမြေကမရှိတော့ )

မောင်ပုည (သြစတြေးလျား)

(၁)

"လီဟန်ရှီ (Lee Han Shih) အထက်တန်းဂျာနယ်လစ် (Asia) စက်ာပူ၊ ခင်ဗျားရဲ့ တရုတ်ပြည်အကြောင်းအရာကို တတိယအနေနဲ့ ကျနော်ဖတ်ရပါတယ်ဗျာ၊ ပထမဖတ်ရတာက တရုတ်ကွန်မြူနစ်ပါတီရဲ့ (mouth piece) ဖြစ်တဲ့ ပြည်သူ့နေ့စဉ် (People's Daily) သတင်းစာမှာပါလာတဲ့ တရုတ်ကွန်မြူနစ်ပါတီရဲ့အတွင်းရေးမှူးနဲ့ သမတဖြစ်သူ 'ဟူဂျင်တောင်' (HuJintao) ရဲ့ အဖွဲ့ဝင် ၂၅ ဦးပါတဲ့ ပေါ်လစ်ဗျူရိုမှာပြောကြားတဲ့မိန့်ခွန်းကို (The Times) က တဆင့်ဖတ်ရတယ်ဗျာ"

"လီဟန်ရှီခင်ဗျား၊ ဒုတိယကတော့ 'The Wall Street ' ဂျာနယ်မှာပါတဲ့ တရုတ်ပြည် 'ရွှမ်ဖူး' (Shuangfu) ရွာကနေ 'ရှုန်အော်စတာ' (Shai Oster) ရဲ့ဆောင်းပါးဖြစ်ပါတယ်၊ ဒီနေရာမှာ ၂၁ ရာစုရဲ့ တရုတ်ရေးရာကိစ္စ တွေကျနော်ဉာဏ်မီသလောက် လေ့လာသုံးသပ်ရာမှာ ကျနော်ကတော့ စိတ်ရှည်ရှည်ထားပါတယ်၊ ခင်ဗျားလည်းသိပါတယ်၊ ၁၉၇၀ ခုနှစ်လောက်က ကမ္ဘာမှာ ဆိုရှယ်လစ်စနစ်က အားကောင်းမောင်းသန်ဖြစ်ခဲ့သေးတယ်မဟုတ်လား၊ ၁၉၉၀ ခုနှစ်လည်းရောက်ရော၊ 'ပါရာစထရိုက်ဂါ' နဲ့ 'ဂရပ်စနော့' ပေါ်လာပြီး 'ရီဂင်နဲ့သက်ချာ' တို့ ပန်းပန်ခဲ့ကြတယ်မဟုတ်လားဗျာ၊ တဆက်ထဲမှာပဲ 'ဘာလင်တံတိုင်း' ကြီးလည်း ကျိုးကြေသွားပါတော့တယ်လေ"

"ပထမ မစ္စတာဟူရဲ့ပြောကြားချက်ကို ကျနော်ဖတ်ရတဲ့အခါ (၁) က တရုတ်ပြည်ဟာ လူဦးရေ သန်းပေါင်း ၁၃၀၀ ရှိတယ်၊ တရုတ်ကွန်မြူနစ်ပါတီဝင်ပေါင်းဟာ သန်းပေါင်း ၇၀ ရှိတယ်၊ (၂) ကတော့ ကမ္ဘာ့ရဲ့စတုတ္ထမြောက် ဈေးကွက်ကြီး ကျိုးပျက်ခဲ့ရပြီ၊ (၃) က တရုတ်ပြည်မှာ စက်ရုံအလုပ်ရုံတွေပိတ်လိုက်ရပြီ၊ ထုတ်ကုန်ဆိုလို့ အနည်းငယ်ပဲရှိတော့တယ်၊ ဆောက်လုပ်ရေးစီမံကိန်းတွေလည်း ရပ်ဆိုင်းကုန်ပါပြီ၊ အလုပ်လက်မဲ့တွေ တဟုန်ထိုးတိုးလာတဲ့အတွက် လူမှုရေးမငြိမ်မသက်မှုတွေလည်းဖြစ်ရပြီ၊ ဒီစီးပွါးရေးပျက်ကပ်ထဲမှာ တရုတ်ပြည်ပါခံစားနေရပြီ၊ သိန်းသန်းချီတဲ့ မြို့ပေါ်ရောက်အလုပ်သမားတွေကို ရှေ့လတရုတ်နှစ်သစ်ကူးကစပြီး သူတို့မြို့ကို သူတို့ရွာကို သူတို့ရဲ့လယ်ကွင်းတွေဆီကိုပြန်ခိုင်းပါတော့တဲ့"

"ပြီးခဲ့တဲ့လမှာ တရုတ်ပြည်ဟာ ကမ္ဘာ့စီးပွါးရေးပျက်ကပ်ကိုအဖတ်ဆယ်နိုင်ရန်အတွက် တရုတ်ယွမ်ပေါင်း 'လေးထရီလီယံ' (Four trillion yuan) ထည့်သွင်းပြီး ကျားကန်ပေးခဲ့ပါတယ်၊ ၁၉၇၆ ခုနှစ်မှာ ဥက္ကဋ္ဌကြီးမော်စီတုံးလည်းကွယ်လွန်ပြီ၊ လက်ဝဲစွန်းယဉ်ကျေးမှုတော်လှန်ရေးကြီးလည်းပြီးဆုံးတော့မယ်ဆိုတဲ့အခါ ပါတီဟာ ဥပဒေဘောင်ထဲက သူ့ရဲ့အရည်အသွေးနဲ့ တိုးတက်မှုတွေကို ပြသခဲ့ပါတယ်၊ အဲဒီအခါ ခေါင်းဆောင်ကြီး 'ဒင်ရှော်ပင်' က မြို့ပေါ်မှာရှိတဲ့ 'အလယ်အလတ်လူတန်းစား' တွေကိုကြည့်ပြီး သူတို့ကိုချမ်းသာကြွယ်ဝခွင့်ကိုပေးဘို့ပြောခဲ့ပါတယ်၊ ဒါတွေကိုဆင်ခြင်သုံးသပ်ပြီး ပါတီကိုအချိုးညီစွာသုံးသပ်ကြဘို့လိုပါတယ်"

"လီဟန်ရှီခင်ဗျား၊ ပါတီပေါ်လစ်ဗျူရိုမှာ မစ္စတာ 'ဟူ' ပြောတာကတော့ ဒီလောက်နဲ့ ဒီအခြေအနေနဲ့ပဲ ပါတီလိုင်းကိုပြောင်းလဲဘို့နဲ့ ပတ်ဝန်းကျင်နဲ့ကိုက်ညီစွာ တိုးတက်ရေးနဲ့ လုံခြုံရေးကိုကြိုးပမ်းဘို့ပဲဖြစ်ပါတယ်"

(၂)

"မစ္စတာလီဟန်ရှီခင်ဗျား၊ ဒုတိယ ကျနော်ဖတ်ရတာက တရုတ်ပြည်ရွှမ်ဖူးရွာကိုရောက်နေတဲ့ ရှုန်အော်စတာရဲ့ဆောင်းပါးပဲဖြစ်ပါတယ်၊ ပါတီအတွင်းရေးမှူးနဲ့ သမတရဲ့မိန့်ခွန်းအရနဲ့ ရှုန်ရဲ့ရေးသားချက်အရ မြို့ပေါ်ရောက်တရုတ်တွေဟာ နှစ်သစ်ကူးမတိုင်မီပဲ အချိုအတော်များများ မိမိရဲ့ဒေသကိုပြန်ကြပါ တယ်၊ ရှုန်ရဲ့ဆောင်းပါးအရ မိမိရဲ့မိသားစုပိုင်လယ်ယာမြေနဲ့ ကီလိုမီတာရာချီဝေးကွာတဲ့မြို့ငယ်မှာနေတဲ့ မစ္စတာဖဲန် (Fan Junchao) ဟာ ငါးနှစ်တိုင်ဆောက်လုပ်ရေးသွားလုပ်ခဲ့ရာက ခုတော့ အလုပ်မရှိတော့ မစ္စတာဖဲန်ဟာ အိမ်ကိုပြန်ရောက်လာပါတယ်၊ ဘာလုပ်ရမယ်ဆိုတာ မယ်မယ်ရရတွေးမရဘဲ လောလောဆယ်မှာ နောက်ကိုတလှမ်းဆုတ်နေရပါတယ်လို့ ဖဲန်ကပြောပါတယ်"

"ဖဲန်လို မြို့တက်ပြီး ဘဝလည်းပြောင်း၊ အလုပ်လည်းပြောင်းပြီး အလုပ်တက်လုပ်သူ အလုပ်သမားပေါင်းက တရုတ်တပြည်လုံးမှာ သန်းပေါင်း ၁၃၀ ကျော်ရှိပါတယ်၊ တချို့ကတော့ သူတို့ကို ပြောင်းရွှေ့အလုပ်သမား (Migrant workers) အဖြစ်လည်းကောင်း၊ တချို့က ရွှေ့ပြောင်းလူဦးရေ (Floating population) အဖြစ်လည်းကောင်း ခေါ်ကြပါတယ်၊ ရုတ်တရက်အလုပ်လက်မဲ့ဖြစ်တာနဲ့ပတ်သက်ပြီး နေရာအနှံ့အပြားမှာ ဆန္ဒပြတာတွေ၊ သပိတ်မှောက်တာတွေ၊ မငြိမ်မသက်ဖြစ်တာတွေလည်း ပေါ်ပေါက်နေပါတယ်၊ 'ဒေါင်ဂွမ်' မှာ 'ချောင်ဇောင်း' မှာ၊ ပီကင်းမြောက်ပိုင်းရှိ 'ဗျစ်စက်ရုံ' မှာ အလုပ်သမားတွေ မငြိမ်မသက်ဖြစ်နေပါတော့တယ်၊ ဒီကြားထဲ ဒီဇင်ဘာလပထမပတ်မှာ တရုတ်ယွမ် ဟာ US ဒေါ်လာနဲ့ငွေလဲလှယ်နှုန်းတွေ ပြိုလဲကုန်ပါတော့တယ်"

"မစ္စတာဖဲန် ၅၅ နှစ်မှာ သူ့ရဲ့မြေးတွေလည်းရှိတယ်၊ ဇနီးသည်ရှိတယ်၊ သားနှစ်ယောက်ရှိတယ်၊ သူ့သားတွေရဲ့အလုပ်အကိုင်အတွက် ပူပန်နေရရှာပါတယ်၊ ဖဲန်တို့ရွာနဲ့ မြို့က မီးရထားနဲ့သွားရင် ကီလိုမီတာ ၅၀ ဝေးတယ်၊ စက်ရုံ၊ အလုပ်ရုံတွေက လူနှစ်သန်းလောက်ဟာ ရွာကိုပြန်လာကြရပြီဖြစ်တယ်၊ ခုလိုအလုပ်ရုံတွေပိတ်ပစ်၊ လျှော့ပစ်တဲ့စက်ရုံတွေကတော့ ကစားစရာထုတ်စက်ရုံ၊ လျှပ်စစ်ပစ္စည်းထုတ်စက်ရုံ၊ အဝတ်အစားစက်ရုံနဲ့ ဆိုင်တွေအပါအဝင်ဖြစ်ကြပါတယ်၊ လူသားအရင်းအမြစ်နဲ့ လူမှုရေးရာလုံခြုံရေးဌာနဝန်ကြီး 'ရင်ဝေမင်း' (Yin Weimin) ရဲ့ပြောကြားချက်အရက ပြောင်းရွှေ့အလုပ်သမားက ပြည်နယ်တခုမှာ သုံးသိန်း (၃၀၀,၀၀၀) ရှိပြီး တနိုင်ငံလုံး ဖ.၈ မိလီယံ ပြောင်းရွှေ့အလုပ်သမားတွေရှိပါတယ်တဲ့"

"မြို့ပေါ်မှာအလုပ်ကြမ်းလုပ်ပြီး ရွာကိုပြန်လာတဲ့ ဖူယန်း (Fuyang) ဇာတိသားတဦးက လူသားအရင်းအမြစ်နဲ့အလုပ်သမားဗျူရိုကိုပြောပြတာက ဒီနေ့လယ်လုပ်ရတာနဲ့ မနေ့ကလယ်လုပ်ရတာ လုံးဝမတူတော့ပါဘူးလို့ ပြောပါတယ်၊ US ရှိ အာရှလေ့လာရေးဌာနမှ ဆာရာလောရင့်ကောလိပ်မှ ဘူမိဗေဒပါမောက္ခ 'ဂျိုရှူးဝါးမှုလ်ဒါဗင်' (Joshua Muldavin) ပြောတာက တရုတ်ပြည် တောနေလူ သန်းပေါင်း ၈၀ က ၁၀၀ အတွင်းမှာ အချို့က မြေယာတွေမရှိတော့ဘဲ အချို့က မြေယာတွေ အလုံအလောက်မရှိကြတော့ပါဘူးတဲ့ဗျာ"

(၃)

"မစ္စတာလီဟန်ရှီခင်ဗျား၊ တတိယမြောက် ကျနော်ဖတ်ရတာက ခင်ဗျားရဲ့ တရုတ်ပြည်အမြန်ဆုံးမြေယာစနစ်ပြောင်းလဲဖွဲ့စည်းပစ်ဖြစ်ပါတယ်၊ ခင်ဗျားရဲ့ဆောင်းပါးမှာ ခင်ဗျားရဲ့စေတနာတွေလည်းတွေ့ရပါတယ်၊ ကျနော့အနေနဲ့ကတော့ ခင်ဗျားလို မစ္စတာဟူနဲ့ မစ္စတာဝမ်တို့ကို (brain child) လို့ မခေါ်ရဲပါဘူး၊ ခင်ဗျားပြောသလိုပဲ မစ္စတာဟူနဲ့ မစ္စတာဝမ်တို့ဟာ တောနယ်တွေမှာ နှစ်ရှည်နေခဲ့ကြပါတယ်၊ ပြီးတော့ တရုတ်ခေါင်းဆောင်တွေဟာ ကျောင်းသားဘဝက သမိုင်းမှာ 'ဘုရင်' တွေ၊ 'အင်ပါရာ' တွေကိုသင်ခဲ့ဘူးကြပါတယ်၊ သုံးရာစုနှစ် 'ရှန်မင်းဆက်' (Shang dynasty) ဘီ–စီ ၁၀၄၆ ကိုပြုတ်ချခဲ့တာမှာ မော်စီတုံးကနားလည်သိရှိပြီး ၁၉၄၉ ခုနှစ်မှာ လယ်သမားသူပုန်ထခဲ့တယ်ဆိုတာ မငြင်းပယ်ပါဘူးခင်ဗျာ၊ အနာဂတ်ကာလမှာ လယ်ယာမြေပြုပြင်ပြီး တဲ့အခါ

စာမျက်နှာ ၁၉ သို့

# ဘွဲ့တံဆိပ်လျှောက်သည့်သံဃာနည်းပါး ဓမ္မကထိကများအား လိမ်လျှောက်ခိုင်း

**NEJ ၊ ဂျန်နဝါရီ ၁၅ ။** ။ ယခုနှစ်သံဃာတော်များအားဆက်ကပ်သည့် ဘွဲ့တံဆိပ်တော်ရလိုကြောင်းလျှောက်ထားသည့် သံဃာအရေအတွက် နည်းပါးသည့်အတွက် အချို့စာချဆရာတော်များ ဓမ္မကထိကဆရာတော်များကို ဘွဲ့တံဆိပ်တော်လျှောက်ထားအောင် စစ်အုပ်စုက မလိမ့်တပတ်လိမ်ခဲ့သည်ဟု စုံစမ်းသိရပါတယ်။

"သံဃာတော်တွေ စစ်အုပ်စုပေးတဲ့ဘွဲ့တံဆိပ်တော်တွေကို ဒီနှစ်အလျှောက်နည်းသွားတာကတော့ ရှင်းပါတယ်၊ ၂၀၀၇ က သံဃာတွေကို စစ်အုပ်စုကရက်ရက်စက်စက်ဖြိုခွဲခဲ့တော့ သပိတ်မှောက်တဲ့အနေနဲ့ မလျှောက်ကြတာပါ" ဟု ရန်ကုန်တိုက်အုပ်ဆရာတော်တပါးက ခေတ်ပြိုင်သို့အမိန့်ရှိပါတယ်။

ဘွဲ့တံဆိပ်တော်ရလိုကြောင်းလျှောက်ထားသည့် သံဃာအရေအတွက်နည်းလာသည့်အပြင် ယခုနှစ် နေပြည်တော်တွင်ဘွဲ့ပေးရန် စစ်အုပ်စုကပြင်ထားသည့်အတွက် အချို့ဓမ္မကထိကဆရာတော်များကို ဘွဲ့လျှောက်ထားလျှင် သိမ်းထားသည့်လိုင်စင်မဲ့ကားပြန်ပေးမည်ဆိုသည့်မက်လုံးဖြင့် လိမ်လည်လျှောက်ထားခဲ့ကြောင်း ရန်ကုန်သံဃာတပါးက အမိန့်ရှိပါတယ်။

နာမည်ကြီး ဓမ္မကထိကဆရာတော်ဖြစ်သည့် တံတားဦးဣန္ဒကက ဘွဲ့တံဆိပ်တော်ရလိုကြောင်းလျှောက်ထားလျှင် သိမ်းထားသည့်လိုင်စင်မဲ့ကားပြန်ပေးမည်ဟု အာဏာပိုင်များကလိမ်လည်လျှောက်ထားခဲ့ပြီး နောက်ဆုံး ဘွဲ့တံဆိပ်တော်လည်းမပေး ကားလည်းမပေးဘဲလုပ်ခဲ့ကြောင်း တံတားဦးဣန္ဒကက ဆရာတော်နှင့်နီးစပ်သည့်အသိုင်းအဝိုင်းကပြောပါတယ်။

စစ်အုပ်စုသည် ဘွဲ့တံဆိပ်တော်ရသံဃာတော်များအား ယခုနှစ် ဘွဲ့ဆက်ကပ်ရာတွင် ယခင်ကကဲ့သို့ ကမ္ဘာအေး၌မလုပ်ဘဲ နေပြည်တော်တွင်ကျင်းပမည်ဖြစ်ပြီး နေပြည်တော် ဥပ္ပါတသန္တိစေတီထီးတင်ပွဲနှင့်အတူ မတ်လတွင် တပေါင်းတည်းလုပ်ရန်ပြင်နေပါတယ်။

"နေပြည်တော် ဥပ္ပါတသန္တိစေတီဆိုတာ သန်းရွှေစစ်အုပ်စုအတွက် အန္တရာယ်ကင်းအောင်ဆိုတဲ့သဘောနဲ့ ယတြာချေပြီးတည်တဲ့ဘုရားသာဖြစ် တယ်၊ ဥပ္ပါတသန္တိဂါထာဆိုတာ ဘုရားဟောအစစ်မဟုတ်ပေမဲ့ ဘုရားဟောဂါထာတွေ စုပေါင်းထားတဲ့ဂါထာသာဖြစ်တယ်၊ ၂၀၀၃ ဗိုလ်ချုပ်ခင်ညွန့်လက် ထက်မှာ ကျုပ်တို့ရန်ကုန်ကဘုန်းကြီးတွေကို နာမည်ကြီးဘုရားတွေမှာ တလ တကြိမ် ၉ လနဲ့ ၉ ရက်တိတိ ဥပ္ပါတသန္တိဂါထာရွတ်ဖို့ အမိန့်ပေးလို့ ရွတ်ခဲ့ရ သေးတယ်လေ၊ တကယ်ရွတ်ရင် တနာရီခွဲလောက်ကြာအောင်ရွတ်ရတော့ ပင်ပန်းလို့ ဘယ်သူမှ အဲဒီလောက်မရွတ်ဘူး၊ နာရီဝက်နဲ့ ကျော်ရွတ်ကြတယ်၊ နောက်တော့ ဘာပြဿနာဖြစ်တယ်မသိဘူး၊ ၉ လမပြည့်ခင် အတင်းရပ်ခိုင်း လို့ ရပ်ရတယ်၊ မကြာပါဘူး ၂၀၀၄ မှာ ဒကာကြီးခင်ညွန့် ပြုတ်သွားတာပဲ၊ ဒါ ကြောင့် ဥပ္ပါတသန္တိစေတီလည်း ဒကာကြီးဦးသန်းရွှေအစိုးရအတွက် အန္တရာယ်ကင်းမယ်လို့ ဘယ်ပြောနိုင်မလဲ" ဟု အမည်မဖော်လိုသည့် တိုက်အုပ်ဆရာတော်ကြီးက အမိန့်ရှိတယ်။

၁၉၉၁ ခု အောက်တိုဘာ ၂၄ ရက်နေ့ထုတ် စစ်အုပ်စုအမိန့် ၄၂/၉၁ အရဆိုလျှင် ယခင်လက်ထက်က သံဃာတော်များအားပေးအပ်သည့် ဘွဲ့တံဆိပ်အမျိုးအစားက အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတနဲ့ တိပိဋကဓရဆိုပြီး ၃ မျိုးသာရှိသော်လည်း စစ်အုပ်စုလက်ထက်တွင် ဘွဲ့တံဆိပ်တော်ပေါင်း ၂၁ ခုထိ ထပ်မံတိုးချဲ့ထားသည်ကိုတွေ့ရပါတယ်။

စစ်အုပ်စုလက်ထက် သံဃာတော်များအားပေးသည့် ဘွဲ့များကိုပြန်ကြည့်ပါက ပညာပိုင်းဆိုင်ရာဘွဲ့ ၂ မျိုးအနက် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့က အမြင့်ဆုံးဖြစ်ပြီး သာသနာပြုပိုင်းဆိုင်ရာဘွဲ့ ၅ မျိုးမှာ အဘိဓဇမဟာသဓမ္မဇောတိကဘွဲ့က အမြင့်ဆုံးဖြစ်တယ်။ သင်ပြမှုပိုင်းဆိုင်ရာဘွဲ့ ၃ မျိုးအနက် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတဘွဲ့က အမြင့်ဆုံးဖြစ်ပြီး တရားပြသမှုဆိုင်ရာဘွဲ့ ၃ မျိုးမှာ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယဘွဲ့က အမြင့်ဆုံးဖြစ်တယ်။ တရားဟောပိုင်းဆိုင်ရာဘွဲ့ ၂ မျိုးအနက် မဟာဓမ္မကထိက ဗဟုဇန ဟိတဓရဘွဲ့ကအမြင့်ဆုံးဖြစ်ပြီး ဝိသိဋ္ဌ တိပိဋကဓရ တိပဋက ကောဝိဒဘွဲ့ကအမြင့်ဆုံးဖြစ်ပြီး ဝိသိဋ္ဌတိပိဋကဓရ တိပဋက ကောဝိဒဘွဲ့က ပိဋကတ်ဆိုင်ရာအမြင့်ဆုံးဖြစ်ပါတယ်။

အဘိဓဇနှင့် တိပိဋကဘွဲ့တံဆိပ်တော်ရဆရာတော်များကို မြန်မာနိုင်ငံတွင်း အစိုးရပိုင် ကုန်းကြောင်းရေကြောင်းလေကြောင်းမျိုးဖြင့်ခရီးကြွရာ၌ အခမဲ့စီးနင်းခွင့်ပေးထားပြီး ကပ္ပိယဒကာနှစ်ဦးပါ အစိုးရစရိတ်နှင့်လိုက်ပါခွင့်ပေးသလို အဂ္ဂမဟာပဏ္ဍိတနဲ့ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇဘွဲ့ရဆရာတော်များကိုမူ ကုန်းကြောင်းရေကြောင်း အခမဲ့စီးနင်းခွင့်ပြုသည့်အပြင် တနှစ် ကို ဆွမ်းစရိတ်ငွေ တသောင်းထောက်ပံ့ပါတယ်။

ဘွဲ့တံဆိပ်များ ယခုကဲ့သို့ဖောင်းပွနေသည့်အကြောင်းများအနက် ကျမ်းများမပြုစုဖူးဘဲ ငွေနှင့်လာဘ်ထိုးပြီးလျှောက်ယူ၍ရသည့်ဆရာတော်များလည်း ရှိသည်ဟု မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုများသမဂ္ဂဉက္ကဋ္ဌ ဆရာတော်ဦးခေမာစာရက အမိန့်ရှိပါတယ်။ စစ်အုပ်စုလက်ထက်တွင် သိန်း ၅၀ အထက် စစ်

**စာမျက်နှာ ၁၂ သို့**

# ပဲကြိတ်ခွဲစက်များ ရပ်ဆိုင်းထားကြရ

**NEJ ၊ ဇန်နဝါရီ ၁၆ ။** ။ ပြည်ပအထွက်မရှိခြင်း ပြည်တွင်းဝယ်လိုအား ကျဆင်း နေခြင်းတို့ကြောင့် မန္တလေးနှင့် မုံရွာစက်မှုဇုန်များရှိ ပဲခွဲစက်များ ရပ်ဆိုင်းထားရကြောင်း လုပ်ငန်းရှင်များက ပြောပါတယ်။

မန္တလေးတွင်ပဲခွဲစက် ၅၀ ကျော်နှင့်မုံရွာတွင် ၂၂ စက်ရှိပြီး အများစုမှာ ပြီးခဲ့သည့် ၆ လခန့်မှ စတင်ရပ်ဆိုင်းခဲ့ခြင်းဖြစ်ပါတယ်။

"အခုထိလည်း လုပ်ငန်းပြန်ကောင်းမလာသေးပါဘူး။ ဒီမှာတော့ တဝက်ကျော်ကျော်လောက်ကရပ်ထားကြရပြီး လက်ရှိလည်နေတဲ့စက်က ၇ ခုလောက်ပဲရှိမယ်။ ၂၀၀၈ ခုနှစ်ဇူလိုင် ဩဂုတ်လောက်ကစပြီး အိတ်စ်ပို့မထွက် ကတည်းက လုပ်ငန်းတွေတဖြည်းဖြည်းကျလာတာပေ့ါ။ အဲဒီအချိန်တွေတုန်းကတော့ (အခြမ်း ပဲခွဲပြီး အခြမ်း) ကိုပဲ ဘုရင့်နောင်ကုန်စည်ဒိုင်ကနေတဆင့် ပြည်ပကို ပို့နေတာလေးတွေရှိတယ်။ အဲဒီနောက်တော့ ဘာအကြောင်းပြချက်မှမကြားရပဲ အထွက်ရပ်သွားတော့ ခွဲစက်လုပ်ငန်းတွေ ထိခိုက်လာတာပေ့ါ" ဟု မန္တလေးမြို့မှ လုပ်ငန်းရှင် ကပြောပါတယ်။

ယင်းကဲ့သို့ လုပ်ငန်းများ ရပ်ဆိုင်းထားရခြင်းကြောင့် အလုပ်သမားများအား အလုပ်ဖြုတ်ရသည်အထိ အခြေအနေဖြစ်ပွားနေကြောင်း သိရပါတယ်။ မုံရွာစက်မှုဇုန်မှ ပဲခွဲစက်လုပ်သားများအနေဖြင့် နေ့စဉ်လုပ်အားခကျပ်ငွေ ၁၅၀၀ နှင့် ၂၀၀၀ အကြားရပြီး ပဲခွဲစက်အကြီးအသေးပေါ်မူတည်ကာ အလုပ်သမား ၅ ဦးမှ ၃၅ ဦးခန့်အထိ ခန့်ထားကြပါတယ်။

"အလုပ်သမားတွေ လျှော့တဲ့စက်က လျှော့ရတယ်။ အနားခိုင်းတဲ့စက်က ခိုင်းရတယ်။ စက်ပိုင်တွေအနေနဲ့လည်း မလုပ်ချင်ပေမယ့် လုပ်ကြရတာပဲ လေ။ စက်မှမလည်တော့ သူတို့ကိုလည်း အလုပ်မပေးနိုင်ဘူးဖြစ်နေတာပေ့ါ။ တချို့အလုပ်သမားတွေကတော့ ရေနံတွင်းလုပ်သားတွေဖြစ်ကုန်ကြတယ်။ ဒါပေမယ့် သူတို့တွေလည်း အဲဒီဘက်မှာလည်း အဆင်မပြေကြဘူးကြားတယ်။ ကျနော်တို့ခွဲစက်တွေ တင်မဟုတ်ပါဘူး။ ပွဲရုံတွေလည်း အလုပ်ပါးတော့ အလုပ်သမားတွေ လျှော့ကုန်တာပါပဲ" ဟု မုံရွာစက်ပိုင်က ပြောပါတယ်။

ယမန်နှစ်မှစကာ သိသာစွာယိုင်နဲ့လာသော ကောက်ပဲသီးနှံဈေးကွက်အတွင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ ပဲကုန်သည်ကြီးအချို့ ထွက်ပြေးတိမ်းရှောင်မှုကြောင့် ပိုမိုဆိုးဝါးသွားကာ နယ်ကုန်စည်ဒိုင်များလည်း ထိခိုက်ခဲ့ပါတယ်။

# နာဂစ်လေဘေးကူညီရေး သုံးပွင့်ဆိုင်အဖွဲ့ ထိုင်း ဆူနာမီဘေးသင့်ဒေသ၌ လေ့လာ

**DVB ၊ ဇန်နဝါရီ ၁၅ ။** ။ နာဂစ်လေဘေးဒုက္ခသည်များကူညီရေး သုံးပွင့် ဆိုင်အဖွဲ့ ဥက္ကဋ္ဌဦးဆောင်တဲ့ နအဖစစ်အုပ်စုလက်ထောက်နိုင်ငံခြားရေးဝန်ကြီးနဲ့ အဖွဲ့က သဘာဝဘေးဆိုက်ဖူးတဲ့ ထိုင်းနိုင်ငံကို သွားရောက်လေ့လာပါတယ်။

ယူအင်ဒီပီ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် ဌာနေကိုယ်စားလှယ်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးတို့လည်းလိုက်ပါတဲ့ ဒီအဖွဲ့ဟာ ၂၀၀၄ ဆူနာမီ လျှင်ရေလှိုင်းဘေးသင့်ခဲ့တဲ့ ထိုင်းတောင်ပိုင်း ဖူးခက်ဒေသမှာ လေ့လာကြပါ တယ်။ ဇန်နဝါရီ ၆ ရက်ကနေ ၁၂ ရက်အထိ ဖူးခက်နဲ့ ဖန်ငဒေသရှိ ဆူးနာမီ ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးစီမံကိန်းတွေကို လေ့လာကြပြီး ထိုင်းဘက်ကအကူညီတွေ ထပ်ပေးဖို့ရှိတယ်လို့ သုံးပွင့်ဆိုင်အဖွဲ့ရဲ့ ဒီနေ့ထုတ်ပြန်ချက်မှာ ဖော်ပြပါတယ်။

“အခုလို လာလေ့လာခြင်းအားဖြင့် ထိုင်းနိုင်ငံ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနက ဆောင်ရွက်နေတဲ့ ကယ်ဆယ်ရေးအစီစဉ်တွေကနေ အများကြီး သင်ယူနိုင်မှာပါ” လို့ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး ဘန်ဆန်ဘွန်နတ်က ပြောပါတယ်။ ယူအင်ဒီပီကိုယ်စားလှယ် မစ္စတာဘီရှိုးပါရာဂျူလီက “ဒီလိုလေ့လာခြင်းဟာ မြန်မာနိုင်ငံနဲ့ပြင်ပကမ္ဘာကြား ပူးပေါင်းဆောင်ရွက်မှုပိုရစေပြီး သဘာဝဘေးဒဏ်တွေကို ပူးပေါင်းကာကွယ်သွားနိုင်တယ်” လို့ ပြောပါတယ်။

နအဖ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဦးကျော်သူက “သဘာဝဘေး ဒုက္ခဆိုတာဟာ အချိန်မရွေး၊ နေရာမရွေး ဖြစ်ပွားနိုင်တဲ့အတွက် ကြိုတင်ပြင်ဆင်တားဆီးလို့ မဖြစ်နိုင်ဘူး” လို့ပြောပါတယ်။ ဒီလေ့လာရေးအဖွဲ့ဟာ ဆူနာမီဘေးသင့်ခဲ့တဲ့ မြန်မာဒုက္ခသည်တွေကိုတော့ တွေ့ဆုံမသွားဘူးလို့ ဖန်ငဒေသ အခြေစိုက် ဆူနာမီဒုက္ခသည်များကယ်ဆယ်ရေး ဆောင်ရွက်နေသူ ဦးထူးချစ်က ပြောပါတယ်။ နအဖစစ်အစိုးရက အန်ဂျီအိုအဖွဲ့တွေကို လွတ်လွတ်လပ်ဆောင်ရွက်ခွင့်မပေးတာကြောင့် ဘယ်လောက်ပဲ လေ့လာလေ့လာ သဘာဝဘေးသင့်တဲ့ မြန်မာပြည်သူတွေကို ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးစသည်ဖြင့် ထိထိရောက်ရောက် ကူညီနိုင်မယ်မထင်ဘူးလို့ ဦးထူးချစ်က ပြောပါတယ်။ ဆူနာမီဘေးသင့်တုန်းက ဖန်ငခရိုင်မှာ ဘယ်အဖွဲ့အစည်းမဆို ကယ်ဆယ်ကူညီရေး လုပ်ငန်းတွေ လွတ်လွတ်လပ်လပ်ဆောင်ရွက်ခွင့်ရခဲ့တယ်လို့ ဦးထူးချစ်က ပြောပါတယ်။

“ဗမာပြည်မှာတော့ အဲ့လိုလုပ်လို့ရမယ်မထင်ဘူး။ ဒါကြောင့်မို့လို့ သူတို့ဒီမှာ လာလေ့လာသွားလည်း နာဂစ်ကယ်ဆယ်ရေးလုပ်ငန်းတွေအတွက် ဘယ်တော့မှ အကျိုးမရှိဘူးလို့ ကျနော်ထင်တယ်။” ၂၀၀၄ ဆူနားမီဘေး ကြောင့် ထိုင်းတောင်ပိုင်းမှာ လူ ၆,၀၀၀ နီးပါးသေဆုံးခဲ့ပြီး ဒေသတခုလုံးမှာ လူတသိန်းလောက်သေဆုံးပါတယ်။ မနှစ် မေ ၂ ရက် နာဂစ်မုန်တိုင်းဘေးကြောင့် မြန်မာနိုင်ငံသား ၁၄၀,၀၀၀ နီးပါး သေဆုံးပျောက်ဆုံးပါတယ်။

နအဖစစ်အုပ်စုရဲ့တား ဆီးနှောင့်ယှက်မှုတွေကြောင့် နိုင်ငံတကာအကူအညီတွေကို မရသေးတဲ့ ဒုက္ခသည် အများအပြားရှိနေဆဲလို့ ဒေသခံတွေကပြောပါတယ်။ လေဘေးဒုက္ခသည်တွေအတွက် နိုင်ငံတကာအကူညီကို အနဖစစ်အုပ်စုက ငြင်းဆန်မှုဟာ လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်တာကြောင့် ပြင်းပြင်းထန်ထန်ရှုတ်ချတယ်လို့ လူ့အခွင့်ရေးစောင့်ကြည့်မှုအဖွဲ့က မနေ့ကထုတ်ပြန်တဲ့ အစီရင်ခံစာမှာ ဖော်ပြပါတယ်။

# ရန်ကုန်ရှိ အငှား တက္ကစီကားအားလုံး မီတာတပ်ရန် အမိန့်ထုတ်

**NEJ ၊ ဇန်နဝါရီ ၁၆ ။** ။ ရန်ကုန်ရှိ City Taxi အားလုံး မီတာတပ်ရန် ထပ်မံ အမိန့်ထုတ်ပြန်သည်ဟု ရန်ကုန်တိုင်း City Taxi မောင်းသူများထံမှ သိရပါတယ်။

“တက္ကစီဆွဲနေတာမှာ စီအန်ဂျီပြောင်းတဲ့ တက္ကစီနဲ့ ဓါတ်ဆီ ဒီဇယ်သုံး တက္ကစီတွေဆိုပြီးရှိတယ်။ မီတာစတပ်ခိုင်းတော့ စီအန်ဂျီပြောင်းပြီး Taxi တွေကို တပ်ခိုင်းတာ အခုတော့ စီအန်ဂျီပဲဖြစ်ဖြစ် ဓါတ်ဆီ ဒီဇယ်ဆီပဲဖြစ်ဖြစ် City Taxi ဆိုလို့ကတော့ မီတာတွေ တပ်ဆိုတပ်ပဲ” ဟု ယာဉ်မောင်းတဦးက ပြောပါတယ်။

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ပြောရေးဆိုခွင့်ရှိသူတဦးက “ဟုတ်တယ်။ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်နေ့ နောက်ဆုံးအပြီးတပ်ရမယ်လို့ တိုင်းမှူးက ညွှန်ကြားထားတယ်” ဟုပြောပါတယ်။

အဆိုပါ ညွှန်ကြားချက်ကို မလိုက်နာပါက စီအန်ဂျီပြောင်းပြီးသော ယာဉ်စာရင်းနှင့်မီတာတပ်ဆင်ပြီး ယာဉ်စာရင်းတို့ကို တိုက်၍စစ်ဆေးကာ မီတာမတပ်ရသေးသောယာဉ်များကိုတွေ့ရှိပါက စာရင်းပြုစု၍ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနတို့ကို ပေးပို့ကာ လုပ်ငန်းလိုင်စင်ပြုလုပ်ပေးခြင်းကို ဆိုင်းငံ့ခိုင်းမည်ဖြစ်ပြီး သက်တမ်းတိုးခွင့်မပြုခြင်း လက်ရှိမောင်းနှင်နေသော လိုင်စင်အနီကို လိုင်စင်အနက်သို့ပြောင်းကာ City Taxi စာရင်းမှထုတ်ပယ်မည်ဟု သိရပါတယ်။ ထို့အပြင် စက်သုံးဆီအရောင်းဆိုင်များတွင်လည်းကောင်း လမ်းပေါ်တွင်လည်းကောင်း ယာဉ်ထိန်းတပ်ဖွဲ့ရဲများက စောင့်၍ စစ်ဆေးမည်ဟု အဆိုပါ ပြောရေးဆိုခွင့်ရှိသူက ဆိုပါတယ်။

ရန်ကုန်တွင် တက္ကစီစီးရေ ၁၅၈၉၅ စီးရှိပြီး စီအန်ဂျီပြောင်းပြီးယာဉ်မှာ ၁၂၂၃၉ စီးရှိကာ မီတာတပ်ဆင်ပြီးယာဉ်မှာ ၉၈၀၂ စီးရှိကြောင်း စီအန်ဂျီပြောင်းထားသော်လည်း မီတာမတပ်ရသေးသော ယာဉ်မှာ ၂၄၃၇ စီးရှိပြီး ဓါတ်ဆီ ဒီဇယ် City Taxi ယာဉ် ၁၂၁၉ စီး စုစုပေါင်း မီတာမတပ်ရသေးသော City Taxi မှာ ၃၆၅၆ ရှိနေသေးကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီး ဌာန၏ စာရင်းများအရ သိရပါတယ်။

“အဓိပ္ပါယ်မရှိတဲ့ ကိစ္စတွေကို တခုပြီးတခု လုပ်နေတာဗျ။ တက္ကစီတွေကို စီအန်ဂျီပြောင်းမယ်ဆိုလို့ပြောင်းကြရတယ်။ ပြီးတော့ တပ်ရမယ်ဆိုလို့ တပ်ရပြန်ရော ဆီဈေးတွေကျလာတော့ စီအန်ဂျီမပြောင်းကြတော့ဘူးလေ။ အဲဒီတော့ မီတာတပ်ရမယ့်ကိစ္စက စီအန်ဂျီယာဉ်တခုတည်းဆိုတော့ ဓါတ်ဆီ ဒီဇယ်နဲ့ မောင်းတဲ့သူတွေအနေနဲ့ မီတာခသက်သာသွားလို့နေကြတာ။ အခုဒီဇယ် ဓါတ်ဆီယာဉ်ကိုပါ တပ်ရမယ်လို့လုပ်လာတယ်။ မတပ်ရင် လိုင်စင်သိမ်းမယ်ဆိုတော့လည်း အာဏာအောက်မှာခံကြရတာပေါ့။ ဒီကိစ္စတွေ အားလုံးမှာ တက္ကစီ လုပ်ငန်းလုပ်တဲ့လူတွေ မောင်းသူတွေ ကားပိုင်ဆိုင်သူတွေရော မပိုင်သူတွေရော ကိုယ်ပိုင်ဆန္ဒ လုံးဝမပါကြဘူးဗျ” ဟု တက္ကစီပိုင်ရှင်တဦးက ပြောပါတယ်။

**စာမျက်နှာ ၁၁ မှ**

အုပ်စုအားပေးလှူနိုင်သူမှန်သမျှကို အမျိုးသားသူဌေးသူကြွယ်ဘွဲ့ အမျိုးသမီး သူဌေးသူကြွယ်ဘွဲ့များပေးလေ့ရှိသည်ဟု သာသနာရေးဝန်ကြီးဌာန တာဝန်ရှိသူတဦးကပြောပါတယ်။ အမျိုးသားများအားပေးသည့်သူဌေးဘွဲ့ ၄ မျိုးအနက် အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓဇဘွဲ့မှာ အမြင့်ဆုံးဖြစ်ပြီး အမျိုးသမီးများ အတွက် အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီဘွဲ့က အမြင့်ဆုံးဖြစ်ပါတယ်။

အမြင့်ဆုံးအမျိုးသမီးသူဌေးသူကြွယ်ဘွဲ့ရသူတွေထဲ ကမ္ဘောဇဘဏ်ပိုင် ရှင်ဆရာကျောင်းခေါ် ဦးအောင်ကိုဝင်း၏ဇနီး ဒေါ်နန်းသန်းထွေး၊ ရွှေသံလွင်ကုမ္ပဏီပိုင်ရှင်၏ဇနီး ဒေါ်နီနီ စသည့် စစ်အုပ်စုနှင့်နီးစပ်သည့်စီးပွားရေးသမား များ ပါဝင်ပါတယ်။ အမြင့်ဆုံးအမျိုးသားသူဌေးသူကြွယ်ဘွဲ့ရသူများထဲတွင် ဇေကမ္ဘာကုမ္ပဏီပိုင်ရှင် ဦးခင်ရွှေ၊ ကမ္ဘောဇဘဏ်ပိုင်ရှင် ဦးအောင်ကိုဝင်းခေါ် ဆရာကျောင်း၊ အပစ်အခတ်ရပ်စဲရေးအဖွဲ့ ဖြစ်သည့် ပအိုဝ့်အမျိုးသားအဖွဲ့ချုပ် ခေါင်းဆောင် ဦးအောင်ခမ်းထီး စသည့် ပုဂ္ဂိုလ်များပါဝင်ပါတယ်။





## ညွန့်ပေါင်းအစိုးရသက်တမ်းကုန်ပြီတဲ့

လွှတ်တော်ကိုယ်စားလှယ်များသမဂ္ဂ ဒုဥက္ကဌ ဒေါ်စန်းစန်းက ဒေါက်တာ စိန်ဝင်းဦးဆောင်တဲ့ စင်ပြိုင်အစိုးရ(ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်း အစိုးရ) ဟာ သက်တမ်းကုန်သွားပြီလို့ပြောပါတယ်။ မကြာခင် အိုင်ယာလန် နိုင်ငံ ဒပ်ဗလင်မြို့မှာကျင်းပမယ့် လွှတ်တော်ကိုယ်စားလှယ်များသမဂ္ဂညီလာခံ မှာ ရှေ့လုပ်ငန်းစဉ်တွေကို ချပြမယ်လို့ ဆိုပါတယ်။ **(NEJ, 15.1.2009)**

---

## ဘာမှမပြောလိုပါ

အမေရိကန်ရဲ့ပြစ်ဒဏ်ခတ်အရေးယူတာခံလိုက်ရတဲ့ မြန်မာနိုင်ငံက Max Myanmar ကုမ္ပဏီအကြီးအကဲ ဦးဇော်ဇော်က သူဟာ မိမိလူမျိုးကောင်း အောင်လုပ်နေတာကြောင့် အမေရိကန်ရဲ့လုပ်ရပ်အပေါ်မှာ ဘာမှမပြောလိုပါဘူး လို့ တုံ့ပြန်လိုက်ပါတယ်။ **(NEJ, 15.1.2009)**

---

## ပုဂ္ဂလိကသစ်တောလုပ်ငန်း

သစ်တောစိုက်ပျိုးရေးနဲ့ပြုစုပျိုးထောင်ရေးလုပ်ငန်းကို ပုဂ္ဂလိကကုမ္ပဏီ တွေ လုပ်ပိုင်ခွင့်ပေးပါဆိုပြီး နအဖကို အဆိုပြုလိုက်တယ်လို့ သိရပါတယ်။ ပဲခူး တိုင်းနဲ့ ကချင်ပြည်နယ်မှာ စိုက်ဧရိယာ ၈၁၀၀၀ ဟက်တာပြန်လည်စိုက်ပျိုးဖို့ ဖြစ်ပါတယ်။ **(PEOPLE'S SAILY, 13.1.2009)**

---

## ကေအဲန်ယူအကျပ်အတည်း

နအဖစစ်တပ်က ကေအဲန်ယူရဲ့စခန်းတွေကို အင်အားသုံးပြီးထိုးစစ်ဆင် နေတဲ့အတွက် ကေအဲန်ယူတို့အထိနာပြီး အကျပ်အတည်းတွေနဲ့ကြုံနေရပါတယ်။ ကေအဲန်ယူဒုဥက္ကဌ ဒေးဗစ်သာကဲတပေါ က နအဖစစ်တပ်ဟာ မြေလှန်စနစ်ကို ကျင့်သုံးနေတယ်လို့ ပြောဆိုသွားပါတယ်။ ကေအဲန်ယူဟာ လှုပ်ရှားစခန်းအနေ နဲ့ ထိုးစစ်ဆင်တွေကို ဆက်လက်တန်ပြန်သွားမယ်လို့ ဆိုပါတယ်။
**(MIZZIMA, 11.1.2009)**

---

## ထိုင်းစစ်တပ်လူ့မဆန်လုပ်ရပ်

ဘင်္ဂလားဒေ့ရှ်နယ်စပ်ကနေ မော်တော်ဘုတ်နဲ့ ပင်လယ်ပြင်ကိုဖြတ်ပြီး မလေးရှားဘက်သွားမယ့် ရိုဟင်ဂျာလူမျိုးတွေဟာ ထိုင်းနိုင်ငံပိုင်ကျွန်းတကျွန်း မှာ ရောက်ရှိသွားခဲ့ပါတယ်၊ အဲဒီကို ထိုင်းစစ်တပ်ဖွဲ့ဝင်တွေက ဒုက္ခသည်တွေ ကို လက်ပြန်ကြိုးတုပ်ပြီး စက်မပါတဲ့လှေနဲ့ ပင်လယ်ထဲကို ပြီးခဲ့တဲ့လက ပြန်မျော ပစ်ခဲ့တယ်လို့ သိရပါတယ်။ အဲဒီဒုက္ခသည်တွေဟာ ကံကောင်းထောက်မလို့ အိန္ဒိယကင်းလှည့်စစ်သင်္ဘောကတွေ့လို့ ကယ်တင်တာကိုခံခဲ့ရပါတယ်။ ထိုင်း စစ်တပ်ကတော့ ဒီကိစ္စကိုငြင်းဆိုထားပါတယ်။ **(BBC, 16.1.2009)**

## မော်လမြိုင်မီး

မော်လမြိုင်မြို့လေယာဉ်ကွင်းအနီး တောမီးလောင်ပါတယ်။ မော် လမြိုင်မီးသတ်က ငြိမ်းသတ်လိုက်တယ်၊ လေယာဉ်ကွင်းကိုတော့မကူးစက်ပါဘူး။ မောင်ငန်အရပ်က သံဃာတော်အပါး ၈၀၀ လောက်ရှိတဲ့ ရဲကျောင်းစာသင်တိုက် ဘေးက ဓါတ်ဆီဆိုင်မှာ မီးလောင်သေးတယ်လို့ မော်လမြိုင်မြို့ခံကပြောပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းက ဒိုင်း ဝန်ကွင်းရပ်ကွက်မှာ တာယာမီးရှို့မှုကြောင့် မီးလန့်လို့ ကျူးလွန်သူကို မီးသတ် ဦးစီးဌာနက ဒဏ်ငွေ ကျပ် ၁၀ သိန်းကျော် အပြစ်ပေး လိုက်တယ်လို့ဆိုပါတယ်။ မီးလန့်တဲ့အခါတိုင်း သက်ဆိုင်ရာက မီးငြိမ်းသတ်ရေး ထက် ဒဏ်ငွေရိုက်ရေးကို ပဲဦးစားပေးနေတယ်လို့ မြို့ခံတွေကပြစ်တင်ဝေဖန် နေပါတယ်။ **(DVB, 13.1.2009)**

---

## လေယာဉ်မောင်းသင်တန်း

မြန်မာနိုင်ငံထဲမှာ စစ်တပ်ကမဟုတ်ပဲ အရပ်သားတွေကို လေယာဉ် မောင်းသင်တန်းပေးမယ့်အစီအစဉ်ရှိတယ်လို့သိရပါတယ်။ လေတပ်ကပစ္စည်း အဆောက်အအုံတွေနဲ့ နည်းပညာ၊ လူတွေရဲ့ ကူညီထောက်ပံ့မှုနဲ့လုပ်မှာဖြစ်ပါ တယ်။ မိတ္ထီလာမှာလေယာဉ်မောင်းသင်တန်းကျောင်းတွေမှာ သင်တန်းပေးမှာ ဖြစ်တယ်လို့ သိရပါတယ်။ **(IRRAWADDY, 15.1.200)**

---

**မျက်နှာဖုံးမှ**

ဒေါ်ဆင့်ဆင့်အောင်က မိမိသည်တယ်လီဖုန်းဖြင့် ဦးဝင်းတင်အားမေးမြန်း ခြင်းဖြစ်ကြောင်း၊ အသံဖမ်းထားခြင်းမရှိကြောင်း၊ မိမိမှတ်သားထားမိသည်မှာ ဦးဝင်းတင်က လာမည့်ရွေးကောက်ပွဲအပေါ် တင်းမာသည့်အသွင်ဖြင့်ချဉ်းကပ်သူ များရှိသကဲ့သို့ ပျော့ပြောင်းသည့်အသွင်ဖြင့် ချဉ်းကပ်သူများလည်းရှိကြောင်း သည်ကို မှတ်မိကြောင်း၊ လာမည့်ရွေးကောက်ပွဲတွင် အဲန်အဲလ်ဒီပါတီဝင်အချို့ ရွေးကောက်ပွဲဝင်လိုပြီး အချို့ မဝင်လိုကြောင်း ပြော မပြောကို မိမိမသေချာ ကြောင်း ဖြေကြားခဲ့သည်ဟု သိရသည်။

ဦးကိုကို က ချဉ်းကပ်ပုံနှစ်မျိုးရှိကြောင်း တဆင့်ကြားသိရသည့်အခါမိမိ အနေဖြင့် လာမည့်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသူများရှိသလို ပါဝင် ယှဉ်ပြိုင်လိုသူများမရှိဟု အဓိပ္ပာယ်သက်ရောက်သည်ဟု ရိုးသားစွာယူဆပြီး သတင်းရေးသားပေးပို့ခဲ့ကြောင်း တင်ပြခဲ့သည်ဟု သိရသည်။

ယင်းသတင်းတွင် ပါတီတွင်းအကွဲအပြဲများရှိနေသယောင် ရေးထားခြင်း ကြောင့် ပြည်ပဒီမိုကရေစီအင်အားစုများက မကျေနပ်ဖြစ်ခဲ့သည်။

ဦးဝင်းတင်က နိုင်ငံရေးအနေနဲ့ ပြည်ပမှာရောက်နေတဲ့ဒီမိုကရေစီအင် အားစုများအနေနဲ့ ဒါဟာ တမင်လုပ်ကြံမှု၊ တမင်မှားယွင်းမှုလို့ယူဆလို့ ဆက် လက်ဆောင်ရွက်ကြမယ်ဆိုရင် ကျနော်သဘောတူတယ်၊ လက်ခံတယ်၊ ကျနော့် ကိုယ်စားဆောင်ရွက်ပေးကြတဲ့အတွက်လည်း ကျေးဇူးတင်တယ်လို့ ပြောချင် တယ်၊ ကျနော့်အနေနဲ့ နိုင်ငံခြားကိုစာရေးဖို့ ဆက်သွယ်ဖို့ဆိုတာတွေကလည်း အခက်အခဲတွေရှိနေပါတယ်လို့ ဦးဝင်းတင်က ခေတ်ပြိုင်၏ဆက်သွယ်မေးမြန်း မှုအပေါ် ရှင်းလင်းပြောကြားသည်။

ယခုစစ်ဆေးချက်မှာ ရန်ကုန်ရှိ နိုင်ငံခြားသတင်းထောက်များအသင်းက စစ်ဆေးချက်ဖြစ်သည့်အတွက် ဒီပီအေသတင်းဌာန၏ဌာနဆိုင်ရာစုံစမ်းစစ်ဆေး ချင်အပြီးတွင် သတင်းထောက်ကိုကို(စက်မှုတက္ကသိုလ်)အားမည်သို့အရေးယူ မည်ကို ရှင်းရှင်းလင်းလင်းမသိရသေးပေ။

# စားသောက်ကုန်ဈေးနှုန်းကျဆင်းပေမယ့် ပြည်သူများမဝယ်နိုင်

**DVB ၊ ဂျန်နဝါရီ ၁၄ ။** ။ ရန်ကုန်မြို့အပါအဝင် မြန်မာတနိုင်ငံလုံးမှာ အခြေခံစားသောက်ကုန်ဈေးနှုန်းတွေကျဆင်းနေပေမယ့် ပြည်သူတွေဝယ်ယူစားသောက်နိုင် ခြင်းမရှိတဲ့အခြေအနေမျိုးတွေ ရင်ဆိုင်နေကြရပါတယ်။

အခြေခံစားသောက်ကုန်ဈေးနှုန်းတွေကျဆင်းနေပေမယ့်လည်း ဝင်ငွေတွေပါနည်းပါးလာတာကြောင့် ခြိုးခြံချွေတာစားသောက်နေရတယ်လို့ ရန်ကုန်မြို့မှအိမ်ရှင်မတဦးကပြောပါတယ်။

“ဈေးကျလာပြီဆိုပေမယ့် ပိုက်ဆံကရှားလာပြီဆိုတော့ ပိုက်ဆံမထွက်အောင်ဘဲ မနည်းကြိုးစားနေရတယ်၊ အရင်က အသားဆီပြန်ချက်တာတွေရှိပေမယ့် ခုတော့ အသီးအရွက်လေးနဲ့ချဉ်ရည်ဟင်းလေးပဲချက်ပြီးချွေတာနေရတယ်”

စီးပွားရေးအဆင်မပြေတဲ့အတွက် ခေါင်းရွက်ဗျပ်ထိုးဈေးသည်တွေ ပိုများလာပြီး စည်ပင်သာယာဈေးကောက်တွေရဲ့အဖမ်းအဆီးနဲ့ ဒဏ်ရိုက်တာတွေလည်း အရင်ထက်ပိုဆိုးလာတယ်လို့ ရန်ကုန်မြို့ခံတွေကပြောပါတယ်။ ဒီရက်ပိုင်း ကုန်ဈေးနှုန်းတွေကျနေပေမယ့် အရောင်းပါးနေတယ်လို့ စားသောက်ကုန်ပစ္စည်းရောင်းတဲ့ ဆိုင်ရှင်အမျိုးသမီးတဦးကပြောပါတယ်။

“သားငါးရောင်းတဲ့သူတွေဆိုရင် တနေ့ကို ၄ – ၅ သောင်းဖိုး၊ အခု ၁ သောင်း ၁ သောင်းခွဲလောက်တောင် ရောင်းလို့မရဘူးဆိုတော့ ၃ ချိုး ၂ ချိုးလောက်ကျသွားတာ၊ ဝင်ငွေမကောင်းတော့ ရောင်းအားတွေလဲကျတာပေ့ါ”

သူကပဲဆက်ပြီး ရန်ကုန်မြို့ဆင်ခြေဖုံးရပ်ကွက်တွေကပြည်သူတွေရဲ့ဘဝကို အဲဒီဆိုင်ရှင်ကပြောပါတယ်။

“ကွက်သစ်တွေမှာဆို အရင်ကတည်းကကျပ်တည်းတာ အခုဆို တော်တော်လေးဆိုးဝါးလာတာပေ့ါ၊ အလုပ်ဖြစ်တာက အပေါင်ဆိုင်သမားတွေ၊ အစိုးရနဲ့ဆက်စပ်တဲ့သူတွေလောက်ပဲ ပါမစ်တွေဘာတွေရပြီး အဆင်ပြေကြ တာ၊ ကျမတို့ပြည်သူတွေကတော့ ပြားပြီးရင်းပြားပေ့ါ”

လတ်တလောဖြစ်ပေါ်နေတဲ့ မြန်မာပြည်ရဲ့စီးပွားရေးအခြေအနေနဲ့ပတ်သက်ပြီး စီးပွားရေးပညာရှင် ခင်မောင်ညို (ဘောဂဗေဒ) ကပြောပါတယ်။

“တခုက လက်ရှိဝင်ငွေပေ့ါ၊ နောက်တခုက အနာဂတ်ဝင်ငွေပေ့ါ၊ အနာဂတ်ဝင်ငွေက မသေချာဘူး၊ အလုပ်အကိုင်တွေက ဘာဖြစ်မလဲ၊ ဝင်ငွေက ပုံ မှန်ရမရဆိုတာ မသေချာဘူး၊ ဒါက ဝင်ငွေနဲ့ပတ်သက်တဲ့ ၂ ချက်ပေ့ါ၊ ဈေးနှုန်းထပ်ကျမယ့်အလားအလာရှိတယ်ဆိုရင်တော့ မဝယ်ကြဘူးပေ့ါ၊ ဈေးတက်တဲ့အချိန်မှာတော့ ထပ်တက်ဦးမှာစိုးပြီး ဝယ်ကြတယ်၊ အခုဟာက ဈေးနှုန်းထပ်ကျမယ့်အရိပ်အယောင်တွေရှိနေတော့ မဝယ်ဘဲနေလို့ရတဲ့ပစ္စည်းတွေလည်းဖြစ်နေတယ်လေ၊ ခက်တာက စားသောက်ကုန်ဈေးနှုန်းတွေ၊ လက်လီဈေးက သိသိသာသာကျလာတာမတွေ့ရသေးဘူး၊ အီလက်ထရောနစ်ပစ္စည်းတွေပဲဈေးကျတာတွေ့ရသေးတယ်”

မြန်မာနိုင်ငံရဲ့ လတ်တလောစီးပွားရေးအခြေအနေမှာ ကုန်ဈေးနှုန်းတွေကျဆင်းနေတယ်ဆိုပေမယ့် အခြေခံပို့ဆောင်ဆက်သွယ်ရေးစရိတ်တွေ ကျဆင်းမှုမရှိတာဟာ အဓိကပြဿနာဖြစ်နေတယ်လို့လည်း ခင်မောင်ညို (ဘောဂဗေဒ) သုံးသပ်ပြောပါတယ်။

---

# ဒုပိုလ်ချုပ်မှူးကြီးမောင်အေး ရခိုင်ပြည်နယ်ရောက် စစ်တွေမြို့မှမော်တော်ယာဉ်များ ချောဆွဲခံရ

**NEJ ၊ ဂျန်နဝါရီ ၁၂ ။** ။ မြန်မာ–ဘင်္ဂလားဒေ့ရှ် နယ်စပ်ပြဿနာဖြစ်ပွားပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ရခိုင်ပြည်နယ်သို့ ဒုပိုလ်ချုပ်မှူးကြီးမောင်အေး ရောက်ရှိလာကြောင်းနှင့် ၎င်းရောက်ရှိနေစဉ်အတွင်း ပုဂ္ဂလိကမော်တော်ယာဉ်များချောဆွဲခံကြရကြောင်း ဒေသခံတဦးကပြောပါတယ်။

“သူက ၉ ရက်နေ့မှရောက်လာတာပါ၊ ကားတွေကိုတော့ ၅ ရက်နေ့ကတည်းကချောဆွဲထားတာ ၁၁ ရက်နေ့အထိပဲ၊ အခကြေးငွေ တပြားတချပ်မှမပေးတဲ့အပြင် ဆီလည်းမပေးဘူး၊ ကားသမားတွေကိုလည်း ကြံ့ဖွံ့ဝတ်စုံတွေမဝတ်မနေရ ဝတ်ခိုင်းသေးတာ” ဟု အဆိုပါဒေသခံက ပြောဆိုပါတယ်။

စစ်တွေမြို့နှင့် ရခိုင်ပြည်နယ်အတွင်းရှိခရိုင်မြို့များတွင် ဌာနဆိုင်ရာကားလုံလောက်မှုမရှိသဖြင့် စစ်တွေမြို့ပေါ်မှလိုင်းကားအားလုံးကိုချောဆွဲကာ လူကြီးခရီးစဉ်လမ်းတလျှောက်ရှိခရိုင်မြို့များတွင် လိုအပ်သလိုအသုံးပြုနိုင်ရန် စောင့်ဆိုင်းခိုင်းခဲ့ကြောင်း သိရပါတယ်။ စစ်တွေမြို့ပေါ်တွင် မော်တော်ကားစီးရေနည်းပါးသည့်အပြင် ချောဆွဲခံထားရသဖြင့် အခြားဒေသမှရောက်ရှိလာသောခရီးသည်များ အခက်အခဲတွေ့ကြရကာ တက္ကသိုလ်ကျောင်းသားများလည်း မိမိအစီအစဉ်ဖြင့်သာကျောင်းသွားခဲ့ကြရသည်ဟု ဒေသခံများကပြောပါတယ်။ စစ်တွေတက္ကသိုလ်ကျောင်းကားများ ပြေးဆွဲမှုအဆင်မပြေခြင်းကြောင့် ၄ ရက်နေ့ကလည်း ကျောင်းသားများ ခြေလျင်လျှောက်ပြန်ကြရာ အာဏာပိုင်များက ဆူပူမှုများမဖြစ်စေရန် ထိန်းသိမ်းခဲ့ရပါတယ်။ ယမန်နှစ်ကလည်း ဖယ်ရီကားများဈေးနှုန်းမြှင့်တင်မှုကြောင့် စစ်တွေကျောင်းသားများ လမ်းလျှောက်ဆန္ဒပြခဲ့ကြပါတယ်။

---

# ပထမဆုံး ဘလော့ဂ်အကယ်ဒမီဆုရ

**DVB ၊ ဂျန်နဝါရီ ၁၃ ။** ။ မြန်မာဘလော့ဂါ လူငယ်ငါးဦးစုပေါင်းစီစဉ်ပြီး ပြည်တွင်းပြည်ပဘလော့ဂါတွေနဲ့ပူးပေါင်းဖွဲ့စည်းထားတဲ့ အမ်အမ် ဘလော့ဂ် ပရက်စ်အဖွဲ့ကနေ မြန်မာ့ဘလော့ဂ် ၁၁ ခုကို အကောင်းဆုံးဘလော့ဂ်တွေအဖြစ် ဒီနေ့ကြေညာလိုက်ပါတယ်။

၂၀၀၈ ခုနှစ်အတွင်းမှာ သိသိသာသာတိုးပွားလာနေတဲ့ ကိုယ်ပိုင်အင်တာနက်စာမျက်နှာ ဘလော့ဂ်ရေးသားသူတွေထဲက နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ ဘာသာရေး၊ စာပေ၊ သတင်း၊ နည်းပညာ စသည်ဖြင့် အမျိုးအစား ၁၁ မျိုးနဲ့ခွဲခြားပြီး ဆုကြေညာတာပါ။ အဲဒီထဲမှာ ကိုမိုးသီး၊ မသက်ဇင်၊ နိုင်းနိုင်းစနေ၊ မင်းဒင်၊ ကောင်းကင်ကို၊ ခေတ်ပြိုင်၊ နစ်နေမန်းနဲ့ ညီလင်းဆက် စတဲ့ ဘလော့ဂါတွေ ပါဝင်ပါတယ်။ ဒီဆုရွေးချယ်ရာမှာ မဲပေးသူ ၇,၇၀၀ ကျော်ရဲ့ ဆန္ဒမဲတွေကတဆင့် အမည်စာရင်းဝင် ဘလော့ဂ် ၁၅၀ လောက်ကနေ ရွေးချယ်ခဲ့တာဖြစ်တယ်လို့ ဝဘ်ဆိုက်ကြေညာချက်မှာ ဖော်ပြထားပါတယ်။

ဒီဆုရွေးချယ်ပေးအပ်မှုကို နယ်စည်းမခြားသတင်းသမားများအဖွဲ့ RSF နဲ့ မြန်မာသတင်းသမဂ္ဂ၊ သတ္တမနည်းပညာရပ်ဝန်းအဖွဲ့တို့ရဲ့ကူညီပံ့ပိုးမှုနဲ့စတင်ခဲ့ပြီး မြန်မာဘလော့ဂါအကယ်ဒမီဆုရရှိသူတွေဟာ မြန်မာသတင်းသမဂ္ဂရဲ့ အမှတ်တရလက်ဆောင်တခုကိုရရှိမယ်လို့ မြန်မာဘလော့ဂ်ပရက်စ်မှာဖော်ပြထားပါတယ်။ အခုမြန်မာဘလော့ဂ်အကယ်ဒမီဆုပေးတဲ့အစီအစဉ်ဟာ ဘယ်အဖွဲ့အစည်းနဲ့မှ ငွေကြေးအရဆက်စပ်မှုမရှိဘူးလို့လည်း ဖော်ပြထားပါတယ်။

ဆုရွေးချယ်ပေးအပ်ခံရသူတွေအတွက် ကိုယ်ပိုင်အင်တာနက်ဝဘ်ဆိုက်တခုရဲ့ တနှစ်တာစရိတ်၊ ဒါမှမဟုတ် ပြည်တွင်းကဘလော့ဂါတွေအတွက် အင်တာနက် နာရီ ၂၅၀ အခမဲ့သုံးခွင့်ရမယ်လို့ မြန်မာသတင်းသမဂ္ဂဥက္ကဋ္ဌ ဦးမောင်မောင်မြင့်ကပြောပါတယ်။ နိုင်ငံတကာနဲ့ ပြည်တွင်းဘလော့ဂါလူငယ်တွေရဲ့ ကမကထပြုမှုကြောင့် ခုလို ပထမဦးဆုံးပေါ်ပေါက်လာတဲ့ ဘလော့ဂါအကယ်ဒမီဆုကို တချို့ဘလော့ဂါတွေကကြိုဆိုကြပေမယ့် အချိန်တိုအတွင်းဆုရွေးချယ်မှုစနစ်၊ ဘလော့ဂ်အမျိုးအစားခွဲခြားမှုစနစ်တွေမှာ အားနည်းချက်တွေ အတော်များများရှိနေသေးတဲ့အတွက် မကျေမလည်ဖြစ်နေတဲ့မြန်မာဘလော့ဂါတွေလည်းရှိနေတယ်လို့ ဘလော့ဂါအသိုင်းအဝိုင်းမှာပြောနေပါတယ်။

# နာဂစ်အလွန် လယ်သမား၊ ရေလုပ်ငန်းသမားတွေရဲ့ စီးပွားအခြေအနေမကောင်း

**DVB ၊ ဂျန်နဝါရီ ၁၄ ။** ။ နာဂစ်ဘေးဒဏ်ထိဒေသမှာ လယ်ကေသောင်းနဲ့ချီပြီး ထိခိုက်ပျက်စီးသွားခဲ့ပေမယ့် တနိုင်ငံလုံးရဲ့စပါးထွက်နှုန်းနဲ့နှိုင်းစာရင် မပြောပလောက်ဘူးလို့ စစ်အုပ်စုကပြောပါတယ်။

လယ်လုပ်သူတွေ၊ ရေလုပ်ငန်းသမားတွေကို လိုအပ်တဲ့စက်ပစ္စည်းတွေ ထောက်ပံ့ပေးခဲ့တယ်လို့လည်း ဆိုပါတယ်။ နာဂစ်ဒဏ်ခံ ဘိုကလေးဘက်က လယ်တွေမှာ ဒီနှစ်စပါးထွက်နှုန်း ဘယ်လိုရှိတယ်ဆိုတာကို နယ်ခံတဦးကပြောပါတယ်။

“လယ်သမားတွေ ဒီနှစ် စပါးအထွက်ဆုတ်တယ်၊ နာဂစ်ကာလထဲမှာ လယ်မြေတွေထဲ ရေငံတွေဝင်သွားတဲ့သဘောပါပဲ၊ မုန်တိုင်းက လယ်ပပ်ကြားအက်တဲ့ကာလမှာဖြစ်တော့ ရေက ၁၅ ပေလောက်မြင့်တက်သွားတာကိုး၊ ဒီ တော့ ရေငံက ပပ်ကြားအက်ထဲမှာအောင်းနေတဲ့သဘောပေ့ါ၊ ၁၇ တင်းတို့၊ တင်း ၂၀ တို့၊ ၁၅ တင်းတို့ ၁၀ တင်းပတ်ဝန်းကျင်လောက်ထွက်တဲ့နေရာတွေလည်း တွေ့ရတယ်”။ “စပါးဈေးက ခါတိုင်းနှစ်က ၃ သိန်းခွဲ ၄ သိန်းဝန်းကျင်ရှိတယ်၊ ဒီနှစ်မှာ ၂ သိန်းနဲ့ ၂ သိန်း ၃ သောင်းကြားမှာရောက်သွားတယ်၊ ကုန်ဈေးနှုန်းကျဆင်းမှု၊ စပါးဈေးကျဆင်းမှု၊ နာဂစ်ရဲ့ဖျက်ဆီးမှုဒဏ်တွေကိုခံစားလိုက်ရတဲ့ တောင်သူလယ်သမားတွေရဲ့ဘဝအခြေအနေကတော့ အင်မတန် အခက်အခဲမျိုးစုံရင် ဆိုင်ရနေပြီး ရင်လေးစရာကောင်းတဲ့အနေအထားပါပဲ”

ဖျာပုံဘက်ကလယ်သမားတွေအခြေအနေနဲ့ ပတ်သက်ပြီး လယ်ယာလုပ်ငန်းရော ရေလုပ်ငန်းပါလုပ်ကိုင်တဲ့ လုပ်ငန်းရှင်တဦးက ဒီလိုပြောပါတယ်၊

“နာဂစ်တုန်းက စက်တွေပေးထားတာ စပါးထွက်တော့ စပါးနဲ့ခုပြီး ကြွေးသိမ်းတယ်၊ စက်တွေကိုပြန်သိမ်းနေပြီ၊ ပြောရမယ်ဆိုရင် လယ်သမားတွေဟာ ဒီနှစ်ထက် နောက်နှစ်မှာ ပိုပြီးခက်ခဲမယ့်အနေအထားမှာရှိတယ်၊ စီးပွားရေးတွေက တော်တော်လေးကျပ်တည်းသွားတယ်”

“ရေလုပ်သားတွေကတော့ နိုင်ငံတော်ကပံ့ပိုးထားတဲ့လှေတွေ၊ ပိုက်တွေနဲ့ရှာဖွေတဲ့အခါ အမိက အရတော်တော်လေးနည်းတယ်၊ ငါးလုပ်ငန်းဦးစီးဌာနကလည်း လှေတွေပိုက်တွေအတွက် တန်ဖိုးတွက်ပြီး စာချုပ်တွေလိုက်ချုပ်ပြီး ငွေတွေပြန်တောင်းမယ့်အနေအထားရှိတယ်၊ တချို့ရေလုပ်သားတွေက ရှောင်နေတယ်၊ တချို့ကလည်း တကယ်လို့ ငွေတောင်းမယ်ဆိုရင် ပစ္စည်းတွေပြန်ပေးမယ်လို့ပြောနေတယ်၊ ပထမတော့ ပေးသလိုလိုနဲ့ အခုကျတော့ တန်ဖိုးတွက် ပြီး ပိုက်ဆံတွေလိုက်တောင်းနေတယ်”

အဲဒီလုပ်ငန်းရှင်ကပြောပြတာဖြစ်ပါတယ်။ ဒီလိုအခြေအနေတွေကြောင့် လယ်လုပ်သူတွေရော ရေလုပ်ငန်းလုပ်သူတွေပါ လာမယ့်နှစ်မှာ အလုပ်စဘို့ အတော်အခက်အခဲရှိနေတယ်လို့ပြောပါတယ်။ နာဂစ်ဒဏ်ခံ ဧရာဝတီတိုင်းရဲ့ သည်နှစ်စပါးအထွက်ဟာ လွန်ခဲ့တဲ့နှစ်ကထက် ၂၀ ရာနှုန်းလောက်လျော့နည်းလိမ့်မယ်လို့ ရန်ကုန်အခြေစိုက် စပါးကုန်သည်ကြီးတဦးကိုကိုးကားပြီး ကုလသမဂ္ဂရဲ့အဖွဲ့တခုဖြစ်တဲ့ အီရင်အဖွဲ့က ထုတ်ပြန်ရေးသားထားပါတယ်။

# ပြည်ခိုင်ဖြိုးအသင်းဝင် လယ်သမားတွေကို ဦးစားပေးပြီး ငွေချေး

**DVB ၊ ဇန်နဝါရီ ၁၅ ။** ။ သုံးခွမြို့နယ် အရှေ့ဘက်ခြမ်းက ကျေးရွာတွေကို မြို့နယ်ကြံ့ခိုင်ရေး အသင်း စည်းရုံးရေးမှူးဒေါက်တာမြင့်သိန်းက ချေးငွေတွေလိုက်ပေးနေပြီလို့ ဒေသခံလယ်သမားတွေက ပြောပါတယ်။

ဒီလ ၁၄ ရက်နေ့က စပြီးတော့ ဒေါက်တာမြင့်သိန်း ဦးဆောင်ပြီး အောင်ပန်းစိန်၊ မင်းရွာ၊ ဘုရားကြီးစတဲ့ သုံးခွမြို့နယ်အရှေ့ခြမ်းကို ကွင်းဆင်းနေပြီး ကြံ့ခိုင်ရေးအသင်းဝင်ဦးရေများတဲ့ရွာတွေကို အမိကထားဆောင်ရွက်နေတယ်လို့ ဆိုပါတယ်။ ငွေချေးဖို့ လက်မှတ်ထိုးထားတဲ့ လယ်သမားချင်းအတူတူ ကြံ့ခိုင်ရေးအသင်းဝင်ထားတဲ့ လယ်သမားတွေကိုသာ အမိက ချေးငွေပေးနေတာလို့ ဒေသခံ လယ်သမားတဦးက ပြောပါတယ်။

“ကြံ့ခိုင်ရေးအသင်းမဝင်တဲ့ လယ်သမားတွေကို နောက်ပိုင်းမှာ စီစဉ်ပေးမယ်ဆိုတဲ့သဘော။ မချေးဘူးဆိုတဲ့စကားလည်း မပြောဘူး၊ ဝင်တဲ့လယ်သမားတွေကိုပဲ အမိကထားချေးတာ။ ၂၀၁၀ ရွေးကောက်ပွဲကို သူက အသင်းဖွဲ့မယ်ဆိုတော့ ဒါကို စည်းရုံးရေးတရပ်နေနဲ့ ငွေချေးတယ်ဖြစ်နေတာပေ့ါ။”

စိုက်ပျိုးစရိတ်ချေးငွေ ထုတ်မချေးခင်မှာ ကြံ့ခိုင်ရေးအသင်းထဲဝင်မယ်ဆိုရင် လယ်သမားတွေရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးမယ်၊ မဝင်ရင်သူတို့အလုပ်မဟုတ်ကြောင်းနဲ့ အသင်းဝင်ရာမှာလည်း အသင်းဝင်ကြေး ၂ ထောင်ပေးရကြောင်း အဲဒီ လယ်သမားက ပြောပါတယ်။

“အသင်းဝင်တာနဲ့ ဓါတ်ပုံဖိုးက တထောင်ကောက်တယ်၊ လက်မှတ်လုပ်ခဆိုပြီးတော့ ကျေးရွာက စည်းရုံးရေးမှူးတွေကလည်း ၁ ထောင် ကောက်တော့ ပိုက်ဆံရမှာက တကေမှ ၅ ထောင်။ လက်မှတ်ထိုးတာနဲ့ လယ်သမားတဦးကို ငွေ ၂ ထောင်ဖြတ်တော့ အသင်းဝင်တဲ့လူတွေက မကျေမနပ်ဖြစ်နေတာပေ့ါ။”

နာဂစ်မုန်တိုင်းအပြီး လယ်သမားတွေ ငွေကြေးအခက်အခဲ ဖြစ်နေချိန်မှာ အခွင့်ကောင်းယူပြီး ကြံ့ခိုင်ရေးအဖွဲ့က မသိနားမလည်တဲ့ လယ်သမားတွေကို မှိုင်းတိုက်တာဖြစ်ကြောင်း၊ သိနားလည်တဲ့လယ်သမားတွေက နောင်ရေးကို ကြောက်ပြီး ချေးငွေကိုမချေးကြောင်း အဲဒီလယ်သမားက ပြောပါတယ်။

“ပြည်သူလူထုကို တကယ်အကျိုးပြုတယ်ဆိုရင် တပြေးညီ ချေးသင့်တာပေ့ါ။ ကြံ့ခိုင်ရေးအသင်းဝင်တဲ့ လယ်သမားတွေကို အမိကထားချေးတဲ့ သဘောထားသက်ရောက်နေတဲ့အတွက် ကျန်တဲ့လယ်သမား အုပ်စုတွေကလည်း ဒီအပေါ်မှာ မကျေမနပ်ဖြစ်နေတာပေ့ါ။”

စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးတဲ့ နေရာမှာလည်း ၂ ကျပ်တိုးနဲ့ တကေကို ၅ ထောင်သာ ချေးခွင့်ပေးပြီး ၁၀ ကေ ကျော်တဲ့သူကို ၁၀ ကေနှုန်းပဲ ချေးပေးတယ်လို့လည်း လယ်သမားတွေက ပြောပါတယ်။

# ဒေါ်စုကို အကျယ်ချုပ်မှ လွှတ်သင့်ပြီ

**DVB ၊ ဇန်နဝါရီ ၁၄ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်နေလွှတ်ဖို့ အယူခံတင်ထားတာ ၃ လကျော်ကြာတဲ့အထိ အာဏာပိုင်တွေက အကြောင်းမပြန်လို့ စိတ်ပျက် စပြုပြီလို့ အကျိုးဆောင်ရှေ့နေ ဦးကြည်ဝင်းက ပြောပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာ ၉ ရက်မှာ နေပြည်တော်ရှိ စစ်အုပ်စုအဖွဲ့ဆီ အယူခံလွှာတင်သွင်းခဲ့ပြီးကတည်းက ဘာအကြောင်းပြန်ချက်မှ မရတဲ့အပြင် ဒေါ်အောင်ဆန်းစုကြည်နဲ့လည်း တွေ့ခွင့်မရတော့ဘူးလို့ ဆိုပါတယ်။ အယူခံပါ အမိကအချက်ဟာ အကျယ်ချုပ်သက်တမ်း ၅ နှစ်ကို ၆ နှစ်အထိ တိုးတာကို ကန့်ကွက်တာဖြစ်တဲ့အတွက် အခု ၆ နှစ်ပြည့်ဖို့ ၄ လအလိုအထိ အကြောင်းမပြန်တာကြောင့် အချိန်လွန်သွားမှာကို စိုးရိမ်တယ်လို့ ဦးကြည်ဝင်းက ပြောပါတယ်။ အာဏာပိုင်တွေဘက်က ပြန်လည်သုံးသပ်ပြီး လွှတ်လိုက်သင့်ပြီလို့လည်း ပြောပါတယ်။

“အဲဒါဆိုရင်တော့ အတိုင်းထက်အလွန်ပေ့ါ။ အစိုးရမှာကို မင်္ဂလာအများကြီးရှိသွားမယ်လို့ ကျနော်တော့ အဲဒီလိုမြင်တယ်ဗျ။ ဖြစ်လည်းဖြစ်သင့်တယ်လို့ထင်တယ်။” ဒီဇင်ဘာနှောင်းပိုင်းမှာ စာရေးတိုင်ကြားခဲ့ပေမဲ့ ဘာမှအကြောင်းမပြန်တာကြောင့် နောက်ထပ်စာတစောင် မကြာခင်ထပ်ပို့ဖို့ စီစဉ်နေတယ်လို့ ဦးကြည်ဝင်းက ပြောပါတယ်။

# ကျောင်းအပ်နောက်ကျ၍ တနှစ်နစ်နာ

**DVB ၊ ဂျန်နဝါရီ ၁၃ ။** ။ ခရီးဝေးလို့ ကျောင်းဖွင့်မှန်း အချိန်မီမသိလိုက်ဘဲ ကျောင်းအပ်နောက်ကျတဲ့ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ဒုတိယနှစ်ကျောင်းသား တချို့ ကျောင်းနေခွင့် တနှစ်နစ်နာရပြီလို့ ကျောင်းသားတွေနဲ့နီးစပ်သူ တဦးက ပြောပါတယ်။

ရွှေပြည်သာမြို့နယ်ရှိ အဲဒီတက္ကသိုလ်ကို ဒီဇင်ဘာ ၁ ရက်မှာကျောင်း ပြန်ဖွင့်တာကို ရက်နည်းနည်းအသိနောက်ကျတာကို ကျောင်းသားတွေက တောင်းပန်ပေမယ့် မရပုံကို အဲဒီပုဂ္ဂိုလ်ကရှင်းပြပါတယ်။

"ကျောင်းနဲ့ဝေးတဲ့နေရာတွေမှာနေတဲ့ကလေးတွေက ကြေညာတဲ့ဟာ ကိုမသိတော့ ကျောင်းသွားအပ်တော့ သတ်မှတ်ရက်ထက် တရက်နှစ်ရက် လောက်နောက်ကျသွားတယ်၊ ပါမောက္ခတို့ဘာတို့က ကလေးတွေကို လက် မခံတော့ဘူး၊ ကျောင်းကလက်မခံတော့ ကလေးတွေအတွက် တနှစ်ထပ်စောင့် ရတော့တာပေ့ါ၊ ကွန်ပျူတာဌာနပါမောက္ခတွေကလည်း သူတို့ကိုလာမရှုပ်နဲ့ လက်မခံဘူးဆိုပြီးပြောတော့ ကလေး ခြောက်ယောက် ခုနစ်ယောက်လောက် ရှိတယ်၊ တနှစ်ထိုင်စောင့်ရတော့တာပေ့ါ"

ကျောင်းအပ်ချိန်ကို ရက် ၂၀ သာသတ်မှတ်ပြီး နောက်ဆုံးခွင့်ပြုရက် ကို ကျောင်းထဲမှာပဲကြေညာတာကြောင့် ကျောင်းသားတွေအသိနောက်ကျ ရတာလို့လည်းပြောပါတယ်။ စစ်အုပ်စုဟာ ကွန်ပျူတာတက္ကသိုလ်အပါအဝင် တက္ကသိုလ်၊ ကောလိပ်တွေကို မြို့ပြင်ဒေသတွေဆီရွှေ့ပစ်လိုက်တာကြောင့် ကျောင်းသူကျောင်းသားတွေ ခရီးဝေးသွားပြီး တက်ရောက်နေကြရတာပါ။ ကျောင်းအပ်ခွင့်မရတာဟာ ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်တခုတည်းမဟုတ်ဘဲ တခြားတက္ကသိုလ်တွေမှာလည်း ဖြစ်ပွားနေပါ တယ်။

ကျောင်းသားတွေကိုလက်ခံပေမယ့် စာမေးပွဲအောင်ခွင့်မပေးရဘူးလို့ ပညာရေးဝန်ကြီး ဒေါက်တာချမ်းငြိမ်းကိုယ်တိုင် စာစစ်သူဆရာဆရာမတွေကို စာထုတ်အမိန့်ပေးဘူးတယ်လို့ အမည်မဖော်လိုတဲ့ တက္ကသိုလ်ဆရာတဦးက ပြောပါတယ်။ အဲဒီအမိန့်ကြောင့် အဝေးသင်တက္ကသိုလ်မှာ ကျောင်းအပ်နောက် ကျတဲ့ သိပ္ပံအထူးပြုကျောင်းသားတွေ နည်းပြတန်း၊ လက်တွေ့တန်း အထောက် အကူပြုအမှတ်တွေမရကြတော့လို့ အရင်နှစ်တွေတုန်းကထက် အောင်ချက် ရာခိုင်နှုန်းပိုကျသွားတယ်လို့ အဲဒီဆရာကပြောပါတယ်။

# စေတီပရဝုဏ်တိုးချဲ့ရန် သိန်းတထောင်ကောက်ခံ

**DVB ၊ ဇန်နဝါရီ ၁၅ ။** ။ မကွေးမြို့အာဏာပိုင်တွေက မြသလွန်စေတီပရ ဝုဏ်တိုးချဲ့ဖို့အတွက် ကျပ်သိန်းတထောင် လျာထားလိုက်ပြီး ဈေးသည်တွေနဲ့ ပြည်သူတွေဆီက စတင်ကောက်ခံနေပြီလို့ မကွေးမြို့ခံ တွေက ပြောပါတယ်။

မြသလွန်စေတီပရဝုဏ်ကို ၁၅ ပေ ချဲ့ထွင်ရေး မြို့နယ်မယကနဲ့ ခရိုင်ခ ယကတို့ ဦးဆောင်တဲ့ ဒီလ ၁၂ ရက် အစည်းအဝေးကို အာဏာပိုင်တွေ၊ ပြည်ခိုင် ဖြိုး၊ အမျိုးသမီးရေးရာအဖွဲ့ဝင်တွေနဲ့ ဌာနဆိုင်ရာဝန်ထမ်းတွေ တက်ရောက်ပါ တယ်။ လုပ်ငန်းရှင်တွေ၊ ဈေးသည်တွေ ဘယ်လောက်ဘယ်မျှထည့်ဝင်မယ်ဆိုတာ အခွန် ဦးစီးဌာနက ကြိုတင်မေးမြန်းနေပြီလို့ မြို့ခံတဦးက ပြောပါတယ်။

"တသိန်းထည့်ရင်တော့ ဂုဏ်ပြုမှတ်တမ်းလွှာပေးမယ်ပေ့ါ။ တသိန်း အောက် နည်းရင်တော့ ဂုဏ်ပြုမှတ်တမ်း မပေးနိုင်ဘူးပေ့ါ။"

ဗုဒ္ဓဘာသာဝင်အများစုနေထိုင်တဲ့ မကွေးမြို့နယ်မှာ မြသလွန်စေတီ တော်ဂေါပကအဖွဲ့ရှိပါလျက်နဲ့ စေတီအရေး အလှူငွေကောက်ခံရာမှာ အာဏာ ပိုင်တွေ ပါဝင်စွက်ဖက်လာတာကို ပြစ်တင်ဝေဖန်နေကြတယ်လို့မြို့ခံတဦးက ပြောပါတယ်။ အလှူငွေကို ရပ်ကွက်အလိုက် အချိုးကျထည့်ဝင်ဖို့ အာဏာပိုင် တွေက သတ်မှတ်ထားတာကြောင့် ဈေးဆိုင်ပိုင်ရှင်တွေနဲ့ လုပ်ငန်းရှင်တွေ ညည်း ညူနေကြတယ်လို့လည်း ဆိုပါတယ်။

# ပုတာအိုထောင်ရှိ ကိုအောင်သူ ကျန်းမာရေးမကောင်း

**NEJ ၊ ဂျန်နဝါရီ ၁၅ ။** ။ မြန်မာပြည်မြောက်ဖျား ပုတာအိုအကျဉ်းထောင် တွင် ထောင်ဒဏ် ၆၅ နှစ်ချမှတ်ခံထားရသည့် ၈၈ မျိုးဆက်ကျောင်းသားခေါင်း ဆောင်တဦးဖြစ်သူ ကိုအောင်သူ၏ခြေထောက်မှာ သေးလိုက်လာပြီး အစာမျို ချရာတွင်လည်း အခက်အခဲဖြစ်ကာ ကျန်းမာရေးအခြေအနေဆိုးနေပါတယ်။

ရာသီဥတုအေးလွန်းသည့်အတွက် ကိုအောင်သူ၏ကျန်းမာရေး ထိခိုက် ခဲ့ရကြောင်း ဒီဇင်ဘာလကုန်ပိုင်းက ထောင်ဝင်စာတွေ့ခွင့်ရခဲ့သူ မိသားစုဝင် တဦးကပြောပါတယ်။

၎င်းက "ပုတာအိုရောက်တော့ သူက အကြောသိပ်မကောင်းဘူး၊ ခြေ ထောက်နည်းနည်းဆွဲသွားတယ်၊ ခြေသလုံးလေးတွေ သေးလိုက်လာတယ်၊ ရာသီဥတုအေးတဲ့ဒဏ်မခံနိုင်လို့ ခြေထောက်က ဆာသွားတယ်တဲ့၊ အခု ဆန ပြုတ်ပဲသောက်နိုင်တယ်၊ ဆေးတွေလည်း မျိုနိုင်တဲ့အားမရှိဘူး၊ အေးလာပြီဆို လျှာက တိုသလိုဖြစ်သွားတယ်တဲ့၊ မျိုချဘို့ ခက်တယ်တဲ့" ဟု ပြောပါတယ်။

ကိုအောင်သူအား ၃ ကြိမ်တွေ့ဆုံခဲ့ရပြီး ၂ ကြိမ်သာ တနာရီကြာတွေ့ ဆုံရပြီး နောက်ဆုံးအကြိမ်တွင် ၁၅ မိနစ်မျှသာတွေ့ဆုံရကြောင်း၊ ထောင်ဝင် စာတွေ့ခွင့်ကို အထက်ကပိတ်လိုက်သည့်အတွက် ပြန်လာခဲ့ရကြောင်း လမ်း ခုလတ်မှာရောက်ရှိနေသည့် ကိုအောင်သူမိသားစုဝင်ကပြောပါတယ်။ ပုတာအို ဒေသတွင် အစားအစာရှားပါး ဈေးကြီးကာ ရာသီဥတုဆိုးဝါးသဖြင့် ထောင်ဝင် စာတွေ့ရသည့်အခက်အခဲ အလွန်ကြီးမားပြီး ဒုက္ခမျိုးစုံဖြင့်ကြုံတွေ့ခဲ့ရကြောင်း၊ ၁၉၉၈ လွှတ်တော်ခေါ်ယူရေးတောင်းဆိုမှုဖြင့် ထောင်ဒဏ် ၅၂ နှစ် ချမှတ်ခံထား ရသည့် ကိုမျိုးမင်းဇော်အား ထောင်ဝင်စာတွေ့ခဲ့ရသူ အသက် ၆၅ နှစ်ရှိ မိခင်ဖြစ် သူက ပြောပါတယ်။

၎င်းက "မြို့ထဲကနေ ထောင်ကိုသွားရတဲ့ခရီးက အတော်ပင်ပန်းတယ်၊ ငွေသုံးနိုင်လို့ ကားနဲ့သွားရင် တသောင်းခွဲ တသောင်းနှစ်ထောင်ရှိတယ်၊ ဆိုင် ကယ်နဲ့ဆို ခုနစ်ထောင်၊ အစောပိုင်း တပတ်ကိုနှစ်ကြိမ်တွေ့ရမယ်ဆိုတော့ သွား သေးတာပေ့ါ၊ SB ပါမှတွေ့ရမယ်ဆိုတော့ တွေ့ရမယ် မတွေ့ရဘူးဆိုတာ သိပ် မသေချာတော့ဘူး၊ ကျမတို့လည်း ဆိုင်ကယ်တောင်မငှါးနိုင်လို့ တောလမ်းက ပဲခြေလျင်သွားရတာပေ့ါ၊ ခရီးကပန်း အစားအသောက်ကလည်း နှစ်နပ်ကို တနပ် တည်းပေါင်းစားဆိုတော့ ကျမတောင် ပုတာအိုဆေးရုံမှာ ၃ ရက်တက်ခဲ့ရတယ်၊ ရာသီဥတုကအေးတော့ မခံနိုင်ဘူး၊ ရှော့ခ်ဖြစ်သွားတယ်" ဟု ပြောပါတယ်။

၂၀၀၇ ခုနှစ် မေအတွင်း အမေရိကန်သံရုံးစင်တာ၌ မေဒေးနေ့အခမ်း အနားပြုလုပ်သည့်အမှုဖြင့် ပုတာအိုထောင်တွင် ထောင်ဒဏ် ၂၈ နှစ်ချမှတ်ခံ ထားရသူ ကိုဝေလင်းအား ထောင်ဝင်စာတွေ့ရန်ကြိုးစားခဲ့ရာ ယခုနှစ်ဆန်းပိုင်း မှစ၍ ထောင်ဝင်စာတွေ့ခွင့်ပိတ်ခဲ့သည့်အတွက် လုံးဝတွေ့ခွင့်မရဘဲ ပြန်လာ ခဲ့ရကြောင်း အကိုဖြစ်သူကပြောပါတယ်။

၎င်းက "ကျနော်က အခုလ ၆ ရက်နေ့ကရောက်သွားတော့ ထောင် ဝင်စာပိတ်တဲ့အော်ဒါက ထွက်သွားပြီ၊ တွေ့ရမလားဆိုပြီး လေးကြိမ်သွားခဲ့ တယ်၊ မတွေ့ရဘဲ ငွေကုန်လူပန်းနဲ့ပြန်လာခဲ့တယ်၊ နောက်ထောင်ဝင်စာ ဘယ် တော့ပြန်တွေ့ရမလဲဆိုတာ မသိရသေးဘူး" ဟု ပြောပါတယ်။

နအဖက ကျောင်းသားခေါင်းဆောင်များအပါအဝင် ဒီမိုကရေစီအရေး လှုပ်ရှားသူများကို နှစ်ရှည်ထောင်ဒဏ်များချမှတ်ပြီး ထောင်ဝင်စာတွေ့ရန် ခက်ခဲသည့် ဝေးလံခေါင်ဖျားဒေသရှိထောင်များကို ယမန်နှစ် နိုဝင်ဘာလ အတွင်းမှစ၍ ပို့ဆောင်ခဲ့ပါတယ်။

**စာမျက်နှာ ၅ မှ**

လုပ်ရတဲ့အတွက် သူတို့က အသက်ရှင်လျက် အိမ်ပြန်ရောက်ဖို့ဆိုတာ သိပ်မ လွယ်ပါဘူး။ နအဖက သူတို့ကို အဲလိုပို့တာက တမင်ရည်ရွယ်ချက်ရှိရှိ သေစေ လိုတဲ့ ရည်ရွယ်ချက်ရှိရှိ ပို့တာလို့ ကျနော်တို့က အဲလို မြင်ပါတယ်။"

# ဗိုလ်ချုပ်ခင်ညွန့်နောက်ဆက်တွဲ မင်္ဂလာဒုံအဝင်မုခ်ဦး ဗိုလ်ချုပ်မှူးကြီးသန်းရွှေဖြိုချ

**RFA ၊ ဂျန်နဝါရီ ၁၂ ။** ။ မင်္ဂလာဒုံလေဆိပ်အဝင်လမ်းမကြီးနှင့် ပြည်လမ်း အနီး ပြည်လမ်းမကြီးပေါ်တွင်တည်ဆောက်ထားသည့် ရန်ကုန်မြို့၏ အကြီးဆုံးမုခ်ဦး ကို လုံခြုံရေးအကြောင်းပြချက်ဖြင့် ဖြိုချဖျက်ဆီးလိုက်ပြီဖြစ်ကြောင်း လေဆိပ် လုံခြုံရေးတာဝန်ယူထားသည့် အမည်မဖော်လိုသူတပ်မတော်အရာရှိတဦးက ပြောပါတယ်။

၎င်းက "ညွှန်ကြားချက်ကို ကျနော်တိုက်ရိုက်ရတာတော့မဟုတ်ပါဘူး၊ ကျနော့အထက်အရာရှိတွေပြောပြတာက ဂျန်နဝါရီလဆန်း ဗိုလ်ချုပ်မှူးကြီးသန်း ရွှေ ရန်ကုန်ရောက်တယ်၊ လေဆိပ်ကအထွက် အဲဒီမုခ်ဦးကိုမြင်တော့ သူ့လုံခြုံ ရေးတပ်ဖွဲ့ကိုမေးတယ်၊ ဒီမုခ်ဦးဟာ လုံခြုံရေးအရ ပြဿနာရှိနိုင်သလားပေါ့၊ ဒါ နဲ့ သူ့လုံခြုံရေးအဖွဲ့တွေက နောက်တနေ့မှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုတင်ပြ တယ်၊ ဒါဟာ ဗိုလ်ချုပ်ခင်ညွန့် တန်ခိုးထွားစဉ်ကတည်ဆောက်ထားတာ ထု ထည်အလွန်ကြီးတယ်၊ ထု ၁၀ ပေနီးပါးရှိပြီး ကွန်ကရစ်နဲ့ အခိုင်အမာဆောက် ထားတယ်၊ မုခ်ဦးပေါ်မှာ လူ ၃–၄ ယောက်လောက် ရိက္ခာအပြည့်အစုံနဲ့ဆို ၅ ရက်ကနေတပတ်လောက်ထိခိုအောင်းပြီး လေဆိပ်ကထွက်လာတဲ့ ဒါမှမဟုတ် လေဆိပ်ကိုသွားတဲ့နိုင်ငံခေါင်းဆောင်တွေကို လုပ်ကြံသတ်ဖြတ်မယ်ဆို လုပ်လို့ ရတယ်၊ လုံခြုံရေးအရ အဲဒီလိုအန္တရာယ်ရှိတယ်ဆိုပြီး တင်ပြတယ်၊ တယောက် ကတော့ ဗိုလ်ချုပ်ခင်ညွန့် ဗေဒင်ယတြာသဘောနဲ့လုပ်ထားတာလည်းဖြစ်နိုင် တယ်ဆိုပြီး တင်ပြတယ်" ဟု ပြောပါတယ်။

ယင်းသို့တင်ပြသည့်နေရာတွင်ပင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဖျက်ဆို ပြီး တန်းအမိန့်ပေးသည့်အတွက် ချက်ချင်း ယန္တရားကြီးများကိုခေါ်ပြီး တရက်ထဲ နှင့်အပြီးဖျက်ခဲ့သည်ဟု စုံစမ်းသိရပါတယ်။ အဆိုပါမုခ်ဦးကြီးသည် လေဆိပ် အဝင်လမ်းနှင့် ဥက္ကလာလမ်းထိပ် မြို့တွင်းဘက် ပြည်လမ်းပေါ်၌တည်ရှိပါတယ်။ ၁၀ မိုင်ဈေးနှင့်လည်းနီးပြီး မြို့တွင်းဘက်အလာ ပြည်လမ်းပေါ်မှာတည်ရှိပါတယ်။ ပြည်လမ်းကိုခွပြီးတည်ဆောက်ထားသည့် အဆိုပါမုခ်ဦးမှာ ခေတ်မီဖွံ့ဖြိုးတိုး တက်သောနိုင်ငံသစ်ဆီသို့ဆိုသည့်စာတမ်း ရေးထိုးထားပါတယ်။

ရန်ကုန်မှ နိုင်ငံခြားတိုင်းပြည်များသို့ထွက်ခွာလာသူများသည် ခေတ်မီ သည့်နိုင်ငံများဆီသို့သွားကြမှာဖြစ်သည့်အတွက် အဆိုပါမုခ်ဦးမှ ခေတ်မီဖွံ့ဖြိုး တိုးတက်သောနိုင်ငံတော်သစ်ဆီသို့ဆိုသည့်စာတမ်းကိုဖတ်ရတိုင်း ပြုံးစိစိဖြစ် ကြပြီး မြန်မာနိုင်ငံ မင်္ဂလာဒုံလေဆိပ်ရောက်လာသည့်အချိန်တွင် "ရန်ကုန်မြို့ မှကြိုဆိုပါ၏" ဆိုသည့်စာတမ်းဖတ်ရတိုင်း ဆင်းရဲသည့်နိုင်ငံပြန်ရောက်ပြီဟု ညည်းတွားလေ့ရှိကြောင်း ခရီးသွားတဦးကပြောပါတယ်။

အဆိုပါမုခ်ဦးဖြိုချနေသည်ကိုမြင်တွေ့ရသည့် ပြည်လမ်းပေါ်နေသူတဦး က အာဏာရှင်ကြီးဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရဟန်းရှင်လူ တိုင်းသူပြည်သား များ၏အသက်ကိုတန်ဖိုးမထားဘဲ ပစ်ခတ်သတ်ဖြတ်ရန် အမိန့်ပေးစေခိုင်းတတ် သော်လည်း သူ့အသက်ကိုမူ အလွန်စိုးရိမ်တတ်သူဖြစ်ကာ၊ သေမှာကြောက်သူ ဖြစ်တာပေါ်လွင်နေကြောင်း ပြောဆိုပါတယ်။

အမည်မဖော်လိုသူ တပ်မတော်အရာရှိဟောင်းတဦးကမူ ဗိုလ်ချုပ်မှူး ကြီးသန်းရွှေသည် သူဖြုတ်ထုတ် ထောင်ချလုပ်ထားသည့် ယခင်စစ်ထောက် လှမ်းရေးဟောင်းများကို ကြောက်လန့်နေတုန်းပဲဟု မှတ်ချက်ပေးခဲ့ပါတယ်။

# စစ်တပ်အရာရှိများ သေနတ်ကိုင်ရမ်းကား

**DVB ၊ ဂျန်နဝါရီ ၁၃ ။** ။ မန္တလေးတိုင်း မြင်းခြံမြို့ခမရ ၁၅ မှ စစ်တပ်အရာရှိ ၂ ဦး ကာရာအိုကေဆိုင်တဆိုင်တွင် သေနတ်ထုတ်သောင်းကျန်တယ်လို့ မြို့ခံတွေ ကပြောပါတယ်။

ခမရ ၁၅ စစ်တပ်မှ တပ်ကြပ်ကြီးကိုထွန်းဝင်းနဲ့ ဗိုလ်ကြီးတယောက် နယူးလိုက်ဖ်ကာရာအိုကေဆိုင်တွင် အရက်မူးပြီး ဆိုင်ထဲမှာသီချင်းဆိုတဲ့မိန်း ကလေးတွေကိုပြောဆိုရာမှာ ဆိုင်ပိုင်ရှင်ကိုကျော်သူက ဝင်ထိန်းရာကနေ ရန်စ ဖြစ်တာလို့ဆိုပါတယ်။ ဒီလ ၈ ရက်နေ့ည သန်းခေါင်ယံအချိန်မှာ ၁၉ ရပ်ကွက် အတွင်းဖွင့်လှစ်ထားတဲ့ ကာရာအိုကေဆိုင်မှာ စစ်တပ်အရာရှိ ၂ ဦး မူးပြီး သေ နတ်နဲ့ခြိမ်းခြောက်တဲ့အကြောင်း မြို့ခံတဦးကပြောပါတယ်။

"ရန်ဖြစ်တော့ ဆိုင်ရှင်ကိုရမ်းတဲ့အနေနဲ့ အရက်ခွက်တွေကိုရိုက်ခွဲပြီး၊ သေနတ်တွေဘာတွေ အကုန်ထုတ်ပြီးချိန်တယ်၊ သူတို့ရမ်းနေတဲ့အချိန်မှာ အမှတ် ၁ ရဲစခန်းက ရဲတပ်ကြပ်သန်းမြိုင်တို့အဖွဲ့လည်းရှိတယ်၊ ရှိရဲ့သားနဲ့ ဘယ် သူကမှ သူတို့ကိုမတားရဲဘူး၊ ကာရာအိုကေဆိုင်ပြင်ပရောက်တော့လည်း ၁၉ ရပ်ကွက်တရပ်ကွက်လုံးကို ဆဲဆိုပြီးထွက်သွားတယ်"

စစ်တပ်အရာရှိတွေ မူးပြီးသောင်းကျန်တာကို နယ်ထိန်းတပ်ဖွဲ့ဝင်တွေ ရှိလျက်နဲ့ အရေးမယူတာဟာ အရင်တုန်းက နှစ်ကျိပ်ရှစ်ဆုဘုရားပွဲမှာ စစ်တပ် နဲ့အရပ်သားပြဿနာကို ဝင်ရောက်ဖြေရှင်းပေးခဲ့တဲ့ရဲတပ်သားတဦး နောက်ပိုင်း မှာ အလုပ်ပြုတ်သွားတာကြောင့်ဖြစ်တယ်လို့လည်း ပြောပါတယ်။ စစ်တပ် အရာရှိတွေ ရပ်ကွက်အတွင်း သေနတ်ကိုင်သောင်းကျန်တာနဲ့ပတ်သက်လို့ ဒေသခံတယောက်ကပြောပါတယ်။

"ပြည်သူတွေအနေနဲ့က အရေးယူပေးစေချင်တာပေါ့၊ စစ်တပ်က ဒီလို ရမ်းကားလို့ရမယ်ဆိုရင် နောက်ထပ်ဗိုလ်ကလေးတွေက ကာရာအိုကေဆိုင် တွေ၊ အရက်ဆိုင်တွေမှာ ဝင်ရမ်းကားမှာကြောက်တာပေါ့၊ ငြိမ်းချမ်းရေးပျက် ပြားမှာ၊ အေးချမ်းမှုပျက်ပြားမှာ ကြောက်တာပေါ့၊ ဒါ ရမ်းကားတဲ့သဘောပေါ့၊ လက်နက်ရှိရင် ဘာမဆိုလုပ်လို့ရတယ်၊ စစ်တပ်ကစစ်ဗိုလ်ဖြစ်ရင် လုပ်လို့ရ တယ်ပေါ့၊ စစ်တပ်အနေနဲ့ဘာပြောပြော သူတို့ ဒီရပ်ကွက်ထဲမှာ ဘာပြစ်မှုကျူး လွန်ကျူးလွန် အရေးယူမခံရဘူးဆိုတဲ့အဓိပ္ပါယ်လည်း သက်ရောက်တာပေါ့"

# မြန်မာနိုင်ငံတွင် စီးပွားရေးလွတ်လပ်ခွင့် လုံးဝမရှိ

**DVB ၊ ဂျန်နဝါရီ ၁၄ ။** ။ မြန်မာနိုင်ငံဟာ မြောက်ကိုရီးယား၊ ဇင်ဘာဘွေ၊ ကျူး ဘားတို့နဲ့အတူ ကမ္ဘာ့စီးပွားရေးလွတ်လပ်ခွင့်အကင်းမဲ့ဆုံး နိုင်ငံ ၄ နိုင်ငံထဲမှာ ပါဝင်နေတယ်လို့ ဟာရီတေ့ချ်ဖောင်ဒေးရှင်းနဲ့ ဝေါစထရိဂျာနယ်က နှစ်စဉ်ပြု စုထုတ်ဝေတဲ့ စီးပွားရေးလွတ်လပ်ခွင့်စစ်တမ်းမှာ ဖော်ပြထားပါတယ်။

နိုင်ငံပေါင်း ၁၇၉ နိုင်ငံကရရှိတဲ့ ကိန်းဂဏန်းအချက်အလက်တွေကို အခြေခံကာပြုစုထားပြီး မနေ့ကထုတ်ပြန်တဲ့ဒီစစ်တမ်းမှာ မြန်မာဟာ စတုတ္ထ မြောက် စီးပွားရေးလွတ်လပ်ခွင့်အကင်းမဲ့ဆုံးနိုင်ငံအဖြစ် ဖော်ပြထားတာပါ။ ၁၇၉ နိုင်ငံမှာ အဆိုးရွားဆုံးအနေနဲ့ မြောက်ကိုရီးယား၊ ဇင်ဘာဘွေနဲ့ ကျူးဘားနိုင်ငံ တို့ဖြစ်ပြီး အောက်ဆုံးကပြန်ရေတွက်ရင် စတုတ္ထမြောက် စီးပွားရေးလွတ်လပ် ခွင့်အကင်းမဲ့ဆုံးနိုင်ငံအနေနဲ့ မြန်မာနိုင်ငံကိုဖော်ပြထားတာပါ။ နိုင်ငံရေးပြဿ နာတွေရှိနေတဲ့ ဆူဒန်၊ အီရတ်နဲ့ အာဖဂန်နိုင်ငံတွေကိုတော့ အချက်အလက် မပြည့်စုံတဲ့အတွက် ချန်လှပ်ထားတာတွေ့ရပါတယ်။ ဟောင်ကောင်ကိုတော့ ကမ္ဘာ့စီးပွားရေးလွတ်လပ်ခွင့်အပြည့်ဝဆုံးနိုင်ငံအနေနဲ့ ၁၅ နှစ်ကြာအောင် အသိအမှတ်ပြုထားပါတယ်။

ဟောင်ကောင်ပြီးမှ စင်္ကာပူ၊ သြစတြေးလျားနဲ့၊ နယူးဇီလန်တို့ကိုဖော် ပြထားပါတယ်။ စီးပွားရေးလွတ်လပ်ခွင့်လို့ဆိုတဲ့နေရာမှာ နိုင်ငံသားတဦးချင်းရဲ့ လွတ်လပ်စွာအလုပ်လုပ်ခွင့်၊ ထုတ်လုပ်ခွင့်၊ ဝယ်ယူသုံးစွဲခွင့်၊ ပစ္စည်းဥစ္စာပိုင်ဆိုင် ခွင့်ရှိတို့အပြင် စီးပွားရေးလုပ်ငန်းတွေမှာ အနှောင့်အယှက်ကင်းရှင်းတာ၊ အစိုးရ အကျပ်ကိုင်စေခိုင်းခံရတဲ့အခြေအနေမရှိတာ စတဲ့အချက်တွေကိုအခြေခံတယ်လို့ ဟာရီတေ့ချ်ဖောင်ဒေးရှင်းရဲ့ အင်တာနက်စာမျက်နှာမှာ ဖော်ပြထားပါတယ်။

# ဗိုလ်ချုပ်သန်းရွှေပြန်ပြီးနောက် ဇလွန်မယက အဖြုတ်ခံရ၊ ခယက နယ်ပြောင်းခံရ

**DVB ၊ ဂျန်နဝါရီ ၁၄ ။** ။ ရောဝတီတိုင်း ဇလွန်မြို့ကို ဗိုလ်ချုပ်သန်းရွှေသွားရောက်ပြီးနောက် မယကအဖြုတ်ခံရသလို ခယကလည်း နယ်ပြောင်းခံရတယ် လို့ မြို့ခံတွေကပြောပါတယ်။

ရောဝတီတိုင်းကိုသွားရောက်ခဲ့တဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်သန်းရွှေဟာ ဒီဇင်ဘာ ၃၀ ရက်နေ့က ဇလွန်မြို့ကိုရောက်ပါတယ်။ ဒါပေမဲ့ မြို့ခံပြည်သူလူထုနဲ့ သက်ဆိုင်ရာဝန်ထမ်းတွေက ထွက်ကြိုဆိုတာမရှိပါဘူး။ အဲဒါကြောင့် ဒီလ ၁ ရက်နေ့မှာ မယက အဖြုတ်ခံရသလို ခယကလည်း အပြောင်းခံရတာဖြစ်ပါတယ်။ ဗိုလ်ချုပ်သန်းရွှေ ဇလွန်ပြည်တော်ပြန်ဘုရားမှာ ဆီမီးပူဇော်တုန်း မီးခြစ်ခြစ်တာအဆင်မပြေလို့ဆိုပြီး ဘုရားကဂေါပကအဖွဲ့ဝင်တွေကိုပါဖြုတ်ပြီး အသစ်ပြန်ဖွဲ့ဘို့လုပ်နေတယ်လို့ ဇလွန်မြို့ခံတဦးကပြောပါတယ်။

“လာသွားတဲ့အခါမှာ ကျနော်တို့လူတွေက ထွက်ပြီးမကြိုဆိုလို့ဆိုပြီး စိတ်တိုသွားပြီး မယကကိုဖြုတ်လိုက်တယ်၊ ခယကကိုလည်း နယ်ပြောင်းလိုက်တယ်၊ ဘုရားရောက်တော့ ဘုရားမီးပူဇော်ဘို့လုပ်တယ်၊ ဖယောင်းတိုင်တွေအားလုံး ထွန်းဘို့ အဆင်သင့်လုပ်ထားပေးတာပေါ့၊ အဲဒီမှာ မီးခြစ်ခြစ်တဲ့အခါ မီးခြစ်က မီးမတောက်လို့ ထပ်စိတ်တိုပြီး ဂေါပကကိုလည်း သူဖြုတ်မယ်လို့ကြားတယ်၊ မြို့ခံအားလုံးတွေက ဒီကိစ္စအပေါ်မှာ မတရားဘူးလို့ပြောနေကြတာပေါ့”

ဒီကိစ္စနဲ့ပတ်သက်လို့ သက်ဆိုင်ရာမယကရုံးကို ဆက်သွယ်လို့မရပါ ဘူး။ မြို့ခံတွေက ဗိုလ်ချုပ်သန်းရွှေကိုထွက်မကြိုကြတာနဲ့ပတ်သက်လို့လည်း အဆိုပါမြို့ခံကပြောပါတယ်။

“ကျနော်တို့ရင်မှာ ကျနော်တို့တကယ်ချစ်တဲ့သူတယောက်ဆိုလို့ရှိရင် ထွက်ကြိုပါလို့အမိန့်ပေးစရာမလိုဘူး၊ တိုက်တွန်းစရာမလိုဘူး၊ ကျနော်တို့စိတ်ဓာတ်နဲ့ထွက်ကြိုကြမှာပါ။ ဘာကြောင့်ထွက်မကြိုတာလဲဆိုတော့ ကျနော်တို့အတွက် အကျိုးပြုမယ့်လူတယောက်မဟုတ်လို့”

ဇလွန်ပြည်တော်ပြန်ဘုရားမှာ ဆီမီးပူဇော်ဘို့ ဂေါပကအဖွဲ့ဝင်တွေထားထားပေးတဲ့ အသစ်စက်စက်မီးခြစ် ခြစ်လို့မရတာနဲ့ပတ်သက်လို့လည်း မြို့ခံတွေကပြောပါတယ်။

“ဇလွန် ဘုရားက သမိုင်းဝင်ဘုရားတဆူလေ၊ အဲဒီတော့ ဒီဘုရားက အတိတ်နိမိတ်ပြနေတာပေါ့၊ ဒါ ဦးသန်းရွှေအတွက် မီးစာကုန်ဆီခန်းတဲ့အချိန်ရောက်ပြီဆိုတဲ့ အတိတ်နိမိတ်ဆိုပြီး မြို့ခံတွေအားလုံးကပြောကြတယ်”

ဇလွန်မယကအဖြုတ်ခံရတာဟာ ဆန္ဒခံယူပွဲတုန်းက ရောဝတီတိုင်းအတွင်း ဇလွန်၊ ဟင်္သာတနဲ့ လေးမျက်နှာ စတဲ့ ၃ မြို့နယ်က ထောက်ခံမဲနည်းတာကြောင့်ဖြစ်နိုင်တယ်လို့လည်း မြို့ခံတွေက ဝေဖန်ပြောဆိုနေကြပါတယ်။

# ဓါတ်တိုင်အတွက် တအိမ်ထောင် ၅၀၀၀ ကောက်

**NEJ ၊ ဂျန်နဝါရီ ၁၄ ။** ။ ဂျန်နဝါရီ ၁၂ ရက်က ရန်ကုန်မြို့တာမွေလေးရပ်ကွက် ပိထောက်ရွှေဝါလမ်းအတွင်းရှိလူနေတိုက်ခန်းများအား ဓါတ်တိုင်အသစ်စိုက်ရန်နှင့် မီးကြိုးများလဲလှယ်ရန်အတွက် ရပ်ကွက်အာဏာပိုင်များက တအိမ်ထောင်လျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် လိုက်လံကောက်ခံခဲ့ပါတယ်။

ရပ်ကွက်အာဏာပိုင်များကငွေကောက်ခံခြင်းအပေါ် မကျေနပ်သည့်ရပ်ကွက်နေပြည်သူတဦးက “ဒီကိစ္စက နိုင်ငံတော်ကလုပ်ရမှာဖြစ်တယ်၊ ကျနော်တို့က ကျနော်တို့သုံးတဲ့ဓါတ်အားခကို တလတခါ အပြည့်ပေးဆောင်ပြီးသားဖြစ်တဲ့အတွက် မထည့်နိုင်ပါဘူး” ဟု ငွေလိုက်လံကောက်ခံသော ရပ်ကွက်အာဏာပိုင်များအား ပြောကြားခဲ့ပါတယ်။

ထိုသို့ပြောကြားခဲ့သူအား ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ခေါ်ပြီး အာဏာပိုင်များက ၎င်းတို့ဆောင်ရွက်နေသောလုပ်ငန်းများကို ပြန်လည်ရှင်းပြခဲ့သည်ဟု အဆိုပါပုဂ္ဂိုလ်က ခေတ်ပြိုင်သို့ပြောပါတယ်။

“ကျနော်တို့ရပ်ကွက်ရုံးကိုခေါ်တယ်ဆိုပြီး ရပ်ကွက်က စွမ်းအားရှင်ခေါင်းဆောင် ဦးလှမြင့်ကလာခေါ်လို့ ကျနော် ရုံးကိုလိုက်သွားပါတယ်၊ ဟိုကိုရောက်တော့ မနက်က ငွေတွေကိုလိုက်ကောက်ခံတဲ့ ရာအိမ်မှူးဦးအောင်မြင့်ခေါင်းဆောင်တဲ့အဖွဲ့ကိုလည်း ခေါ်ထားတာတွေ့ရတယ်၊ ရုံးကိုရောက်တော့ ကျနော့်ကို အတွင်းရေးမှူးဦးလွင်မောင်က ပြေပြေလည်လည်ပြန်ရှင်းပြပါတယ်၊ ဒ့ါအပြင် ကောက်ခံလို့ရတဲ့ငွေတွေကိုလည်း စစ်ကြည့်ခိုင်းပါတယ်၊ ကျနော်က စစ်စရာမလိုပါဘူး၊ ကျနော် စာရင်းစစ်ချင်လို့ပြောနေတာမဟုတ်ဘူး၊ ဒီကိစ္စက နိုင်ငံတော်ကလုပ်ရမယ့်ကိစ္စပါ၊ ကျနော်တို့နဲ့မဆိုင်လို့ကို မထည့်နိုင်ဘူးလို့ပြောတာလို့ ပြန်ပြောခဲ့ပါတယ်” ဟု အဆိုပါပြည်သူက ခေတ်ပြိုင်သို့ပြောပါတယ်။

ယခုကဲ့သို့ခေါ်ယူဆွေးနွေးရာတွင် ရပ်ကွက်အာဏာပိုင်များက အဆိုပါဓါတ်တိုင်များပြောင်းစိုက်ပြီးပါက ငွေထည့်ဝင်သည့်အိမ်များ မီးအားအပြည့်လာမည်ဖြစ်ပြီး မထည့်ဝင်သူများမှာမူ မီးအားမပြည့်ဘဲရမှာဖြစ်ကြောင်းကို လည်း အတွင်းရေးမှူးဖြစ်သူကရှင်းလင်းပြောကြားသည်ဟု ပြန်လည်ပြောကြား ပါတယ်။ အဆိုပါကိစ္စဖြစ်ပွားပြီး မိနစ်အနည်းငယ်အကြာတွင် ငွေထည့်ဝင်ခြင်းမရှိဟုပြောဆိုသည့်လူငယ်နေထိုင်ရာအိမ်အပါအဝင် အခြားအိမ်များကို မီးဖြတ်တောက်ခဲ့ပါတယ်။ ယခုကိစ္စမကျေနပ်သော ရပ်ကွက်တွင်းနေထိုင်သူတဦးက ဖြစ်စဉ်အား မှတ်တမ်းတင်ဓါတ်ပုံရိုက်ခဲ့ပြီး မကြာမီ ဖြတ်တောက်ခဲ့သောအိမ်များအား မီးပြန်ပေးသည့်အတွက် အဆိုပါလုပ်ရပ်အား ရပ်ကွက်နေပြည်သူများ မခံမရပ်နိုင်ဖြစ်နေကြကြောင်း သတင်းရရှိပါတယ်။

# အာမခံကုမ္ပဏီတွေကို စစ်ဆေးရေးတောင်းဆို

**DVB ၊ ဂျန်နဝါရီ ၁၄ ။** ။ မြန်မာနိုင်ငံမှာစီးပွားရေးလုပ်ကိုင်နေတဲ့ ဗြိတိန် အာမခံကုမ္ပဏီတွေထဲမှာ စစ်အုပ်စုကို လာဘ်ပေးလာဘ်ယူဆောင်ရွက်နေတာတွေ ရှိ မရှိ စုံစမ်းဖော်ထုတ်ဘို့ လန်ဒန်အခြေစိုက် ဘားမားကမ်ပိန်း ယူကေက တိုက်တွန်းတောင်းဆိုလိုက်ပါတယ်။

လွန်ခဲ့တဲ့တပတ်က ဗြိတိန်အခြေစိုက် Aon အာမခံကုမ္ပဏီဟာ စစ်အုပ်စုပိုင်ကုမ္ပဏီတခုနဲ့ လာဘ်ပေးလာဘ်ယူဆက်ဆံမှုရှိခဲ့တဲ့အတွက် စီးပွားရေးဆိုင်ရာပြစ်မှုကျူးလွန်သူအနေနဲ့ ပေါင်ငါးသန်းကျော် ဒဏ်ငွေဆောင်ရတဲ့အဖြစ်ပြီးတဲ့နောက်မှာ တခြားအာမခံကုမ္ပဏီတွေအနေနဲ့လည်း ဒီလိုလာဘ်ပေးလာဘ် ယူ ရှိ မရှိ စုံစမ်းစစ်ဆေးဘို့ တောင်းဆိုနေတာဖြစ်ပါတယ်။

နိုင်ငံတကာအကျင့်ပျက်ခြစားမှုစောင့်ကြည့်ရေးအဖွဲ့ရဲ့ လေ့လာမှုတွေအရ မြန်မာနိုင်ငံဟာ အဂတိလိုက်စားမှု အဆိုးရွားဆုံးနိုင်ငံတနိုင်ငံဖြစ်တဲ့အတွက် မြန်မာနိုင်ငံမှာစီးပွားရေးလုပ်နေတဲ့ ဗြိတိန်အာမခံကုမဏီတွေ လာဘ်ပေးလာဘ်ယူ လုပ် မလုပ် စုံစမ်းစစ်ဆေးဘို့လိုအပ်တဲ့အကြောင်း ဘားမားကမ်ပိန်းက ကြေညာပါတယ်။ ဗြိတိန်အခြေစိုက် လွိုက်ဒ်အာမခံကုမ္ပဏီရဲ့ အစုအဖွဲ့ဝင်တွေဖြစ်တဲ့ ကက်တလင်း၊ အာထရီယမ်၊ ကီလ်အန် အစရှိတဲ့ အာမခံကုမ္ပဏီတွေဟာ မြန်မာနိုင်ငံမှာစီးပွားရေးလုပ်ကိုင်နေကြပြီး သူတို့ဟာ စစ်အုပ်စုကိုလာဘ်ပေးနေတာ ရှိ မရှိ မေးခွန်းထုတ်တာဖြစ်တယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံမှာစီးပွားရေးလုပ်တဲ့အတွက် စစ်အုပ်စုကို ငွေကြေးထောက်ပံ့ရုံသာမက အဲဒီကုမ္ပဏီဟာ သန်းနဲ့ချီတဲ့ဒဏ်ငွေဆောင်ရမယ့်အန္တရာယ်ရှိနေတယ်ဆိုတာကို ဘားမားကမ်ပိန်းက ဖေါ်ပြထားပါတယ်၊ မြန်မာနိုင်ငံမှာအဂတိလိုက်စားမှုဟာ နိုင်ငံနဲ့အဝန်းဖြစ်ပေါ်နေတဲ့အတွက် မြန်မာနိုင်ငံမှာစီးပွားရေးလုပ်နေတဲ့ ဗြိတိန်အာမခံကုမ္ပဏီတွေ လာဘ်ပေးလာဘ်ယူလုပ်နေကြသလားဆိုတာကို စိုးရိမ်ပူပန်တဲ့အကြောင်း ဘားမားကမ်ပိန်းရဲ့ဒါရိုက်တာ အန်နာရောဘတ်ကပြောပါတယ်။

# ၂၀၀၈– ၂၀၀၉ စစ်အုပ်စုဘတ်ဂျက် ကျပ်ငွေဘီလီယံ ၇၀၀ ကျော် လိုငွေပြ

**NEJ ၊ ဂျန်နဝါရီ ၁၃ ။** ။ ၂၀၀၈–၂၀၀၉ ခုနှစ်အတွက် မြန်မာစစ်အုပ်စုဘတ်ဂျက်မှာ သုံးစွဲငွေများနေသည့်အတွက် ကျပ်ငွေ ဘီလီယံ ၇၀၀ ကျော်လိုငွေပြနေသည်ဟု နေပြည်တော်ဝန်ကြီးအဖွဲ့အစည်းအဝေးပွဲတွင် ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်က ဝန်ခံသွားပါတယ်။

၂၀၀၈–၂၀၀၉ ခုနှစ်အတွက် မြန်မာစစ်အုပ်စုဝင်ငွေမှာ ကျပ်ငွေ ဘီလီယံ ၄၈၂၄ ရှိသော်လည်း သုံးစွဲငွေမှာ ကျပ်ငွေ ၅၅၅၇.၈၆ ရှိသည့်အတွက် စုစုပေါင်းလိုငွေပြမှုမှာ ကျပ်ငွေ ဘီလီယံ ၇၀၀ ကျော်ရှိသည်ဟု ဝန်ကြီးအဖွဲ့အစည်းအဝေး အမှတ် ၃၈/၂၀၀၈ တွင် ဗိုလ်ချုပ်ကြီးသိန်းစိန်က ယခုကဲ့သို့ပြောသွားခြင်းဖြစ်သည်ဟု ဝန်ကြီးချုပ်ရုံးနှင့်နီးစပ်သည့်အသိုင်းအဝိုင်းကပြောပါတယ်။

မြန်မာစစ်အုပ်စု၏ ၂၀၀၈–၂၀၀၉ ခုနှစ်အတွက် လိုငွေပြမှုနှင့် ဂျီဒီပီ (စုစုပေါင်းအသားတင် ပြည်တွင်းထုတ်ကုန်တန်ဖိုး) အချိုးမှာ ၂.၈ ရာခိုင်နှုန်းရှိသည်ဟုလည်း အဆိုပါ (လူသိရှင်ကြားထုတ်ပြန်ခြင်းမပြုသည့်) ဝန်ကြီးအဖွဲ့အစီရင်ခံစာတွင် ဖော်ပြထားပါတယ်။ သို့သော် စစ်အုပ်စုထုတ်ပြန်သည့်ဂျီဒီပီတန်ဖိုးသည် အမှန်တကယ်ထက် အဆများစွာများနေသည့်အတွက် ဗိုလ်ချုပ်ကြီးသိန်းစိန်ပြောသည့်လိုငွေပြမှုနှင့် ဂျီဒီပီ (စုစုပေါင်းအသားတင် ပြည်တွင်းထုတ်ကုန်တန်ဖိုး) အချိုးကို အမှန်ဟုယူဆရန်ခက်ကြောင်း စီးပွားရေးပညာရှင်တဦးကပြောပါတယ်။

ဝန်ကြီးဌာနပေါင်းစုံ၏ ပိုသုံးသည့်ငွေပမာဏမှာ ကျပ်ငွေဘီလီယံ ၉၀၀ ကျော်ရှိပြီး စွမ်းအင်ဝန်ကြီးဌာန၊ လယ်ယာနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအား ၁ ဝန်ကြီးဌာန၊ စက်မှု ၁ ဝန်ကြီးဌာန ရထားပို့ဆောင်ရေးဝန်ကြီးဌာန စသည့် ငွေရှာပေးသည့်ဝန်ကြီးဌာနများက အများဆုံးပိုသုံးထားပါတယ်။

မြန်မာစစ်အုပ်စုသည် စီးပွားရေးဆိုင်ရာအချက်အလက်များကို တိုင်းပြည်သို့မထုတ်ပြန်ဘဲထားသည်မှာ နှစ်ပေါင်းအတော်ကြာပြီဖြစ်ပါတယ်။ စစ်အုပ်စုထုတ်ပြန်ခဲ့သည့် စီးပွားရေးကိန်းဂဏန်းများသည်လည်း ယုံကြည်လောက်သည့်အနေအထားမရှိကြောင်း ရန်ကုန်အနောက်ပိုင်းသံတမန်များက ယူဆပါတယ်။

တိုင်းပြည်၏ဘတ်ဂျက်လိုငွေပြမှုကို ဗဟိုဘဏ်မှ ကျပ်ငွေများရိုက်ထုတ်သည့်နည်းဖြင့် ဖြေရှင်းလေ့ရှိသည့်အတွက် ငွေဖောင်းပွမှုများပြီး မိုက်ခရိုစီးပွားရေးမတည်မငြိမ်ဖြစ်စေသည်ဟု အေဒီဘီ အာရှဖွံ့ဖြိုးရေးဘဏ်က ထောက်ပြပါတယ်။ စီးပွားရေးပြုပြင်မှုလုပ်ရာတွင် ပုဂ္ဂလိကကဏ္ဍမြှင့်တင်ရာ၌ ရင်းနှီးမြှုပ်နှံမှုအပိုင်းမှာလည်း စီးပွားရေးပေါ်လစီများ ရှေ့နောက်ညီရန်နှင့် ကြိုတင်တွက်ဆ၍ရသည့်စီးပွားရေးပေါ်လစီမျိုးများဖြင့် တိုးတက်အောင်လုပ်ရန်လိုသည်ဟု အေဒီဘီကအကြံပေးခဲ့ပါတယ်။

---

**စာမျက်နှာ ၈ မှ**

၁၉၉၇ ဥပဒေကိုအခြေခံပြီး ၂၀၀၇ ဥပဒေဖြစ်လာရတာပါ။ ၁၉၉၇ ရဲ့ အားနည်းချက်၊ ဟာကွက်တွေကို ၂၀၀၇ ဥပဒေမှာထပ်ဖြည့်ထားတာလောက်ပါဘဲ။ ထိုင်းနိုင်ငံမှာ အခြေခံဥပဒေရေးဆွဲခဲ့တာ ၁၉ ကြိမ်ရှိပါပြီ။ ၁၉ ကြိမ်စလုံး ဘုရင်စနစ်နဲ့ပတ်သက်လို့ ပြင်ဆင်ချက်များ လုံးဝမရှိခဲ့ဘူးပါဘူး။

ရွေးကောက်ပွဲနည်းအရ ဆီးနိတ်အမတ်အများစုဟာ မိမိတို့အရွေးခံမယ့်မဲဆန္ဒနယ်က အောက်လွှတ်တော်အမတ်တွေရဲ့မဲဆန္ဒရှင်တွေရဲ့မဲကို အားကိုးနေကြရပါတယ်။ ဒါကြောင့်မို့ အောက်လွှတ်တော်အမတ်တွေရဲ့ဩဇာကိုနာခံနေရလို့ ပြဿနာတွေပေါ်လာရတာကို ၁၉၉၇ အခြေခံဥပဒေအရ ကြုံခဲ့ကြရပြီးပါပြီ။ ဒါကြောင့် ၂၀၀၇ အခြေခံဥပဒေမှာ ဆီးနိတ်အမတ် ၁၅၀ ရှိတဲ့အထဲက ၇၄ ယောက်ကို ဆွဲခန့်ခန့်ရခြင်းဖြစ်ပါတယ်။ ဒီအချက်ကြောင့် ဖွတ်ကျားဒီမိုကရေစီဖြစ်ရရောလား။

၂၀၀၇ အခြေခံဥပဒေကို ထတ်စင်နဲ့အဖွဲ့ ပြင်ချင်လွန်းလို့ လက်ယားနေတဲ့ပုဒ်မတွေကတော့

(၁) နိုင်ငံခြားတိုင်းပြည်နဲ့ အရေးကြီးတဲ့စာချုပ်မျိုး (ဥပမာ F.T.A) ချုပ်မယ်ဆိုရင် လွှတ်တော်ရဲ့အတည်ပြုချက်ကိုအရင်ယူရမယ်ဆိုတဲ့ ပုဒ်မ ၁၉၀၊ ဒီပုဒ်မကိုပြင်မှ တိုင်းပြည်ရောင်းစားရလွယ်မယ်။

(၂) ဗဟိုအလုပ်အမှုဆောင်လူကြီး အနီကတ်ရရင် ပါတီဖျက်ရမယ်ဆိုတဲ့ ပုဒ်မ ၂၇၀၊ (ဒီပုဒ်မဟာ ၁၉၉၇ ဥပဒေမှာလည်းပါတယ်) ဒီပုဒ်မကိုပြင်မှ ထတ်စင်နဲ့အဖွဲ့ နိုင်ငံရေးချက်ချင်းပြန်လုပ်ခွင့်ရလာမယ်။

(၃) အာဏာသိမ်းကောင်စီကဖွဲ့စည်းခဲ့တဲ့အဖွဲ့အစည်းများဟာ ဥပဒေအရအတည်ဖြစ်တယ်ဆိုတဲ့ ပုဒ်မ ၃၉၀၊ ဒီပုဒ်မကိုပြင်လိုက်ရင် ထတ်စင်နဲ့အဖွဲ့ကို တရားဥပဒေအရ အရေးယူလို့မရတော့ဘူး။

အဓိကကတော့ ဒီ ၃ ခုပါဘဲ။

ကဲ ဘာဒီမိုကရေစီမျိုးနဲ့ပတ်သက်နေပါသလဲ။

ဒါမှမဟုတ် ဒီမိုကရေစီနဲ့ ဘာများပတ်သက်နေပါသလဲ။

---

**မောင်ပုညမှ**

အမေရိကန်ပြည်ထောင်စုရဲ့ ‘အိုင်အိုဝါ’ (Iowa) ကိုထောက်ပြထားတာလည်း ခင်ဗျားရဲ့ ကောင်းစေချင် တဲ့စေတနာတွေပါ”

“မစ္စတာလီဟန်ရှိခင်ဗျား၊ အခု ကမ္ဘာလုံးဆိုင်ရာစီးပွါးရေးကပ်ကတော့ အမေရိကန်၊ တရုတ်၊ ဂျပန်၊ ဗြိတိန်၊ ပြင်သစ်မှသာမဟုတ်ပါဘူး၊ အတော်လေး ပဲ ကျယ်ကျယ်ပြန့်ပြန့်ထိခိုက်ကြပါတယ်၊ အမေရိကန်ဆို ပထမအကြိမ် (wall street) ရှယ်ယာတန်းကို ဒေါ်လာဘီလီယံ သန်း ၇၀၀၊ ဒုတိယအကြိမ် ‘စီတီ ဘဏ်’ (Cities Bank) ကို ဒေါ်လာဘီလီယံ သန်းပေါင်း ၈၀၀ အသီးသီး ကျားကန်ပေးခဲ့ပါတယ်၊ အခုတလော IMF ကလုပ်ရတာမှာ ငွေစက္ကူအသစ်တွေ ထုတ်ပြီးရင်း ထုတ်ရတဲ့အလုပ်ပဲ ဖြစ်နေပါတော့တယ်၊ ဒီနေရာမှာ ခံသာတဲ့နိုင်ငံတွေကတော့ စိုက်ပျိုးရေးနိုင်ငံတွေရယ်၊ ဩစတြေးလျားလို လူဦးရေ သန်းနှစ်ဆယ် သုံးဆယ်လောက်သာရှိတော့ ခံသာတယ်ပေ့ါမစ္စတာလီ”

“ဒီနေရာမှာ ခင်ဗျားပြောသလိုပဲ တရုတ်ခေါင်းဆောင်တွေမှာ တခုတာဝန်ရှိတာက ရောမသန်းပေါင်း ၁၃၀၀ ရှိတဲ့နိုင်ငံကို စက်မှုလား၊ စိုက်ပျိုးလား၊ ဂျပန်နဲ့စင်္ကာပူလို ပွဲစားနိုင်ငံမျိုး တဝက်တပြက်ရွေးရမှာလားဖြစ်ပါတယ်၊ ခုတော့ ဘူမိဗေဒပညာရှင် ပါမောက္ခ ဂျိုရှူးဝါးမှုလ်ဒါဗင်ပြောသလို တရုတ်မှာ မူလကတည်းက လက်ရှိတောင်သူလယ်သမားဦးရေနဲ့ လယ်ယာမြေဟာ မလုံလောက်ဘူးတဲ့ဗျာ၊ လူသားတွေအတွက် မြေယာဟာ အဓိကမဟုတ်လား၊ ပင်လယ်ကွေ့နိုင်ငံတွေလို ရေနံနဲ့ ရေနဲ့လည်းကောင်း၊ မြေနဲ့လည်းကောင်း လဲလှယ်လို့လည်းမရပါဘူး၊ သတင်းတွေမှာရေးသားချက်အရ မြို့ပေါ်တက်လာတဲ့ တရုတ်အလုပ်သမားတွေဟာ လယ်ယာမြေတွေလည်းရောင်းပစ်ခဲ့တယ်လို့ ဆိုပါတယ်၊ ကမ္ဘာ့ဖွံ့ဖြိုးမှုအစမှာ မြေယာဟာ အဓိကပါပဲ၊ ပထဝီမနိုင်ရင် ဘာမှလုပ်လို့မရပါဘူးဆိုတဲ့စကားလည်းရှိပါတယ်၊ ဒါကြောင့် မြန်မာနဲ့တရုတ် ‘ဘယဆေးဆရာ’ တွေဟာ ‘ပထဝီ–တေဇော–ဝါရော–အာဘော’ ဆိုပြီး ဓါတ်ကြီးလေးပါးကိုဆုပ်ကိုင်ကြရတာပါမစ္စတာလီ၊ လူဆိုတာက ‘ဟန်’ နေပြီဆိုရင် ခေါင်းထောင်နေတတ်တာကိုး၊ ‘မဟန်ဘူး’ လည်းဆိုရော ခေါင်းကကျိုးသွားတတ်ကြတာကိုးဗျာ၊ ခုတော့ ကမ္ဘာမှာ ပထမဆုံးစတင်ခေါင်းကျိုးသူက ‘တိုနီဘလဲ’၊ ပြီးတော့ ပါကစ္စတန်က ‘မူရှာရဖ်’၊ သမတသက်တမ်းကုန်ခါနီးခါမှ မှားကြောင်းဝန်ခံသွားတဲ့ ‘ဂျော့ချ်ဘုရှ်’၊ အဲ နောက်ဆုံးကတော့ ခေါင်းတွေကျိုးကျသွားတဲ့ တရုတ်ခေါင်းဆောင် ‘ဟူ’ နဲ့ ‘ဝမ်’ တို့ပေ့ါ မစ္စတာလီ”

“လောလောဆယ်ကတော့ မြို့ပေါ်ရောက်နေတဲ့ ‘ထွေးညို’ နဲ့ ‘စာဥ’ တို့ ရွာကိုပြန်ပြီပေ့ါလေ”

# ရန်ကုန်ဒီပီအေသတင်းထောက်အမှု စတင်စစ်နေပြီဟု ဂျာမနီဒီပီအေဌာနချုပ်မှ အကြောင်းပြန်

**NEJ ၊ ဂျန်နဝါရီ ၁၃ ။** ။ အန်အဲလ်ဒီနှင့်ဦးဝင်းတင်အား သိက္ခာကျစေမည့် သတင်းရေးသားခဲ့သည့် ရန်ကုန်ဒီပီအေသတင်းထောက် ကိုကို (စက်မှု တက္ကသိုလ်) အားအရေးယူပေးရန် နိုင်ငံတကာအတိုက်အခံများက ဒီပီအေသတင်းဌာနအားဖိအားပေးခဲ့ပြီး မကြာခင် ထိုအမှုစတင်စစ်ဆေးနေပြီဖြစ် ကြောင်း ဒီပီအေဦးဆောင်အယ်ဒီတာချုပ်က မြန်မာအတိုက်အခံများအား အကြောင်းပြန်ထားသည်ဟု စုံစမ်းသိရှိရပါတယ်။

ရန်ကုန်မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းသို့တိုင်ကြားခဲ့သည့် ဦးဝင်းတင်၏အင်္ဂလိပ်ဘာသာပြန်စာကိုလည်း လက်ခံရရှိကြောင်း ဂျာမနီနိုင်ငံ ဘာလင်အခြေစိုက် ဒီပီအေသတင်းဌာနရုံးချုပ်မှ ဒီပီအေဦးဆောင်အယ်ဒီတာချုပ် Eva-Maria McCormack က အတည်ပြု အကြောင်းပြန်ကြားခဲ့ခြင်းဖြစ်ပါတယ်။

ထို့ပြင် ဦးဝင်းတင်၏တိုင်ကြားစာပါ ဒီပီအေသတင်းနှင့်ပတ်သက်ပြီး ဌာနဆိုင်ရာစုံစမ်းစစ်ဆေးမှုများ စတင်လုပ်နေကြောင်း၊ ဒီပီအေသတင်းထောက် ကိုကို (စက်မှုတက္ကသိုလ်) ရေးသားခဲ့သည့် သတင်းပါပုဂ္ဂိုလ်အားလုံးကို မေးမြန်းစုံစမ်းသွားမည်ဖြစ်ကြောင်းနှင့် မမှန်မကန်သတင်းပို့ခဲ့ကြောင်းထင်ရှားပါက အရေးယူမည်ဖြစ်ကြောင်း ဖော်ပြထားပါတယ်။

ဒီပီအေသတင်းထောက် ကိုကို (စက်မှုတက္ကသိုလ်) အား အရေးယူနိုင်ခဲ့ပါက နိုင်ငံခြားသတင်းထောက်များကို မိမိတို့ဝါဒဖြန့်ကိစ္စအတွက်အသုံးချ သည့် မြန်မာစစ်အုပ်စုအတွက် သင်ခန်းစာကောင်းတခုဖြစ်လာနိုင်သည်ဟု ရန်ကုန်စာနယ်ဇင်းအသိုင်းအဝိုင်းက မျှော်လင့်နေပါတယ်။

အန်အဲလ်ဒီပါတီအနေဖြင့် ရွေးကောက်ပွဲဝင်လိုသည့်အပိုင်းနှင့် ရွေးကောက်ပွဲမဝင်လိုသည့်အပိုင်း ၂ ပိုင်းကွဲနေကြောင်း၊ အန်အဲလ်ဒီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်ကိုကိုးကား၍ ရန်ကုန်ဒီပီအေ Deutsche Presse Agentur နိုင်ငံခြားသတင်းထောက်ရေးသားခဲ့သည့်သတင်း မှားယွင်းနေကြောင်းဖော်ပြထားသည့်စာတစောင်ကို ဦးဝင်းတင်က ရန်ကုန်မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းသို့ ဒီဇင်ဘာ ၁၀ ရက်နေ့စွဲဖြင့် ပေးပို့ထားပါတယ်။

နိုဝင်ဘာ ၃၀ ရက်နေ့စွဲဖြင့်ထုတ်ပြန်ခဲ့သည့် ဒီပီအေသတင်း၌ အထက်ပါအတိုင်းဖော်ပြခဲ့ခြင်းဖြစ်ပြီး လိမ်လည်လုပ်ကြံရေးသားသည့် သတင်းများ အတွက် အရေးယူပေးရန် ရန်ကုန်မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ အသင်းအတွင်းရေးမှူးသို့ လိပ်မူပြီး အန်အဲလ်ဒီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်က ရေးသားပေးပို့ထားခြင်းဖြစ်ပါတယ်။

Voice of Burma


1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
voburma@ac.auone-net.jp


၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

AIR MAIL

**To**

**PRINTED MATTER**